



# ဗျိုင်းအောက်

ဒေါက်တာသိန်းအောင်၊ ဥက္ကဋ္ဌ၊ မြန်မာငှက်နှင့် သဘာဝထိန်းသိမ်းရေးအသင်း









ဗျိုင်းအောက်သည် ဂင်တိုတို တုတ်ခိုင်ပြီး၊ လည် တိုင်တို၊ နှုတ်သီး တိုတုတ်သည့် ရေငှက်မျိုးဖြစ်သည်။ အဝါနု သို့မဟုတ် ညိုမည်းရောင်ဖြစ်သည်။ လည်တိုင် ရှေ့ပိုင်းနှင့်ရင်ပိုင်းသည် စင်းကြောင်းများပါရှိသည်။ နွေကာလ အရွယ်ရောက် ဗျိုင်းအောက်တို့၏ လည်တိုင်မွေးတို့သည် ရှည်သည်။ ဗျိုင်းအောက်တို့ ပျံသည့်အခါ တောက်ပသည့် အဖြူရောင် တောင်ပံကြောင့် အဖြူရောင်ငှက်အဖြစ် မြင်တွေ့ရ၍ ပျံဖြူနားမည်းငှက်ဟုလည်း ခေါ်ဝေါ်ကြသည်။ ဗျိုင်းအောက်ကို ဗျိုင်းညိုဟုလည်း ခေါ်ကြသည်။

ဗျိုင်းအောက်တို့သည် သေးငယ်သည့် ကန်အနီး အင်းဆက်၊ ငါး၊ ကုန်းနေ ရေနေ သတ္တဝါများ ဖမ်းယူစား ကြသည်။ ကန်အနီးအတွေ့များ၍ အင်္ဂလိပ်အမည် Pond Heron ဟုခေါ်ဝေါ်သည်။

စာမျက်နှာ - ၄၈ သို့

သစ်တောကြေးမုံ

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ






"မွန်ထရီယယ်သဘောတူစာချုပ်ရည်မှန်းချက်အောင်မြင်ဖို့-
စွမ်းအင်ချွေတာ အအေးပေးစနစ်ဖြင့် ကျွန်ုပ်တို့အစားအစာနှင့်ဆေးဝါးများကို
ထိန်းသိမ်းကြစို့"

''Montreal Protocol:
Keeping us, our Food and Vaccines cool''







၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၁၆)ရက်နေ့ အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာထိန်းသိမ်းရေးနေ့အား ဂုဏ်ပြုဖော်ပြလိုက်ပါသည်။

## မာတိကာ

**မျက်နှာဖုံး**
- ၂၀၂၁ခုနှစ်၊စက်တင်ဘာလ(၁၆)ရက်နေ့ အပြည်ပြည် ဆိုင်ရာအိုဇုန်းလွှာထိန်းသိမ်းရေးနေ့ — မျက်နှာဖုံး

**ခေါင်းကြီး**
- အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာထိန်းသိမ်းရေးနေ့ — ၁

**သတင်းများကဏ္ဍ**
- သစ်တောသတင်းများ၊ တရားမဝင်သစ်နှင့် သစ်တော ထွက်ပစ္စည်းများဖမ်းဆီးရမိခြင်းသတင်းများ — ၂-၄

**ဘာသာရပ်ဆိုင်ရာကဏ္ဍ**
- နာမည်နောက်ကွယ်က အနက်- **မိုးထိ** — ၁၃-၁၅
- မဏိသြဃပင် - **ဦးဟုတ်လင်း** — ၂၀-၂၁၊၃၂
- သဘာဝတောများစီမံအုပ်ချုပ်မှုဆိုင်ရာ နည်းပညာ **-ရန်မျိုးနိုင်၊ ဦးစီးအရာရှိ** — ၂၂-၂၄
- ရေဝေရေလဲဒေသဝန်ဆောင်မှုများအပေါ် အခကြေး ငွေပေးဆောင်ခြင်း(၂) - **တိုးအောင်** — ၂၅-၂၈

**သစ်တောလုပ်ငန်းများကဏ္ဍ**
- သစ်ပင်ကျန်းမာရေး - **ဒေါ်ဝေဝေသန်း** — ၅ ၊၉
- ကုလားကံကောင်းတယ် - **ရောင်နီ၊သစ်တော** — ၆-၉
- အစုအဖွဲ့ပိုင်သစ်တောအကြောင်း သိကောင်းစရာ - **CF Unit** — ၁၆-၁၉
- သစ်တောလုပ်ငန်းဆိုင်ရာဆွေးနွေးချက်များ(၆)- **တိုးချဲ့** — ၂၉-၃၂
- ရဲရမန်းကြိုးဝိုင်းသွား တောလား- **ချစ်ဦး (ဧ၂)** — ၃၇-၃၈
- သစ်တောမှုအရေးယူဆောင်ရွက်ရာဝယ်(၂)- **အညတရ** — ၃၉-၄၃

**ရသကဏ္ဍ**
- ဆယ်လမွန်ငါးတို့ အိမ်ပြန်ချိန် - **ဦးဇော်ဦး၊ ညွှန်ကြားရေးမှူး(ငြိမ်း)** — ၁၀-၁၂

**ဘာသာပြန် ကဏ္ဍ**
- မှန်လုံအိမ်အာနိသင်ဓာတ်ငွေ့အားလုံး၏ ၁၀ရာခိုင်နှုန်း သည် စွန့်ပစ်အစားအသောက်များမှ ထွက်လာခြင်းဖြစ် - **တိုးချဲ့** — ၃၃-၃၄
- သစ်တောထိန်းသိမ်းကာကွယ်ခြင်းအတွက် ငွေရရှိ သည့် ပထမဆုံးအာဖရိကနိုင်ငံဖြစ်လာသော ဂါဘွန် နိုင်ငံ - **တိုးချဲ့** — ၃၅-၃၆

**ကဗျာ/ကာတွန်းကဏ္ဍ**
- ဘာကြောင့်စိုက်လဲ (ကဗျာ) - **တင်သောင်း (တောအုပ်)** — ၄၉
- ကာတွန်း - **အော်ပီကျယ်** — ၄၆

**အင်္ဂလိပ်ကဏ္ဍ**
- Community- Based Natural Resource Management - **U Sein Thet** — ၄၄-၄၆

**ဇီဝမျိုးစုံမျိုးကွဲကဏ္ဍ**
- သဘာဝဝန်းကျင်နှင့်သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေး ဌာနမှ နိုင်ငံတကာအကူအညီဖြင့် ဆောင်ရွက်လျက် ရှိသော စီမံကိန်းများ၏ရည်ရွယ်ချက်နှင့် လုပ်ငန်း မျှော်မှန်းရလဒ်များ - **ဝန်းကျင်/သားငှက်** — ၄၇

**-နောက်ကျောဖုံး**
- ဗျိုင်းအောက်- **ဒေါက်တာသိန်းအောင်** — ၄၈-၄၉ နောက်ကျောဖုံး

**စာတည်းမှူးချုပ်နှင့် ထုတ်ဝေသူ**

ညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာန
ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် - (မြ-၀၀၄၀၀)

**စာတည်း**

ဦးမောင်မောင်အေး -၃ - လက်ထောက်ညွှန်ကြားရေးမှူး

**စာတည်းအဖွဲ့ဝင်များ**

ဦးအောင်ကျော်ဦး — လက်ထောက်ညွှန်ကြားရေးမှူး
ဒေါ်မေဇင်မြင့် — ဦးစီးအရာရှိ (English Editor)

**ပုံနှိပ်သူ**

ဦးရဲလွင်ဌေး(မြ-၀၁၁၅၅)
ပေါ်ပြူလာမိသားစုပုံနှိပ်တိုက်
(ပ-၁၈၃)၊ ပွဲရုံတန်း၊ မြို့မဈေး၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

**ဆက်သွယ်ရန်** - ၀၆၇-၃၄၀၅၃၉၄
extension@forest.gov.mm

သည် ညိုဝါနုဖျော့ဖျော့မှ အဖြူခရင်အရောင်ဖြစ်သည်။ ဦးခေါင်းမှ အဖြူရောင် အမွေးရှည်ထွက်နေသည်။ ရင်ပိုင်းသည် နီညိုရင့်ရောင်ဖြစ်ပြီး၊ ဂုတ်ပိုင်းနှင့် လက်ပြင်သည် အမည်းရောင် ဖြစ်သည်။ ရေဝပ်ဒေသအမျိုးမျိုးနှင့် မြေနိမ့်ပိုင်း ကမ်းရိုးတန်းဒေသများတွင် ကျက်စားသည်။ ဂျာဗား၊ ဘာလီ၊ ဘော်နီယို အရှေ့တောင်၊ ဖိလီပိုင်(မင်ဒါနအို) တို့တွင်ကျက်စားသည်။ အရှေ့တောင်အာရှ ရေချို ရေတိမ်ပိုင်းနှင့် ဆားငန်ရေဝပ်ဒေသများတွင် ကျက်စားသည်။ ထိုင်းနိုင်ငံအလယ်ပိုင်း၊ ကမ္ဘောဒီးယား၊ ကိုချင်ချိုင်းနားတွင်ကျက်စားသည်။ အင်းဆက်၊ ငါး၊ ကဏန်းများ စားသည်။ တစ်ကြိမ်လျှင် ဥ (၃-၅) လုံးအုသည်။

နိုင်ငံတကာ သဘာဝထိန်းသိမ်းရေးအဖွဲ့ (International Union for Conservation of Nature-IUCN) ၏ (Red list) အရ (Malagasy Pond Heron Ardeola idea) မျိုးစိတ်ကို မျိုးသုဉ်းမှု အန္တရာယ်ရှိ (Endangered-EN) အဖြစ်သတ်မှတ်ပြီး၊ ကျန်ဗျိုင်းအောက်မျိုးစိတ် (Pond Heron) အားလုံးကို မျိုးသုဉ်းမှု အန္တရာယ် ကျရောက်မှုနည်းသော (Least Concern-LC) မျိုးစိတ် အဖြစ်သတ်မှတ်ထားသည်။ မြန်မာနိုင်ငံတွင်ကျက်စားသည့် ဗျိုင်းအောက်(၃)မျိုးကို ပြဋ္ဌာန်းထားသည့် ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း မျိုးသုဉ်းမည့်အန္တရာယ်မှ ကာကွယ်ရမည့်တောရိုင်းတိရစ္ဆာန်များစာရင်းအရ သာမန်ကာကွယ်ထားသည့်တိရစ္ဆာန် (Protected Animal) ငှက်မျိုးစိတ် စာရင်းတွင် သတ်မှတ်ထိန်းသိမ်းထားသည်။

မြန်မာနိုင်ငံတွင် ဗျိုင်းအောက်တို့ကို ရေဝပ်ဒေသများနှင့် ဆက်စပ်သည့် စားကျက်မြေများတွင် တွေ့မြင်သူများကြသည်။ ဗျိုင်းအောက် (၃)မျိုးသည် မိတ်လိုက်ရာသီ မဟုတ်ချိန်တွင် အမွေးအရောင် ဆင်တူခြင်းကြောင့် အမျိုးခွဲရန် ခက်ခဲသည်။ မိတ်လိုက်ရာသီတွင် ကွဲပြားသည့် မိတ်လိုက်သားပေါက် အမွေးအရောင်များပြောင်းလဲလာခြင်းကြောင့် မျိုးစိတ်ခွဲခြားနိုင်သည်။ ဗျိုင်းအောက်တို့၏ အစာမှာ ခွံမာ ရေသတ္တဝါများ၊ အင်းဆက်၊ ငါး၊ ဖားတစ်ပိုင်းငါးတစ်ပိုင်း၊ ကုန်းနေ ရေနေနှင့် ကျောရိုးမဲ့ သတ္တဝါများ ဖြစ်သည်။ ဗျိုင်းအောက်တို့သည် ရေဝပ်ဒေသ စားကျက်မြေတွင် ရေနေ သတ္တဝါများကို ရှာဖွေစားခြင်းဖြင့် သဘာဝ ရေဝပ်ဒေသ ဂေဟကွန်ရက်စနစ် natural wetlands eco-network တွင် သဘာဝ ဂေဟစနစ်ဝန်ဆောင်မှုအကျိုးကို ပါဝင်ကူညီ ဖြည့်ဆည်းသည့် ရေငှက်တစ်မျိုးဖြစ်ပါကြောင်း ရေးသားလိုက်ပါသည်။

**ဇီဝမျိုးစုံ ကြွယ်ဝစေဖို့**
**သဘာဝတောတွေ ထိန်းသိမ်းစို့။**

## ဘာကြောင့်စိုက်လဲ

❖ စိတ်ကူးချိုချို
ရနံ့ပို၍
မိုးသားတိမ်လိပ်
တစ်ရိပ်ရိပ်တက်
ဝသန်မိုးဦး
ရှာသွန်းခါလေ
ဂေဟာဆက်ရေး
သစ်ပင်လေးတွေ
ကိုယ်စီစိုက်ကြ
သဘာဝကို
ထိန်းသိမ်းနေသည်။

❖ သစ်ပင်စိုက်ပွဲ
နှစ်စဉ်နှဲ၍
သစ်မျိုးစုံစိုက်
ဂေဟာမပျက်
သာယာဝေစည်
အေးမြစေသည်
တောလည်းမပျက်
တောင်လည်းရိပ်ညို
ကွန်းခိုရာလို
ရှိစေ့မည်
လုပ်ဆောင်နေသည်
လုပ်ငန်းအလီလီ
တာဝန်ကိုယ်စီရှိကြသည်။

တင်သောင်း(တောအုပ်)
စီမံကိန်းနှင့် စာရင်းအင်းဌာန

## နောက်ကျောဖုံးမှ အဆက်



လူတို့နေထိုင်သည့် ပတ်ဝန်းကျင်ဒေသတွင် နေထိုင်ကျက်စားကြသည်။ ပေါများပြီး အတွေ့များသည့် ငှက်မျိုးဖြစ်သည်။ ဗျိုင်းအောက်တို့၏ အသွေးအရောင်သည် ကျက်စားသည့် စားကျက်ဒေသပတ်ဝန်းကျင်နှင့် ရောထွေးသည့်အသွင်ကြောင့် အလွယ်တကူမတွေ့နိုင်ပေ။ အနားရောက်မှ ထပျံတတ်သည်။ ဗျိုင်းအောက်တို့သည် ရွှံ့ညွန်စားကျက်ဒေသတွင် မိတ်လိုက်သားပေါက်ကြသည်။ အခြားသောရေငှက်များနှင့် ရောနှောကာ အကောင်ဦးရေနည်းသည့်အုပ်စုဖွဲ့ အသိုက်လုပ်ကြသည်။

ကမ္ဘာပေါ်တွင် မျိုးစု (Ardeola) အောက်တွင် ဗျိုင်းအောက်မျိုးစိတ် Pond Heron species (၆) မျိုး ရှိသည်၊ (Indian Pond Heron *Areola grayii*), (Squacco Heron *Ardeola ralloides*), (Chinese Pond Heron *Ardeola bacchus*), (Janan Pond Heron *Ardeola speciosa*), (Malagasy Pond Heron *Ardeola idea*), (Rufous-bellied Heron *Ardeola rufiventris*) ဖြစ်သည်။

မြန်မာနိုင်ငံတွင် အိန္ဒိယဗျိုင်းအောက် (ခ) ဗျိုင်းအောက်ကျောညို (Indian Pond Heron *Ardeola grayii*)၊ တရုတ်ဗျိုင်းအောက် (ခ) ဗျိုင်းအောက်ခေါင်းညို (Chinese Pond Heron *Ardeola bacchus*)၊ ဂျာဗား ဗျိုင်းအောက် (ခ) ဗျိုင်းအောက်ကျောမည်း (Javan Pond Heron *Ardella speciosa*) တို့ ကျက်စားသည်။ ဗျိုင်းအောက် (၃) မျိုးလုံးသည် မိတ်လိုက်သားပေါက်ရာသီမဟုတ်သည့် ကာလတွင် အမွေးအတောင်ဆင်တူပြီး၊ ခွဲရန်ခက်ခဲသည်။ မိတ်လိုက်သားပေါက်ကာလတွင် အမွေးအရောင်ပြောင်းခြင်းဖြင့် ခွဲခြားနိုင်သည်။

ကျန်ဗျိုင်းအောက် (၃) မျိုးဖြစ်သည့် Squacco Heron သည် ဥရောပတောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတွင် လည်းကောင်း၊ Malagasy Pond Heron သည် အာဖရိကအရှေ့ပိုင်း ကင်ညာ၊ တန်ဇန်းနီးယား၊ ယူဂန်ဒါ၊ ရဝမ်ဒါ၊ ဇမ်ဘီယာနှင့် မဒတ်ဂတ်စကားကျွန်းတွင် လည်းကောင်း၊ Rufous-bellied Heron သည် အာဖရိက ဆာဟာရအရှေ့၊ အလယ်နှင့်တောင်ပိုင်းတွင်လည်းကောင်း ကျက်စားသည်။

အိန္ဒိယဗျိုင်းအောက် (ဗျိုင်းကျောညို)သည် ခန္ဓာကိုယ်သေးငယ်သည့် ဗျိုင်းအောက် ဖြစ်သည်။ အထီးအမ အမွေးအရောင်တူသည်။ မိတ်လိုက်ရာသီမဟုတ်ချိန်တွင် အမွေးအရောင်မှာ အခြားသော ဗျိုင်းအောက်များနှင့် ဆင်တူသည်။ မိတ်လိုက်ရာသီတွင် သိသိသာသာအသွေးအရောင် ကွဲပြားသည်။ ဦးခေါင်း၊ လည်တိုင်နှင့် ရင်ပိုင်းသည် ညိုဝါနုရောင်ဖြစ်ပြီး၊ ဦးခေါင်းမှ အဖြူရောင်အမွေးရှည်ထွက်နေသည်။ စလုတ်ပိုင်းသည် ဖြူသည်။ ပခုံးအပေါ်အုပ်နှင့် လက်ပြင်ပိုင်းသည် ကြက်သွေးညိုရောင်ရင့်ရင့်ဖြစ်သည်။ အပေါ်တောင်ပံဖုံးသည် အဝါနုရောင် ဖြစ်သည်။ အီရန်၊ အာဖကန်နစ္စတန်၊ အိန္ဒိယတိုက်ငယ်တွင် ကျက်စားသည်။ အရှေ့တောင်အာရှဒေသတွင် မြန်မာ၌ ဌာနေငှက်အဖြစ် ပျံ့နှံ့ကျက်စားသည်။ ထိုင်းနိုင်ငံ တောင်ပိုင်း၊ အလယ်ပိုင်းနှင့် အနောက်ပိုင်း (ကမ်းရိုးတန်းဒေသ)နှင့် မလေးကျွန်းဆွယ် အနောက်မြောက်ဖက်တွင် ရှားပါးစွာ ဆောင်းခိုကျက်စားသည်။ မြေပြင် (သို့) ရေပြင်အထက် (၂-၄) မီတာအမြင့် သစ်ပင်ပေါ်၌ အသိုက်လုပ်သည်။ တစ်ကြိမ်လျှင် ဥ(၃-၅) လုံးအုသည်။

တရုတ် ဗျိုင်းအောက် (ခ) ဗျိုင်းအောက် ခေါင်းညိုသည် အရှေ့အာရှ ရေချိုဒေသတွင် ကျက်စားသည့် ငှက်မျိုးဖြစ်သည်။ အထီးနှင့် အမအမွေးအရောင် တူညီသည်။ ဦးခေါင်း၊ လည်တိုင်နှင့်ရင်ပိုင်းသည် အဝါနုရောင်တွင် အညိုရင့်ရောင်စင်းလိုင်းကြီးများပါရှိသည်။ ပခုံးအပေါ်အုပ်၊ လက်ပြင်ပိုင်းသည် သံလွင်ညိုရင့်ရင့်ဖြစ်သည်။ ကျန်အမွေးအရောင်မှာ အဖြူဖြစ်သည်။ နှုတ်သီးဝါပြီး နှုတ်သီးထိပ်သည်အမည်းရောင်ဖြစ်သည်။ ခြေထောက်နှင့် ခြေချောင်းများသည် စိမ်းဝါမှအဝါရောင် ဖြစ်သည်။ ယေဘုယျအရောင်မှာ အနီဖြစ်သည်။ မိတ်လိုက်ရာသီကာလတွင် ဦးခေါင်း၊ လည်တိုင်နှင့် ရင်ပိုင်းသည် နီညို ကြက်သွေးရောင်ဖြစ်ပြီး ပခုံးအပေါ်အုပ်၊ လက်ပြင်ပိုင်းသည် သင်ပုန်းမည်းရောင်ဖြစ်သည်။ ရေချိုရေဝပ်ဒေသအမျိုးမျိုးနှင့် လမုလမဲ့တော၊ ဒီရေအတက်အကျရှိသော ကန်များတွင် ကျက်စားသည်။ အရှေ့တောင်အာရှ၌ တံကင်း အရှေ့၊ လာအိုမြောက်ပိုင်း၊ မြန်မာနိုင်ငံ (အနောက်တောင်မှ အပ) တွင် ကျက်စားသည်။ သစ်ပင်ပေါ်၌ အသိုက်လုပ်သည်။ တစ်ကြိမ်လျှင် ဥ (၃-၆)လုံး အုသည်။

ဂျာဗားဗျိုင်းအောက် (ခ) ဗျိုင်းအောက်ကျောမည်းသည် အထီးအမ အမွေးအရောင်တူသည်။ မိတ်လိုက်ရာသီမဟုတ်ချိန်တွင် အခြားသော ဗျိုင်းအောက်များနှင့် ဆင်တူသည်။ မိတ်လိုက်ရာသီတွင် ဦးခေါင်းနှင့် လည်တိုင်





## အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာထိန်းသိမ်းရေးနေ့

အိုဇုန်းလွှာသည် နေမှကျရောက်သည့် အလွန်ဘေးအန္တရာယ်ရှိသော ခရမ်းလွန်ရောင်ခြည်လှိုင်းများကို ကာကွယ်ပေးထားသည့်အတွက် ကမ္ဘာပေါ်ရှိ သက်ရှိအားလုံးအတွက် အလွန်အရေးပါလှပါသည်။ အိုဇုန်းသည် ဓာတုဗေဒဖွဲ့စည်းပုံအရ အောက်စီဂျင်အက်တမ်(၃)လုံး ပေါင်းထားသည့် ဓာတ်ငွေ့ဖြစ်ပါသည်။ ကမ္ဘာမြေပြင်အထက် ၂၀-၃၀ ကီလိုမီတာအတွင်း အိုဇုန်းလွှာတည်ရှိပါသည်။

လေလွှာထုသည် အမြင့်မိုင်၁၅၀ခန့်ရှိပြီး မိုင်၂၀ခန့်သာလျှင်ထူထဲသည်။ လေထုလွှာထဲတွင် ဓာတ်ငွေ့များရှိနေပြီး အဓိကမှာ နိုက်ထရိုဂျင် ၈၀ ရာခိုင်နှုန်း၊ အောက်စီဂျင်နှင့် အခြားဓာတ်ငွေ့များ ၂၀ ရာခိုင်နှုန်းခန့်ပါဝင်ပါသည်။ နေမှထွက်သောရောင်ခြည် သန်း ၂,၀၀၀ ပုံသုံပုံသာကမ္ဘာမြေပေါ်သို့ တစ်စက္ကန့်လျှင် ၁၈၆,၀၀၀ မိုင်နှုန်းဖြင့် ရောက်ရှိသည်။ ထိုရောင်ခြည်တို့တွင် UV Rays ခေါ် ခရမ်းလွန်ရောင်ခြည်များပါဝင်ပြီး လူသားတို့၏ အရေပြားကို ထိခိုက်ပျက်စီးစေနိုင်သည်။ ယင်း UV Rays တို့ကိုလေထုထဲရှိ အိုဇုန်းအလွှာက စုပ်ယူထားပြီးအကာအကွယ်ပေးသည်။

ကမ္ဘာ့လေထုအတွင်းရှိ မှန်လုံအိမ်ဓာတ်ငွေ့များသည် ကမ္ဘာ့လေထုအတွင်း ပါဝင်မှုတိုးမြင့်လာခြင်းကြောင့် ကမ္ဘာကြီးအပူချိန်မြင့်တက်လာပြီး ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်စေပါသည်။ Waste Management စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအားနည်းခြင်းကြောင့် ရေ၊လေ၊မြေထုများယိုယွင်းပျက်စီးလာခဲ့ရပါသည်။ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု အမျိုးအစားများတွင် ရေနံသုံးစွဲခြင်း (၃၁%)၊ သစ်တောပြုန်းတီးခြင်း (၂၅%)၊ ကျောက်မီးသွေးသုံးစွဲခြင်း (၂၆%)၊ သဘာဝဓာတ်ငွေ့သုံးစွဲခြင်း (၁၅%)၊ အခြားသုံးစွဲခြင်း (၃%) ဖြစ်ပါသည်။

အိုဇုန်းလွှာပျက်စီးစေသည့် ဓာတုပစ္စည်းများမှာ Chlorofluaro carbon CFC (ရေခဲသေတ္တာ၊ လေအေးပေးစက်၊ မှုတ်ဆေးဗူးပြန်သော)၊ Hydrochlorofluoro carbon (လေအေးစက်၊ အအေးခန်း)၊ Carbon tetrachloride (သတ္တု ပစ္စည်း သန့်စင်)၊ Methyl chloroform ၊ Halon (မီးသတ်ဆေးဗူး)၊ Methyl bromide (ပိုးသတ်ဆေး)တို့ ဖြစ်ပါသည်။ အိုဇုန်းလွှာပျက်စီးမှုကြောင့် အရေပြားကင်ဆာ၊ မျက်စိတိမ်၊ ခုခံအားကျဆင်းမှု၊ သီးနှံအထွက်ကျဆင်းမှု၊ အဏ္ဏဝါဂေဟစနစ်ပျက်စီးမှုနှင့် ရုပ်ဝတ္ထုပစ္စည်းများ ယိုယွင်းမှုတို့ကို ဖြစ်စေသည်။

အိုဇုန်းလွှာကာကွယ်ရေးနှင့် ပတ်သက်၍ ၁၉၈၇ခုနှစ် စက်တင်ဘာလ (၁၆)ရက်နေ့တွင် အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီယယ်နောက်ဆက်တွဲစာချုပ်ကို ဂုဏ်ပြုသည့်အနေဖြင့် ကုလသမဂ္ဂ အထွေထွေညီလာခံက စက်တင်ဘာလ (၁၆)ရက်နေ့ကို အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။ မြန်မာနိုင်ငံသည် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီယယ်နောက်ဆက်တွဲစာချုပ်နှင့် လန်ဒန်ပြင်ဆင်ချက်တို့တွင် ၁၉၉၃ခုနှစ်၊ နိုဝင်ဘာလ (၂၄)ရက်နေ့တွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ကိုပင်ဟေဂင်ပြင်ဆင်ချက်ကို ၂၀၀၉ခုနှစ် မေလ(၂၂)ရက်နေ့တွင်လည်းကောင်း၊ မွန်ထရီယယ်ပြင်ဆင်ချက်နှင့်ပေကျင်းပြင်ဆင်ချက်များကို ၂၀၁၂ခုနှစ် နိုဝင်ဘာလ (၃၀)ရက်နေ့တွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း ဝင်ရောက်ခဲ့သည်။ မြန်မာနိုင်ငံသည်လည်း အိုဇုန်းလွှာကာကွယ်ရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်မှာ **"Montreal Protocol:keeping us, our Food and Vaccines cool"** 'မွန်ထရီယယ် သဘောတူစာချုပ်ရည်မှန်းချက်အောင်မြင်ဖို့ - စွမ်းအင်ချွေတာ အအေးပေးစနစ်ဖြင့် ကျွန်ုပ်တို့အစားအစာနှင့် ဆေးဝါးများကို ထိန်းသိမ်းကြစို့' ဖြစ်သည်။ ဤဆောင်ပုဒ်နှင့်အညီ ကမ္ဘာ့လေထုအတွင်း အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများကင်းဝေးစေရန်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို အာမခံသည့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပေသည်။ သို့ဖြစ်ပါ၍ အိုဇုန်းလွှာကိုပျက်စီးစေသော ဓာတ်ပစ္စည်းများပါဝင်ထုတ်လွှတ်နိုင်သောပစ္စည်းများကို စနစ်တကျသုံးစွဲခြင်း၊ လျှော့ချခြင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းပျက်စီးစေသည့် အလေ့အထများကို စွန့်လွှတ်ပြုပြင်ခြင်းတို့ဖြင့် လက်တွဲညီညီဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

FOREST

### သစ်တောမူဝါဒ

မြန်မာနိုင်ငံသစ်တောကဏ္ဍကို အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝဝန်းကျင်ထာဝစဉ်တည်ငြိမ်ရေးနှင့် ဂေဟစနစ်များမျှတရေးတို့အတွက် ဦးတည်၍ မူဝါဒများချမှတ်ပြီး စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိပါသည်။ ၁၉၉၅ ခုနှစ် မြန်မာ့သစ်တော မူဝါဒသဘောထား ကြေညာချက်တွင် အမျိုးသားရည်မှန်းချက်ပန်းတိုင်များအား ပြည့်မီစွာဖော်ဆောင်နိုင်ရန်အတွက် ပဓာနကျသောအချက်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(၁) **ကာကွယ်ခြင်း**
ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရမည်။

(၂) **ထာဝစဉ်တည်တံ့စေခြင်း**
သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန်၊ သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။

(၃) **အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း**
ပြည်သူလူထုအတွက် လောင်စာ၊ နေအိမ်၊ အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှုအစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးရမည်။

(၄) **စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း**
သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေးအကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချရန် စီမံရမည်။

(၅) **ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း**
သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန်ဆောင်ရွက်သွားရမည်။

(၆) **ပြည်သူအတွင်း နိုးကြားတက်ကြွသည့် အသိရင်သန်နေစေခြင်း**
နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများသည် အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း အသိရင်သန်စေရန် လှုံ့ဆော်သွားရမည်။

## သစ်တောသုတေသနဌာနနှင့် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်များအတွင်း လုပ်ငန်းဆောင်ရွက်မှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးခြင်း



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ဒုတိယဝန်ကြီး ဦးမင်းမင်းဦး၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာညီညီကျော်တို့ လိုက်ပါလျက် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၁)ရက်နေ့၊ နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ၊ ရေဆင်းရှိ သစ်တောသုတေသနဌာန သို့ရောက်ရှိရာ သစ်တောသုတေသနဌာန၊ စုဝေးခန်းမ၌ သစ်တောသုတေသနဌာန ညွှန်ကြားရေးမှူးနှင့် သုတေသီများက သုတေသနလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုများ၊ သုတေသနစာတမ်းပြုစုနိုင်မှုအခြေအနေ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုတို့အား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက၊ သစ်တောစိုက်ခင်းတည်ထောင်ခြင်းနှင့်ပတ်သက်၍ ဒေသမျိုးရင်းများနှင့် ပြည်ပမျိုးများအား ရွေးချယ်စိုက်ပျိုးရာတွင် သစ်မျိုးနှင့် စိုက်ပျိုးသည့်နေရာများသည် လိုက်ဖက်သင့်လျော်မှသာ လုပ်ငန်းအောင်မြင်မည်ဖြစ်သောကြောင့် သုတေသနရလဒ်များဖြင့် ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရောဂါပိုးမွှားများနှင့်ပတ်သက်၍ သုတေသနလုပ်ငန်းများ ဆက်လက်လုပ်သွားရန်လိုကြောင်း၊ လူသုံးနည်းသစ်မျိုးများအားလည်း သုတေသနလုပ်ငန်းများ ဆောင်ရွက်၍ ပြည်သူလူထုပိုမို သိရှိသုံးစွဲလာစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထင်းအစားထိုး အခြားလောင်စာ သုံးစွဲရေးအတွက် စွမ်းအားမြှင့်မီးဖိုများနှင့်ပတ်သက်၍ သုတေသနလုပ်ငန်းများ ပိုမိုဆောင်ရွက်ပြီး အရည်အသွေး တိုးတက်မြင့်မားလာစေရန် ပြုလုပ်ရမည်ဖြစ်ကြောင်း၊ Tissue Culture နည်းဖြင့် ပျိုးပင်များ ပျိုးထောင်ခြင်းအား ဆက်လက်၍ တိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဝါး၊ ကြိမ်နှင့်ပတ်သက်၍ သုတေသနလုပ်ငန်းများ ပိုမိုပြုလုပ်၍ နည်းပညာများမျှဝေသွားရန်လိုကြောင်း မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပရဆေးဥယျာဉ်နှင့် Biodiversity Research Center ၊ ပန်းပုံစံပြတိုက် (Herbarium)၊ မြေဓာတ်ခွဲခန်း (Soil Lab)၊ တစ်သျှူးဓာတ်ခွဲခန်း(Mobile Tissue Lab)၊ ဝါးပြခန်းနှင့် လူသုံးနည်းသစ်မျိုးများဖြင့်ပြုလုပ်ထားသော ပရိဘောဂပြခန်း၊ Water Quality Laboratory နှင့် ဆောင်ရွက်ဆဲ သစ်မျိုးစုံဥယျာဉ်စီမံကိန်းအတွင်း လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်ရှိ ကျောင်းသား(၁၅၀)ဆံ့ သုံးထပ်အမျိုးသားအဆောင် ဆောက်လုပ်နေမှုအခြေအနေနှင့် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် စုဝေးခန်းမတွင် တက္ကသိုလ်တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့ပါသည်။

## သစ်တောဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် တာဝန်ခံများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခြင်း



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တာဝန်ခံများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို Virtual Meeting ဖြင့် (၂၄-၈-၂၀၂၁) ရက်နေ့ (၀၉း၃၀) နာရီတွင် နေပြည်တော် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ညီညီကျော်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။





## သဘာဝဝန်းကျင်နှင့်သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ နိုင်ငံတကာအကူအညီဖြင့် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများ၏ရည်ရွယ်ချက်နှင့် လုပ်ငန်းမျှော်မှန်းရလဒ်များ

**စီမံကိန်း (၃)** ဝန်းကျင်/သားငှက်

**၁။ အမည် (မြန်မာ/အင်္ဂလိပ်)**

မြန်မာနိုင်ငံအတွင်း တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းများပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း (Cooperation in the Fields of Wildlife Conservation in Myanmar)

**၂။ အကူအညီ အမျိုးအစား (Grant/ Loan/TA)**

Technical assistance (TA)

**၃။ နိုင်ငံ/အဖွဲ့အစည်း**

သားငှက်ထိန်းသိမ်းရေးအဖွဲ့(Wildlife Conservation Society-WCS)

**၄။ အကောင်အထည်ဖော်သည့် ဌာန/အဖွဲ့အစည်း**

သစ်တောဦးစီးဌာန နှင့် WCS

**၅။ ကာလ**

၂၇-၂-၂၀၁၇ မှ ၂၆-၂-၂၀၂၂ အထိ၊ (၅) နှစ်

**၆။ MoU လက်မှတ်ရေးထိုးသည့်နေ့**

၂၇-၂-၂၀၁၇

**၇။ ရည်ရွယ်ချက်**

- သဘာဝထိန်းသိမ်းရေးနယ်မြေများ စီမံအုပ်ချုပ်မှုမြှင့်တင်ရန်၊
- မျိုးစိတ်များနှင့်ဂေဟစနစ်သုတေသနများဆောင်ရွက်ခြင်းဖြင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးကိုအထောက်အကူပြုရန်၊
- ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရန်၊
- အဓိကမျိုးစိတ်များထိန်းသိမ်းရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရန်။

**၈။ မျှော်မှန်းရလဒ်**

- ဝန်ထမ်းစွမ်းဆောင်ရည်မြင့်တက်လာခြင်းနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေစီမံအုပ်ချုပ်မှု အားကောင်းလာခြင်း၊
- တောရိုင်းတိရစ္ဆာန်မျိုးစိတ်များကို နေရင်းဒေသအတွင်းနှင့် ပြင်ပတွင် ထိန်းသိမ်းကာကွယ်နိုင်ခြင်း၊
- အဓိက ဇီဝမျိုးစုံမျိုးကွဲဧရိယာများအား ဖော်ထုတ်နိုင်ခြင်းနှင့် မြေပုံများရေးဆွဲနိုင်ခြင်း၊
- အဓိကမျိုးစိတ်များ၏ ထိန်းသိမ်းရေးလုပ်ငန်းစီမံချက်များ ရေးဆွဲနိုင်ခြင်း၊

**၉။ ဆောင်ရွက်သည့်နေရာဒေသ**

ကချင်၊ ရခိုင် နှင့် ရှမ်း၊ တနင်္သာရီ၊ စစ်ကိုင်း၊ ရောဝတီ၊ မကွေးတိုင်းဒေသကြီးတို့ရှိ ဥယျာဉ်/ ဘေးမဲ့တောများ








ဖုန်ကန်ရာဇီဘေးမဲ့တော၌ တွေ့ရှိရသော အရှေ့ဘက်မျက်ခုံးဖြူမျောက်လွှဲကျော်(၁)၊ ထမံသီဘေးမဲ့တော၌ တွေ့ရှိရသော ကြောင်ရိုင်းမျိုးစိတ်တစ်မျိုး၏ခြေရာ (၂)





ထမံသီဘေးမဲ့တော၌ ထောင်ချောက်ကင်မရာ တပ်ဆင်ခြင်း၊ ထောင်ချောက်ကင်မရာမှ ရရှိသည့် အင်းကျား၏ မှတ်တမ်းဓာတ်ပုံ




ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ တွေ့ရှိရသော ကြိုးကြာခေါင်းနီ၏ မှတ်တမ်းဓာတ်ပုံ

embraces the blending of scientific and indigenous knowledge perspectives has a better chance of working. It should be remembered that such plans can change tenure and, therefore, care should be taken to ensure that the desired change is achieved. To this end, the agreement and plan document should normally clearly define the objectives, the indicators of success, the inputs and activities to be undertaken, the mechanisms of benefit distribution and access to resources mutual obligations and responsibilities, work schedule, and conflict resolution procedures.

Tenure is a key factor influencing investment, sustainability, and equity in community-based natural resources. To the extent that the tenurial option is accepted by society as being a fair representation of their respective property rights, the chances of its being maintained in a productive state increase. In the case of forestry, tenure is multi-stakeholder, dynamic, and created though the interplay of policies, technology choices, and resource use. To address the demands and concerns of all the stakeholders adequately, operational planning is the key decision-making platform, snice access and control over planning determines future tenure and outcomes.

In the case of other natural resources such as pastures and rangelands, land tenure is even more complicated than forests and, at this stage, much less studied and regulated. This represents a major research, policy, and programme gap, one that presents both problems and opportunities for governments and research and development organizations like the International Centre for Integrated Mountain Development (ICIMOD), the Regional Community Forestry Training Centre for Asia and the Pacific (RECOFTC), and the Centre for International Forestry Research (CIFOR). The starting point while tackling this issue would be to consider policy options based on an understanding of how tenure can change the sustainability of resources and address social equity concerns. Also, to be considered is how technology choices, such as fencing, water holes, reseeding, and so on, can change tenure. Effective tenure should ensure the rights of the primary and secondary user communities and the legitimate concerns of the local and national governments, including a fair share of the revenue, the flexibility to adapt to changing market demands, and the sustainability of resources.

**World Ozone Day** အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာ
ထိန်းသိမ်းရေးနေ့
(စက်တင်ဘာလ -၁၆ရက်)







အိုဇုန်းလွှာ
ပျက်စီးပျောက်ပြသွားရင်
ခရမ်းလွန်ရောင်ခြည်ဟာ
ကမ္ဘာမြေပေါ်
တိုက်ရိုက်
ကျရောက်လာတယ်

အိုဇုန်းလွှာက
ခရမ်းလွန်ဆိုတဲ့
သေမင်းတမန်
ရောင်ခြည်ဒဏ်ကို
ကာကွယ်ပေးထားတယ်






အိုဇုန်းလွှာပါးလွှာခြင်းဟာ
ကမ္ဘာကြီးပိုပူလာတာနဲ့
အကြောင်းရင်းမတူဘူး

အိုဇုန်းလွှာပါးလွှာတာကို
ဦးထုတ်ဆောင်း၊
မျက်မှန်တပ်ရုံနဲ့
မကာကွယ်နိုင်ဘူး



*APK*





ညွှန်ကြားရေးမှူးချုပ်မှ အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း (MRRP)လုပ်ငန်းများနှင့်ပတ်သက်၍ အောင်မြင်အောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် မိုးရာသီတွင် တည်ထောင်စိုက်ပျိုးခဲ့သည့်စိုက်ခင်းများ၏ ဖွန်လသေပင်ရှင်ပင်ရေတွက်ခြင်း၊ သေပင်ဖာထေးခြင်း၊ ပေါင်းရှင်းခြင်းလုပ်ငန်းများအားလည်း SOP ပါအတိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သစ်တောထွက်ပစ္စည်းများထုတ်လုပ်မှုလျာထားချက်အပေါ် ပြည့်မီအောင် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ MRRP လုပ်ငန်းများတွင် မပါဝင်သော သစ်တောလုပ်ငန်းများကိုလည်း လျာထားချက်ပြည့်မီအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ စတင်ခန့်ဝင်ပေါက်ရာထူးများနှင့် ပတ်သက်၍ ခန့်ထားမည့် အရေအတွက်၊ ရာထူးအလိုက် လျှောက်ထားသည့်အရေအတွက်နှင့် ရွေးချယ်ခန့်ထားရေး စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကိုလည်း ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ကြောင်း။

ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တော ဖွဲ့စည်းသတ်မှတ်ရေးကိုလည်း အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရန် လိုကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ၂၀၂၀-၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် ပြန်လည်အပ်နှံရမည့် ရန်ပုံငွေများကိုလည်း ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ တရားမဝင်သစ်ဖမ်းဆီးရေးကိစ္စများ ဆောင်ရွက်ရေးအားအလေးထားဆောင်ရွက်ရန်လိုအပ်သလို ဌာနပိုင်ပစ္စည်းများ၊ ဖမ်းဆီးထားသောပစ္စည်းများ၊ သဘာဝဘေးအန္တရာယ်နှင့် အခြားအကြောင်းများကြောင့် ဆုံးရှုံးမှုမဖြစ်ပေါ်စေရေး အထူးဂရုပြုထိန်းသိမ်းစောင့်ရှောက်ရန်လိုကြောင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်း၊ သားငှက်တိရိစ္ဆာန်ထိန်းသိမ်းခြင်းလုပ်ငန်းများအားလည်း ပုံမှန်လုပ်ငန်းတိုးတက်မှုရှိနေစေရန် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း လမ်းညွှန်မှာကြားပါသည်။

ဆက်လက်၍ တိုင်းဒေသကြီးနှင့်ပြည်နယ် သစ်တောဦးစီးဌာန တာဝန်ခံများ၊ MRRP ဇုန်တာဝန်ခံများနှင့် ဥယျာဉ်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးများမှ လုပ်ငန်းဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြမှုအပေါ် ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဦးစီးရုံးချုပ်မှ သက်ဆိုင်ရာညွှန်ကြားရေးမှူးများက ဖြည့်စွက်ရှင်းလင်းပါဝင်ဆွေးနွေးခဲ့ပါသည်။ ထို့နောက် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်သစ်တောဦးစီးဌာန တာဝန်ခံများ၊ ဦးစီးရုံးချုပ်ရှိ သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးများ၊ MRRPဇုန်တာဝန်ခံများနှင့် ဥယျာဉ်ဘေးမဲ့တောအုပ်ချုပ်ရေးမှူးများမှ Video Conferencing စနစ်ဖြင့်တက်ရောက်ကြပါသည်။

## မြန်မာနိုင်ငံသစ်တောကျောင်း၊ ကျောင်းအုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးကျင်းပခြင်း



မြန်မာနိုင်ငံသစ်တော ကျောင်း (ပြင်ဦးလွင်မြို့)၊ ကျောင်းအုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးကို (၁၇-၈-၂၀၂၁)ရက်နေ့၊ နံနက်(၁၀)နာရီအချိန် တွင် Virtual နည်းလမ်းဖြင့်ကျင်းပပြုလုပ်ခဲ့ရာ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကိုယ်စား သစ်တောဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံခန့်ခွဲရေး) ကအဖွင့်အမှာစကားပြောကြားခဲ့သည်။

အစည်းအဝေးသို့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မြေတိုင်းဦးစီးဌာနတို့မှ ကျောင်းအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်များဖြစ်သည့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ ဒုတိယအထွေထွေမန်နေဂျာ၊ ညွှန်ကြားရေးမှူးများနှင့် ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်တို့တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံသစ်တောကျောင်း၊ အခြေခံသစ်တောပညာ (၂)နှစ်သင်တန်း၊ အမှတ်စဉ်(၁၁၅)သင်တန်းဖွင့်လှစ်ဆောင်ရွက်ခဲ့မှု၊ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား အတည်ပြုဆောင်ရွက်မှု၊ ထူးချွန်ဆုများချီးမြှင့်ရေး၊ သင်တန်းဆင်းများအား တစ်ဆင့်မြှင့်ရာထူးနေရာများသို့ တိုးမြှင့်ခန့်ထားရေးနှင့် အမှတ်စဉ်(၁၁၆)သင်တန်းအားOnline ဖြင့် ဆက်လက်ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်မှုအား ဆွေးနွေးခဲ့ကြပြီး သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံခန့်ခွဲရေး)က နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို ရုတ်သိမ်းခဲ့ကြောင်း သိရှိရပါသည်။

## နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ ဖမ်းဆီးရမိခြင်း စာရင်းချုပ်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System- CMRS) အပါအဝင်နည်း လမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ (၁၆-၈-၂၀၂၁) မှ (၂၂-၈-၂၀၂၁) ရက်နေ့အထိ နေပြည်တော်ကောင်စီနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ်၊ သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင်ကျွန်း (၄၆.၇၃၉၆)တန်၊ သစ်မာ(၃.၃၃၁၁)တန်၊ အခြား(၄၈.၉၀၄၇)တန်၊ စုစုပေါင်း (၉၈.၉၇၅၄)တန်၊ တရားခံ(၄၂)ဦး၊ ယာဉ်/ယန္တရား (၁၉)စီး ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ဖမ်းဆီးရမိမှုများအနက် အများဆုံးဖမ်းဆီးရမိမှုမှာ ၁၇-၈-၂၀၂၁ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ ရသေ့တောင်မြို့နယ်၊ မေယုကျွန်းအရှေ့မြောက်ဘက်(၅)မိုင်ခန့်အကွာမှ တရားမဝင် ကျွန်းခွဲသား(၂၀၃)ချောင်း၊ (၁၉.၃၃၉၆)တန်၊ စက်လှေ(၁)စီး၊ တရားခံ(၆)ဦး ဖမ်းဆီးရမိခဲ့ပါသည်။







**နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် သစ်တောဦးစီးဌာနများ၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် အောက်တိုဘာလ မှ ဇူလိုင်လအထိ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိမှု ပြည်ထောင်စုစာရင်းချုပ်**

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကျွန်း | တန် | ၃,၇၅၇ | |
| ၂ | သစ်မာ | တန် | ၂,၃၆၇ | |
| ၃ | အခြား | တန် | ၁၁,၅၂၈ | |
| | စုစုပေါင်း | | ၁၇,၆၅၂ | |
| ၄ | မီးသွေး | တန် | ၂,၇၁၅ | |
| ၅ | ကား | စီး | ၆၆၅ | |
| ၆ | မြေတူးစက်/ မြေကော်စက်/ ကရိန်း | စီး | ၇ | |
| ၇ | ထော်လာဂျီ/ ဒိန်းဒေါင်း / ထွန်စက် | စီး | ၅၃ | |
| ၈ | ဆိုင်ကယ်/ ဆိုက်တွဲယာဉ် | စီး | ၃၅၉ | |
| ၉ | စက်လှေ / ပဲ့ထောင် / ရေယာဉ် | စီး | ၁၁၂ | |
| | စုစုပေါင်း | | ၁,၁၉၆ | စဉ်(၅)မှ(၉)၊ ယာဉ်/ ယန္တရား |
| ၁၀ | သစ်စက် / အင်ဂျင် | လုံး | ၂၆၅ | |





experiences, as well as prevailing values about what is appropriate.

People's participation in natural resource management, conservation and development based on economic incentives, and an integrated landscape approach are promising for effective CBNRM. The emerging second-generation problems in participatory management should receive focus in future strategies. The second generation issues to be addressed are (a) the extent of the communities' right to economic benefits, especially in mountain areas, (b) assigning of forest areas to communities, (c) developing systems for conflict resolution, (d) dealing with different administrative and forest boundaries, (e) increasing women's participation, (f) inclusion and full participation of traditional users and equitable distribution of benefits, and (g) promoting social equity in the light of unequal power relations between the rich and the poor, women and men.

There is increased awareness now about the need to understand the implications of policies at different levels, from the local to the global. Global policies, such as the World Trade Organization's (WTO) policies on trade and the European Union's (EU) policies on agriculture have important bearings on national and local economies. Hence, national polices on forestry as well as on investments and infrastructural development need to be cognizant of these international policies if economic benefits are to be realized and negative consequences mitigated. National policies that support good governance and decentralization have far greater chances of building national capital to compete in a globalized world. At the local level, policies that address the access to resources and equitable distribution of benefits from local resources are of great importance in improving the income and standards of living of communities. There is great potential for addressing poverty and environmental concerns through improved national and local policies. Development partners need to place more emphasis on contributing through adequate policies to an enabling environment.

Most of the operational plans prepared to manage the community forests are based on conventional knowledge of timber production. However, in the villages poor people use small amounts of timber. Their demands are focused on fuelwood to cook food; grass as animal feed or bedding material; poles as construction materials for house, huts, and shades; and NTFPs for domestic consumption or income. These factors have yet to be incorporated widely in the sustainable management of community forests. Allocation of an additional percentage of the income to improve the standards of living of poor, disadvantaged groups and women could go a long way towards resolving the second-generation issues in community forestry. As the local community leaders and elite groups dominate the decisions of user groups, fulfilling the concerns and needs of the poorer sections of the community is a big issue in community forestry. Thus, within the community forest user group, supporting the poor and disadvantaged groups to improve their livelihoods is a big challenge.

There is still strong resistance from state agencies to transferring real owner hip and management responsibilities to communities. Some of these are legitimate concerns, such as the danger of resources falling into the hands of elite members of the community, the potential abuse of rights and mismanagement of the resources, and the loss of benefits and revenue to the government and secondary (indirect) users. The starting point for champions of co-management is to build trust among decision-makers in the community's ability to shoulder the responsibilities. On the ground demonstration of actual successes, such as community forestry in Nepal, are perhaps the most convincing. Fears can also be allayed by putting mechanisms in place to ensure equitable benefits to legitimate owners and users, to comply with the prescripts of socially and environmentally viable management, and to honour the rights of and obligations to the members of the group. Supporting legislation and policies that are translated into multi-faceted programme support are critical and reinforce trust as well as management skills.

The starting point is to verify and establish existing de jure and de facto rights and uses of all stakeholders to the natural resource under consideration. The rights and responsibilities should be clearly aligned to benefits and incentives and reflected in agreements among the stakeholders. A management plan that takes into account social, economic, and environmental considerations and

## Community-Based Natural Resource Management

By
U Sein Thet, Director (Retired)

Productive and sustainable use of slopping land and community-based natural resource management (CBNRM) are increasingly recognized as two major options across Asia both in natural resource sectors and in cross-cutting strategies such as poverty reduction, environmental management, and rural development. Since the early 1980s, decentralization of management has become the dominant policy paradigm in natural resource management in Asia and the basis for many donors supported CBNRM development projects, which are being implemented with varying degrees of success. A common feature of these projects ad regional programmes is the decisive influence of policies on the productivity and sustainability of land use, particularly in relation to forestry and agroforestry interventions. However, there is no effective mechanism for interlinkages or exchange, and a great deal of duplication of efforts is observed whether projects have been going on for over a decade or are just starting.


The notion 'conservation and management of natural resources are impossible without people's participation' is now becoming a fundamental principle of CBNRM. Since the 1980s, decentralization and devolution of authority for management of natural resources are being seen in government efforts across the HKH region. In 1992, The United Nations Conference on Environment and Development (UNCED) placed a premium on people's participation and promotion of a conceptual shift in both natural resource management and conservation. In response, participatory forest management approaches evolved as popular means.

Shifting cultivation is an agricultural system mired in misunderstanding. It has been generally subjected to policies that are based on questionable perceptions of the ecological and livelihood realities of both the practice and the farmers involved. The great variety of land-use types, the cultural knowledge of the indigenous peoples, and the vast number of plant and tree species associated with shifting cultivation are too often ignored by policy-makers, governments, and analysts. Tenurial arrangements often undermine farmers' motivation for investing in longer term agricultural and forestry practices. For example, the laws and policies of many countries treat fallow areas as empty or unused land without valid ownership, despite the fact that these areas are an integral part of the shifting cultivation cycle. Shifting cultivation is the most widely practiced farming system in the sub-tropical and tropical zones of the Eastern Himalayan region. In the whole of South Asia, an estimated 10 million hectares of land are under shifting cultivation. Across Asia generally, more than 400 million people, most of them indigenous, are dependent on tropical forests and a majority of them practice shifting cultivation. This makes it the dominant land-use system across much of Northeast India, the Chittagong Hill Tracts of Bangladesh, Eastern Bhutan, Myanmar, Lao PDR, Cambodia, Northern Thailand, Vietnam, and some parts of China. Yet, in many of these places, property rights' regimes have made shifting cultivators as illegal squatters on land that has been cropped by their ancestors for countless generations. There has been no concerted effort to address this dichotomy in the Eastern Himalayan region as a whole, despite individual country initiatives.

Regardless of whether trees are chosen for economic or biological purposes, or more likely a combination of both, all of these improved forest fallows play an important role in conserving biodiversity and deliver man of the same environmental services as primary tropical and sub-tropical forests. The fallow phase helps in species' regeneration, maintenance of biological richness of forest species, and continuing land coverage by healthy secondary tropical forests. There is, thus, a growing stream of thought that mechanisms should be devised to compensate forest-dwelling communities for the real services that they provide in managing tropical forests. Like farmers all over the world, shifting cultivators constantly try to modify their farming to address the modern needs of larger societies through an innovative process that is based on guiding principles derived from previous








## သစ်ပင်ကျန်းမာရေး

လူမှာကျန်းမာရေးကို စဉ်းစားမယ်ဆိုရင် ကံ၊ စိတ်၊ ဥတု၊ အဟာရအကြောင်းနဲ့ အစချီရမှာပါ။ သစ်ပင်ကိုလည်း လူလိုတွေးနိုင်ပါတယ်။ လူသားတစ်ဦးဟာ မေတ္တာ၊ စေတနာနဲ့ ရုပ်ပိုင်းဆိုင်ရာ ပြည့်စုံတဲ့ မိသားစုဝင်တစ်ဦးဖြစ်လာခဲ့ရင် ကံကောင်းတယ်လို့ ဆိုကြပါတယ်။ သစ်စေ့ပျိုးပင်လေးဟာလည်း ကံတရားအရ သစ်ပင်ချစ်သူလက်ထဲရောက်သွားရင် ဂရုတစိုက်ပျိုးထောင်ခံရမယ်၊ မြေတောင်မြှောက်ပေးမယ်ဆိုရင် ရှင်သန်ကြီးထွားခွင့်ရမှာသေချာပါတယ်။ စိတ်ဆိုတာကိုတော့ သစ်ပင်မှာ မသေချာတဲ့ ကိစ္စမို့ ချန်လှပ်ထားပါရစေ။

မျှတတဲ့ရာသီဥတုဟာ လူရုပ်၊ စိတ်ကိုကြည်လင်စေပါတယ်။ လူမှာရာသီဥတုဆိုးဝါးရာဒေသကနေ ပြောင်းရွှေ့နေနိုင်ခြင်း၊ မုန်တိုင်း၊ မီးတောင်အန္တရာယ်ကြုံသိရင် လွတ်ရာသို့နေနိုင်ခြင်းအခွင့်အရေးရှိပါတယ်။ ဥတုဆိုးဝါးမှုဒဏ်ကိုတော့သစ်ပင်ကရွှေ့ပြောင်း၊ ရှောင်ကွင်းမရပါဘူး။ ဥတုရာသီ တောကိုမှီဆိုသကဲ့သို့ တောကလဲ ဥတုရာသီအပေါ်အပြန်အလှန်မှီခိုပါတယ်။သစ်ပင်ပျိုးထောင်တဲ့အခါ သူ့ရာသီနဲ့သူ ကိုက်ညီဖို့ သစ်ပင်အမျိုးအစားနဲ့ လျော်ညီတဲ့ နှစ်သက်တဲ့ ရာသီဥတုရှိရာ အရပ်ဒေသကို ရွေးချယ်နိုင်ဖို့ လိုအပ်လှပါတယ်။

အဟာရလိုအပ်မှုမှာ လူနှင့်သစ်ပင်အတူတူပင်ဖြစ်ပါတယ်။ အသက်ဆက်လက် ရှင်သန် ရပ်တည်မှု၊ ကျန်းမာမှု၊ ကြီးထွားမှု၊ မျိုးဆက်ပြန့်ပွားမှုတို့အတွက် မရှိမဖြစ် အဟာရများလိုအပ်ပါတယ်။ သစ်ပင်အတွက်ရေနှင့် အာဟာရကို အမြစ်မှစုပ်ယူနိုင်သလို အရွက်ရဲ့အစိမ်းရောင်ချယ်(Chlorophyll)က နေရောင်ခြည်စွမ်းအင်ဖြင့် အဟာရကို ချက်လုပ်သုံးယူပါတယ်။ သစ်ပင်မှာ အဓိကလိုအပ်တဲ့ အဟာရဓာတ်များကတော့ ကယ်လ်ဆီယမ်၊ မဂ္ဂနီဆီယမ်၊ နိုက်ထရိုဂျင်၊ပိုတက်ဆီယမ်၊ ဖော့စရပ်၊ ဆာလဖာနဲ့ အနည်းငယ်လိုအပ်တဲ့ အဟာရဓာတ်ကတော့ ဗိုရွန်၊ ကော့ပါး၊ ဖဲရပ်၊ မဂ္ဂနီး၊ ဇင့်၊ သံဓာတ်နှင့် မိုလီဗ်ဒနမ်



တို့ဖြစ်ပါသည်။ လူမှာ အဟာရ ဓာတ်တစ်ခုခုချို့တဲ့ရင် (သို့) လွန်ကဲတာနဲ့ သက်ဆိုင်ရာရောဂါတွေဖြစ်တတ်သလိုသစ်ပင်မှာလည်း အဟာရဓာတ်ချို့တဲ့ တဲ့ရောဂါ (Deficiency)၊ အဟာရဓာတ်လွန်ကဲတဲ့ရောဂါ (Toxic) များရနိုင်ပါတယ်။ အဟာရဓာတ်ချို့တဲ့ရင် အရွက်များဝါခြင်း (Yellowing)၊ ပန်းရောင်ပြောင်းခြင်း (Anthocyanescence)၊ သာမန်အစိမ်းထက်ရင့်မှောင်ခြင်း (Dark Green)၊ တဖြည်းဖြည်းခြောက်သွေ့ခြင်း (Dieback)၊ ကြားဖူးတိုခြင်း (Internote shortening)၊ ကြုံလှီခြင်း (Dwarfing)၊ ချုံကဲ့သို့ မကြီးထွားဘဲ ရပ်တန့်နေခြင်း (Bushy or stunted) ရောဂါလက္ခဏာများ တွေ့နိုင်ပါတယ်။ အဟာရလွန်ကဲရင်တော့ အပင်အမြစ်အဆိပ်သင့်ဓာတ်ပူလောင်ကာဒဏ်ရာရသေနိုင်ပါတယ်။ တန်ဆေးလွန်ဘေးဆိုသည်မှာ လူနှင့်သစ်ပင် အတူတူပင်ဖြစ်ပါတယ်။

လူရဲ့ကျန်းမာရေးမှာ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါရောဆိုတဲ့ ဓာတ်ကြီးလေးပါးညီညွတ်မှ အသက်ရှည်အနာကင်းပါတယ်။ သစ်ပင်မှာလည်း ကျစ်လစ်သိပ်သည်းလှတဲ့မြေမှာ သစ်ပင်အမြစ် ထိုးဖောက်မလွယ်နိုင်၊ မကြီးထွားနိုင်သလို၊ ဖွာလွန်း၊ ပျော့လွန်းတဲ့မြေမှာလည်း အမြစ်မတွယ်နိုင်၊ မခိုင်မြဲနိုင်ပါဘူး။ မဖွာလွန်း၊ မပျော့လွန်း၊ မမာလွန်း၊ မကျစ်လစ်လွန်းခြင်းသည်သာ အပင်အတွက် အရေးကြီးသော ပထဝီဓာတ်ဖြစ်ပါတယ်။

တေဇောဆိုတဲ့ ပူခြင်း၊ အေးခြင်းကတော့ မမျှတရင် ရောဂါရမှာသေချာပါတယ်။ ပူလွန်းလို့ အပူနာရောဂါဖြစ်တဲ့ အရွက်ညိုခြောက်၊ တစ်သျှူးများသေခြင်း (Necrosis)၊ ပျိုးပင်ဝိုက်ကျခြင်း၊ နွမ်းခြင်း (Wilt)၊ နေလောင်ခြင်း (Scorch)၊ ပင်စည်အက်ကွဲအစေး၊ အရည်များကျခြင်း (Canker)၊ ရောဂါလက္ခဏာများတွေ့နိုင်ပါတယ်။

စာမျက်နှာ (၉)သို့ ➤

## စာရေးသူ၏ ရင်တွင်းစကား

COVID– ၁၉ ကပ်ရောဂါဆိုးကြီး မြန်မာနိုင်ငံသို့ ရိုက်ခတ်လာသဖြင့် နိုင်ငံတော်က ကန့်သတ်လိုက်သော Stay Home ကာလ၏ ၂၀၂၀ ပြည့်နှစ် နေ့ရက်များတွင် ဤစာစုအား ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

ရုံးများပြန်လည်ဖွင့်လှစ်ပြီး လုပ်ငန်းများပြန်လည်လည်ပတ်နိုင်ချိန်အထိ ပြီးစီးအောင် မဆောင်ကြဉ်းနိုင်ခဲ့ပဲ ပြတ်တောင်း ပြတ်တောင်း ဆက်လက်ရေးသားရင်း ၂၀၂၁ ခုနှစ်၏ ဖေဖော်ဝါရီလမှသာ လက်စသတ်နိုင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလအထိ စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာန၏ ညွှန်ကြားရေးမှူးတာဝန်ထမ်းဆောင်ခဲ့စဉ် ကမ္ဘာ့အကြီးဆုံး သက်ရှိကျွန်းပင်ကြီးသတင်းကို ခြေရာခံမိရာမှ ကျွန်းပင်ကြီးအား ကွင်းဆင်းရှာဖွေခဲ့သည့်အတွေ့အကြုံများနှင့် သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်၏ လမ်းညွှန်ချက်အရ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ် လင်းနို့ဂူသဘာဝထိန်းသိမ်းရေးနယ်မြေ ပြခန်းအတွက် ကျွန်းသစ်လုံးဖြတ်ပိုင်းပေါ်ရှိ နှစ်ကွင်းများက ဖော်ပြနေသော ကျွန်းပင်ကြီး၏ ခေတ်ပြိုင်သမိုင်း ပြကွက် ဖော်ဆောင်ခဲ့ပုံများ၊ ဟုမ္မလင်းမြို့နယ်အတွင်း မြေအောက်မှ တူးဖော်ရရှိသည့် ကိုလိုနီခေတ် ကျွန်းသစ်လုံးများနှင့်ဆက်စပ်၍ အများပြည်သူသို့ ပြသနိုင်ရေး ဆောင်ရွက်ခဲ့နိုင်မှုများကို ဤစာအုပ်တွင် မှတ်တမ်းတင်ခဲ့ခြင်း ဖြစ်ပါသည်။

ရောင်နီ(သစ်တော)
၂၀၂၁ ခုနှစ်၊ ဧပြီလ ၉ ရက်

## ကုလားကံကောင်းတယ်

လင်းနို့ဂူအပန်းဖြေစခန်းတွင် ပထမနေ့ ညအိပ်ရပ်နားသည့် ကားမောင်းပြိုင်ပွဲဝင်များကို တွတ်ပီစီစဉ်သော စကောထမင်းဖြင့်ဧည့်ခံသည်။ စားပွဲများပေါ်တွင် စကောအချပ်ပေါင်း တစ်ရာကျော် ခင်းကျင်းထားသည်။ စကောထဲမှာ ထမင်း၊ ဟင်းတွေကို အင်ဖက်ကလေးတွေနဲ့ ထုပ်ပြီး စားချင်စဖွယ် ပြင်ဆင်ထားသဖြင့် မြို့ကြီးသားများ အကြိုက်တွေ့ကြသည်။

လဟာပြင်မှာ ကျင်းပသော ထမင်းစားပွဲသို့ အနီးအနားရွာတွေက ရာနှင့်ချီသည့် ပရိတ်သတ်များ ရောက်လာပြီး ခတ်ပုံတွဲရိုက်ကြသဖြင့် ကားမောင်းပွဲမှာ လိုက်ပါလာသောဆယ်လီတွေ ထမင်းပင်ဖြောင့်ဖြောင့်မစားရရှာ။

မီးပုံပွဲမှာ အဆိုတော်နိုင်းဝမ်းက ဂစ်တာတီး သီချင်းဆိုတော့ အဖွဲ့သားတွေ ပျော်ပျော်ကြီး ကခုန်ကြသည်။ အဲ့ဒီထဲ တွတ်ပီ အကဲဆုံး။

+++++

ရေကန်စပ် လဟာပြင်မှာ ခင်းကျင်းထားတဲ့ '***နှစ်ကွင်းများက ဖော်ပြနေသော ကျွန်းပင်ကြီးရဲ့ ခေတ်ပြိုင်သမိုင်းပြကွက်***'ကို ယာယီတဲထဲကနေ လှမ်းမြင်ရသည်။ ညအချိန်ဖြစ်သော်လည်း အောက်ခြေက ဆလိုက်မီးနှစ်လုံး အလင်းရောင်ကြောင့် ထင်းကနဲရှိသည်။ ဟိုဘက်အခြမ်း မီးပုံပွဲဆီက ဂစ်တာသံ သီချင်းသံများ ကြားနေရဆဲ။ ရေကန်စပ်တစ်လျှောက် ဟိုနေရာတစ်စု၊ ဒီနေရာတစ်စုရှိနေသော တစ်ယောက်အိပ် ရွက်ဖျင်တဲကလေးများထဲမှာ မီးရောင်အချို့ မြင်နေရဆဲ။ တစ်နေကုန် ပြခန်းကိစ္စလုံးပမ်းခဲ့ရသဖြင့် မိမိတို့အဖွဲ့သားများ ခြေကုန်လက်ပန်းကျပြီ။ ယာယီတဲထဲမှာ တုံးလုံးပက်လက် ဖြစ်နေကြပြီ။

'***အစ်ကိုကြီးတို့ ဟုမ္မလင်းမှာရှာတွေ့ခဲ့တဲ့ ကျွန်းပင်ကြီးက ရောမကြီးဆိုတော့ သက်တမ်းလေးငါးရာများ ရှိနေမလားနော်***' တောအုပ်ကြီး မျိုးသူဝင်းက စကားစလာခြင်း ဖြစ်သည်။

'***အဲဒီကျွန်းပင်ကြီးဆီ သွားတုန်းက အကြောင်းတွေ ငါတွေးနေတာ။ အင်း ကံကောင်းလို***'

'***ကံမကောင်းရင် ဘာဖြစ်မှာမို့လဲ အစ်ကိုကြီး***'

'***ဟ ကံမကောင်းရင် အခုလောက်ဆိုအဲဒီအပင်မှာ ငါအစောင့်ဖြစ်နေပြီ၊ မင်းတို့ သစ်တောသမားတွေ အမွှေးတိုင်လေး၊ အုန်းငှက်ပျောပွဲလေးနဲ့ ဖျားယောင်းပြီး ဒီအပင်ကြီးကို စောင့်ရှောက်ပါ။ ဒီတောကို စောင့်ရှောက်ပါလို့ ငါ့ကို နိုင်းကြအုံးမှာ***'

'***အစ်ကိုကြီးက လုပ်ပြီ။ မပြောကောင်း မဆိုကောင်း***' တောအုပ်ကြီး တင်လင်းအောင်က ကြားဖြတ်ဝင်ပြောသည်။

'***လူရွှင်တော်ပြက်လုံး ကြားဖူးတယ်မဟုတ်လား၊ ကုလားကံဆိုးဒယ်၊ ကုလား ကံကောင်းဒယ်ဆိုတာလေ***'

မိမိက လူရွှင်တော် ရှုဒိုးရဲ့ကုလားကံကောင်းဒယ် ပြက်လုံးကို ပြောပြသည်။

ကုလားလိုဝတ်ထားသောရှုဒိုးက ကုလားသံဖြင့်–

'***ကုလားနော် လိမ်ယာဉ်ပျံကြီးစီးပြီး ဗမာပြည်ကြီးကို လာဒယ်။***'

( .................. )

'***ကုလား ကံဆိုးဒယ်နော်၊ လမ်းမှာ လိမ်ယာဉ်ပျံ စက်ပျက်ဒယ်။***'





### (၃) တရားသူကြီးကိုယ်တိုင် တိုင်တန်းအရေးယူခြင်း

တရားသူကြီးကိုယ်တိုင် တိုင်တန်းအရေးယူခြင်း ဆိုသည်မှာ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၈၀အရ အရေးယူသည့်ကိစ္စများ၊ ရာဇသတ်ကြီးပုဒ်မ ၂၂၈အရ အရေးယူသည့်ကိစ္စများ၊ အမှုစစ်ဆေး စီရင်စဉ်ဖြစ်ပေါ်သည့် မမှန်သက်သေခံမှု၊ မမှန်သက်သေ ခံဖန်တီးမှု ကိစ္စရပ်များအား ဆိုလိုပါသည်။ ဤသို့ဖြင့်လည်း တရားရုံးသို့ ရာဇဝတ်မှုများ ရောက်ရှိလာပါသည်။

**တရားရုံး ဦးတိုက်လျှောက်ထားမှုနှင့် ပတ်သက်ပြီး သိရှိထားသင့်တဲ့အချက်တွေကတော့ –**

**ဦးတိုက်လျှောက်ထားမှု**

ရဲစခန်းမှ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၁၅၅ ပုံစံ(က)၊ ပုံစံ(ခ)နှင့်ပေးပို့သော ရဲအရေးမပိုင်မှုအပါအဝင် တရားရုံးသို့ ဦးတိုက်လျှောက်ထားခြင်းသည် ဦးတိုက်လျှောက်ထားမှုဖြစ်သည်။ **ရဲအရေးပိုင်သည်ဖြစ်စေ၊ ရဲအရေးမပိုင်သည့်အမှုဖြစ်စေ တရားရုံးတွင် ဦးတိုက်လျှောက်ထားနိုင်ပါသည်။** (ကျင့်ထုံးပုဒ်မ ၄(ဈ))

ရဲအရေးပိုင်သောအမှု ဦးတိုက်လျှောက်ထားလျှင် ရုံးခွန်ထမ်းဆောင်ရန်မလိုပါ။ ပြည်သူ့ဝန်ထမ်းမှ ဦးတိုက်လျှောက်ထားလျှင် ရုံးခွန်ထမ်းဆောင်ခြင်းမှ လွတ်ငြိမ်းချမ်းသာခွင့်ပြုသည်။ (တရားရုံးများလက်စွဲအပိုဒ် ၇၇)

ဦးတိုက်လျှောက်ထားမှုတစ်ခု တရားရုံးသို့တင်သွင်းရာ စီရင်ပိုင်ခွင့်မရှိသော အမှုဖြစ်ကြောင်းတွေ့ရလျှင် စီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့ တင်သွင်းနိုင်ရန် ဦးတိုက်လျှောက်ထားလွှာကို လျှောက်ထားသူသို့ ပြန်လည်ပေးအပ်ရမည်။ (ကျင့်ထုံး ပုဒ်မ ၂၀၁)၊(တရားရုံးများလက်စွဲ ၁၀၀၆) ပြည်သူ့ဝန်ထမ်းက ဦးတိုက်လျှောက်ထားလျှင် ကျင့်ထုံးပုဒ်မ ၂၀၀ အရ စစ်ဆေးရန် မလိုပါ။ တိုင်တန်းချက်ကို ရေးသားလျှောက်ထားသည့်အခါ မိမိ၏တာဝန်ဝတ္တရားထမ်းဆောင်သည့်အနေဖြင့် သို့မဟုတ် ထမ်းဆောင်ရန်ပြုလုပ်သည့်အနေဖြင့် တိုင်တန်းချက်ဖြစ်လျှင် တိုင်တန်းသူအား စစ်မေးရန် လိုအပ်ခြင်းမရှိစေရ။ [ရာ ကျင့်၂၀၀ (က)(ကက) ]

ဦးတိုက်လျှောက်ထားမှုသည် ရဲစခန်းတွင် တိုင်တန်းခဲ့ခြင်း ရှိ/မရှိ တရားရုံးက တရားလိုအား စုံစမ်းမေးမြန်းရမည်။ ရဲသို့တိုင်တန်းပြီးကြောင်းသိရလျှင် တရားသူကြီးသည် တရားရုံးသို့ တိုက်ရိုက်တိုင်လျှောက်ကြောင်းကို ခရိုင်ရဲဝန်ထံသို့ ချက်ချင်းပြောကြားရမည်။ (တရားရုံးများလက်စွဲအပိုဒ် ၄၂၄)

ရဲတပ်ဖွဲ့ဝင်တို့အား တိုင်ချက်ပေးပြီးနောက် တရားရုံးသို့လည်း တိုင်လျှောက်သော အရေးယူပိုင်သည့် ပြစ်မှုများတွင် ရဲထံနှင့်တရားရုံးထံ တိုင်လျှောက်ချက် အကြောင်းချင်းရာများတူညီလျှင် ဦးတိုက်လျှောက်ထားမှုလိုပြုဆိုပြီး အမှုပိတ်ရမှာ ဖြစ်ပါတယ် [ရဲလက်စွဲ (ပ–တွဲ) အပိုဒ် ၁၄၁၆] သို့သော်လည်း တရားရုံးသို့ ဦးတိုက်တိုင်လျှောက်သော ရဲအရေးယူပိုင်သည့်ပြစ်မှု (သို့) ရဲအရေးယူပိုင်ခွင့်မရှိသည့်ပြစ်မှု တစ်စုံတစ်ရာကို ပြစ်/ကျင့် ၁၅၅(၂)/၂၀၂ အရ တရားသူကြီး၏ အမိန့်နှင့်စုံစမ်းစစ်ဆေး သောအခါ ပြဋ္ဌာန်းချက်များအရ အမှုနေ့စဉ်မှတ်တမ်းရေးသား၍ ရဲလုပ်ငန်းများဆောင်ရွက်ရမှာ ဖြစ်ပါတယ်... [ရဲလက်စွဲ (ဒု–တွဲ) အပိုဒ် ၁၄၃၆၊ ပြစ်/ကျင့် ၂၀၂]

ဦးတိုက်လျှောက်ထားမှုတွင် ထောင်ဒဏ်(၆)လထိ အပြစ်ပေးနိုင်သော ရာဇဝတ်မှုကို သမ္မန်မှုစစ်ဆေးနည်းဖြင့် စစ်ဆေးရပါသည်။ ၎င်းရာဇဝတ်မှုကို အကျဉ်းနည်းဖြင့်လည်း စစ်ဆေးနိုင်ပါသည်။ ထောင်ဒဏ်(၆)လ အထက် အပြစ်ပေးနိုင်သောရာဇဝတ်မှုဖြစ်လျှင် ဝရမ်းမှု စစ်ဆေးနည်းဖြင့် စစ်ဆေးရပါမည်။

ဝရမ်းမှုများတွင် တရားခံကအပြစ်ရှိပါသည်ဟု ဝန်ခံတိုင်းအပြစ်မပေးနိုင်ပါ။ သမ္မန်မှုတွင်မူ တရားခံဝန်ခံလျှင် သက်သေစစ်ဆေးရန် မလိုဘဲ အပြစ်ပေးနိုင်ပါသည်။ တရားခံတစ်ဦးအား ရာဇဝတ်မှုကျူးလွန်ခဲ့သည်ဟုဆိုကာ ရုံးတင်တရားစွဲဆိုသောအခါ ယင်းသို့စွဲသည့်အမှုတွင် ပေါ်ပေါက်လျက်ရှိသော သက်သေထွက်ချက်နှင့် အခြားသက်သေအထောက်အထားများအပေါ် မူတည်လျက် အပြစ်ရှိ/ မရှိ ဆိုသော ပြဿနာကို ဆုံးဖြတ်ရမည် ဖြစ်သည်။

'ပြောပြတာမှာ လိုအပ်ချက်တွေရှိနိုင်ပါတယ်ဗျာ'

'ကျေးဇူးပါ အစ်ကိုရာ ... ကျွန်တော်လည်း မနည်းမှတ်ယူနေရတယ် တရားရေးကိစ္စတွေက နားလည်ရအခက်သားပဲဗျ'

'ဟုတ်ပါတယ် ... သက်ဆိုင်တဲ့စာတွေလည်းဖတ် အတွေ့အကြုံရှိတဲ့သူတွေစီကနည်းတွေယူ... နားလည်သူတွေနှင့်တိုင်ပင်ဆွေးနွေးရင်းပိုမိုသိရှိနားလည်လာမှာ ဖြစ်ပါတယ်... တရားခွင်တွေမှာတော့ သိရှိနားလည်တာခြင်း တူရင်တောင် မှန်ကန်တဲ့အချက်အလက်များအပေါ် အခြေခံ၍ ထိရောက်စွာ ကိုးကားထွက်ဆိုနိုင်သူသာ အသာရစမြဲ မဟုတ်လားဗျာ'

'ဟုတ်ပါတယ်ဗျ ... ကိုင်း အချိန်အခါလင့်ပြီမို့ ကျွန်တော်သွားလိုက်ဦးမယ် အကိုခင်ဗျ'

'အေးပါဗျာ'

'ကဲ နှုတ်ဆက်လိုက်ပါတယ်ဗျာ... '

**ကိုးကား–**

၁။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ
၂။ သက်သေခံဥပဒေ
၃။ တရားရုံးများလက်စွဲ အတွဲ (၁)
၄။ ရဲလက်စွဲ (ဒုတိယတွဲ)
၅။ ဦးဘိုးသာ- သက်သေခံဥပဒေ အဖွင့်ကျမ်း ဒုတိယပိုင်း
၆။ ကောင်းမြတ်သူ၊တရားသူကြီး(ပြည်သူ့အတွက် ဥပဒေဆိုင်ရာ အခြေခံသင်တန်း အမှတ်စဉ် ၁/၂၀၂၀ )
၇။ ဦးကျော်ကျော်၊ Senior lawyer & officer (ret)

ထိ ရောက်သော်လည်း တရားခံမှ နောက်မှတင်ပြသည့် သစ် နှင့်ပတ်သက်သည့် သက်သေခံစာရွက်စာတမ်း အထောက်အထားများအပေါ် အခြေပြု၍ ဥပဒေအကြံပေး ရုံးတင်ကာ တရားစွဲတင်ခြင်းမရှိဘဲ အမှုပိတ်သိမ်းခြင်း၊ တရားရုံးသို့ တရားစွဲတင်သော်လည်း တရားခံမှ နောက်မှ တင်ပြသည့် သစ်နှင့်ပတ်သက်သည့် သက်သေခံစာရွက် စာတမ်း အထောက်အထားများ သက်သေခံဝင်စေရန် တရားရုံးသို့ ထပ်မံတင်သွင်းခြင်း/ တင်သွင်းစေခြင်းဖြင့် ထိရောက်စွာ အရေးယူနိုင်မှုမရှိဘဲ အမှုပြီးပြတ်ခြင်း၊ တရားခံ(သို့) ရဲမှ နောက်မှတင်သွင်းသည့် သစ်နှင့် ပတ်သက်သည့် သက်သေခံစာရွက်စာတမ်း အထောက် အထားအား သစ်တောမှ စစ်ဆေးကြည့်ရှုခွင့်မရဘဲ အမှုစီရင်ချက်ချမှတ်ခြင်း၊ ထိရောက်စွာ ဆောင်ရွက်နိုင် ရေး သစ်တောမှ အယူခံ/ပြင် ဆင်ချက်များ ဆက်လက် တက်ရောက်နေရသဖြင့် အချိန် ကြန့်ကြာနေရခြင်းများကို တွေ့ရှိနေရပါတယ်၊

**တရားခံ(သို့)ရဲမှ နောက်မှ တင်သွင်းသည့် သစ်နှင့်ပတ်သက်သည့် သက်သေခံစာရွက်စာတမ်း အထောက်အထားများအား သက်သေခံတင်သွင်းသည့် မူရင်း/ဒုတိယသက်သေခံချက်များသည် အခြား စာရွက်စာတမ်းအမြောက်အမြားပါရှိသဖြင့် တိုက်ဆိုင် စစ်ဆေးမှသာ မှန်ကန်မှုရှိနိုင်ပြီး တရားရုံးက လွယ် လင့်တကူမစစ်ဆေးနိုင်သည့်အပြင် ထိုသို့သော စာ တမ်းအမှတ်အသားများကို စစ်ဆေးခြင်း၌ ကျွမ်းကျင် သူတစ်ဦးဦးက ထိုစာတမ်းအမှတ်အသားများကို စစ် ဆေးပြီးနောက် ယင်းတို့အပေါ် အားလုံးခြုံ၍ တွေ့ရှိ သည့်အချက်အတွက် ကျွမ်းကျင်သူ၏ စစ်ဆေးတွေ့ ရှိချက်သည် သက်သေခံဝင်သည်ဖြစ်သဖြင့် သစ်နှင့် ပတ်သက်၍ တင်သွင်းသည့် သက်သေခံစာရွက်စာ တမ်းများမှာ ကျွမ်းကျင်သူမှစစ်ဆေးထားခြင်း မဟုတ် သဖြင့် မှားယွင်းနိုင်သောကြောင့် မှားယွင်းကြောင်း သက်သေခံတင်ပြခွင့်ရရှိအောင်ဆောင်ရွက်ရမှာ ဖြစ် ပါတယ်၊**

ဒီနေရာမှာ ကျွမ်းကျင်သူ ဆိုသည်နှင့်ပတ်သက်၍ တရားရုံးမှ မေးမြန်းလာပါက သက်သေပြနိုင်ရန် သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများ အစုံလိုက် (ဘီလ်/ ပြေစာ/ မျှော/ ချမိန့်–စုပုံမိန့်/ သစ်သယ်ချအတိုင်းစာရင်း/ ခွဲမိန့်/ ရိုက်မှတ်သည့် တံဆိပ်အမှတ်အသားများ အစရှိသ ဖြင့် စပ်ဆိုင်သည်များ)နှင့် စစ်ဆေးရန် မပြည့်စုံသည့် နမူနာပုံစံများကို နမူနာယူသွားသင့်ပါတယ်၊ ၎င်းတို့မှ တရားရုံးသို့ တင်သွင်းသည့် သက်သေခံချက်များ မှားယွင်း ကြောင်းတင်ပြနိုင်အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်… ၎င်းတို့အား မပြည့်စုံသည့် နမူနာပုံစံများနှင့် ပြသ၍ လည်းကောင်း၊ ပြည့်စုံသည့် နမူနာပုံစံများပြသ၍လည်း ကောင်း၊ ၎င်းစာရွက်စာတမ်းများအပေါ် ရေးသွင်းထား ချက်များနှင့်ပတ်သက်၍လည်းကောင်း ဆိုလိုရင်း အဓိပ္ပါယ် များပေါ်လွင်အောင် မေးမြန်းခွင့်ရရှိအောင် ၎င်းတို့မှ တရား ရုံးသို့တင်သွင်းသည့် သက်သေခံချက်များ မှားယွင်း ကြောင်း သက်သေတင်ပြနိုင်အောင် ဆောင်ရွက်ရမှာဖြစ် ပါတယ်၊ ၎င်းစာရွက်စာတမ်း အမှတ်အသားများအပေါ် တွင် ဖြည့်သွင်းထားချက်များနှင့် တိုက်ဆိုင်စစ်ဆေးပုံများ ကို မိမိမှ ကျွမ်းကျင်သူအနေဖြင့် ရှင်းလင်းပြောပြနိုင်ရမှာ ဖြစ်ပါတယ်၊ ဒီလိုတွေ သိရှိလေ့လာဆောင်ရွက်နိုင်ခြင်းဖြင့် အမှုအား ထိရောက်စွာအရေးယူဆောင်ရွက်နိုင်မှာ ဖြစ်ပါ တယ်…

**နောက်တစ်မျိုးက ရဲအရေးပိုင်သည့် အမှုဖြစ် စေ၊ ရဲအရေးမပိုင်သည့်အမှုဖြစ်စေ တရားရုံးသို့ ဦး တိုက်လျှောက်ထား တရားစွဲဆိုနိုင်ပါတယ်…**

တရားရုံးသို့ ရာဇဝတ်မှုများ ရောက်ရှိလာပုံနည်းလမ်း (၃) မျိုးရှိပါသည်။ ၎င်းတို့မှာ–

(၁) ဦးတိုက်လျှောက်ထားခြင်း
(၂) ရဲက တရားစွဲဆိုတင်ပို့ခြင်းနှင့်
(၃) တရားသူကြီးကိုယ်တိုင် တိုင်တန်းအရေးယူခြင်းတို့ ဖြစ်ပါသည်။

**(၁) ဦးတိုက်လျှောက်ထားခြင်း**

ဦးတိုက်လျှောက်ထားခြင်း၏ အဓိပ္ပါယ်ဖွင့်ဆိုချက် ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ၄(၁)(ဈ)တွင် ပြဋ္ဌာန်းထား ပါသည်။ ရဲအရေးပိုင်သည်ဖြစ်စေ၊ ရဲအရေးမပိုင်သည် ဖြစ်စေ၊ သမ္မန်မှုဖြစ်စေ၊ ဝရမ်းမှုဖြစ်စေ၊ ပြစ်မှုကျူးလွန်သူ ကိုသိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ နှုတ် ဖြင့်ဖြစ်စေ၊ ရာဇသတ်ကြီးအရ အမှုဖြစ်စေ၊ အထူးဥပဒေ အရ အမှုဖြစ်စေ ဦးတိုက်လျှောက်ထားနိုင်ပါသည်။

**(၂) ရဲက တရားစွဲတင်ပို့ခြင်း**

ရာဇဝတ်မှုများနှင့် ပတ်သက်၍ သက်ဆိုင်ရာရဲစ ခန်းသို့ နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့် ဖြစ်စေ တိုင်ကြားနိုင်ပါသည်။ ထိုသို့ တိုင်ကြားချက်အား လက်ခံရရှိပါက ရဲစခန်းသည် ရဲအရေးမပိုင်သော အမှုများ အားသက်ဆိုင်ရာတရားရုံးသို့ ဦးတိုက်လျှောက်ထား တရား စွဲဆိုရန် ညွှန်ပြမည်ဖြစ်ပါသည်။ ရဲအရေးပိုင်သောအမှု ဖြစ်ပါက ရဲလုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည် ဖြစ် ပါသည်။ လိုအပ်သော သက်သေများအားစစ်ဆေးခြင်း၊ သက်သေခံပစ္စည်းများ သိမ်းဆည်းရန်လိုက ရှာဖွေပုံစံပြု လုပ်သိမ်းဆည်းခြင်း၊ အချင်းဖြစ်နေရာများသို့ သွားရောက် ကွင်းဆင်းစစ်ဆေးခြင်း၊ မြေပုံကြမ်းများ ရေးဆွဲခြင်း၊ ကျွမ်း ကျင်သူများ၏ ထင်မြင်ချက်များ လိုအပ်ပါက ရယူနိုင်ရန် ဆောင်ရွက်ခြင်းများပြုလုပ်ကြပါသည်။ ၎င်းနောက်တရားခံ အား တရားစွဲတင်ရန် ကနဦးအမြင်အရ သက်သေခံချက် ခိုင်လုံသည်ဟုယူဆပါက သက်ဆိုင်ရာ ဥပဒေရုံး၏ အကြံ ဖြင့် ရဲစွဲချက်တည်ဆောက်ပါသည်။ ၎င်းနောက် တရားရုံးသို့ အမှုစွဲတင်ကြပါသည်။ ဤသို့ဖြင့် တရားရုံးသို့ ရဲက တရား စွဲတင်ပို့ခြင်းဖြင့် ရာဇဝတ်မှုများ ရောက်ရှိလာပါသည်။





(ဟာ…ဒါဆိုသေကုန်မှာပေါ့။)

*'ကုလားကံကောင်းဒယ်၊ လေထီးတစ်ခုနဲ့ခုန် ချခဲ့ဒယ်။'*

(အော်…ဒါဆို မသေဘူးပေါ့။)

*'ကုလားကံဆိုးဒယ်နော်၊လေထီးကမပွင့်ဘူး။'*

(ဟောဗျာ… ဒါဆိုသေမှာပေါ့။)

*'ကုလား ကံကောင်းဒယ်၊ လေထီးနဲ့ သစ်ပင် ငြိသွားဒယ်။'*

(တွဲလောင်းကြီး ဖြစ်နေမှာပေါ့။)

*'ကုလား ကံဆိုးဒယ်။'*

(ဘယ်လိုဖြစ်ရပြန်တာလဲ။)

*'သစ်ပင်အောက်မှာ ကျားတစ်ကောင်ရှိနေ ဒယ်၊ သစ်ကိုင်းကလည်း တဂျွတ်ဂျွတ်မြည်ပြီး ကျိုး ကျတော့မယ်။'*

(ဘုရား … ဘုရား … ဒါဆို ကံဆိုးပြီပေါ့။)

*'ကုလားကံကောင်းဒယ်၊'*

(ဟေ… ကံက ကောင်းပြန်ရောလား)

*'ကျားက လန့်ပြေးတယ်လေ၊'*

(အော် … မုဆိုးရောက်လာလို့လား။)

*'ကုလား နံငယ်ပိုင်းကျွတ်ကျသွားလို့။'*

( .................. )

++++++

**'ရှင် သွားမလို့ဆို'**

**'အင်း'**

ဇနီးသည်၏ အမေးစကားအပေါ် မိမိရဲ့ **'အင်း'** က သက်ပြင်းချမိတာလား၊ ဟုတ်တယ်လို့ ဝန်ခံလိုက်တာ လား ကိုယ်တိုင်ဝေခွဲမရ။

**'မတော်လို့ လမ်းမှာတစ်ခုခုဖြစ်ရင် ကိုယ့် ဒုက္ခနဲ့ကိုယ်ပဲ။ ရှင်သေသွားလို့ သနားကြရင် အလွန် ဆုံး ခုနှစ်ရက်ပေါ့'**

သူ့အသံက အနည်းငယ် မာလာသည်။ အတန် တန် တားနေသည့်ကြားက သွားဖို့ လာဖို့ ပြင်ဆင်နေတာ တွေ ရပ်တမ်းက ရပ်သွားအောင် တစ်ဆင့်တက်ကြည့်ခြင်း ဖြစ်မည်။

နေ့လယ်က သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေး အဖွဲ့– WCS မှ ကိုကျော်မိုးက ရေစိုခံ ကျောပိုးအိတ်တွေ၊ မိုးကာ ရွက်ဖျင်တဲတွေ ရုံးကို လာပို့သည်။ တဲတစ်လုံးကို အစမ်းတပ်ဆင်ကြည့်ရင်း **'ကျွန်တော်လိုက်ချင်တာကို ဆရာ က မခေါ်ဘူး'** ဟု တွတ်ပီ ပြောခဲ့တာကို သတိ ထားမိသည်။ ဖိုးတရုတ် (တောခေါင်း ဇင်မျိုးကို) က **'အနီရောင်က ဆရာ့အတွက်၊ အစိမ်းရောင်လေးက ဦးသန်းဌွေးအတွက်၊ ဟိုဟာက ကိုဇင်မောင်၊ ဒါက ကျွန်တော်၊ ဦးတွတ်ပီ ဘာရောင်ကြိုက်လဲ'** ဟု ကျောပိုးအိတ်တွေကို တစ်လုံးစီကိုင်ပြရင်း တွတ်ပီကိုမေး သည်။ တွတ်ပီ မလိုက်ရမှန်းသိ၍ ကလိနေခြင်းပင်။ တွတ်ပီ က နှုတ်ကမဖြေဘဲ မသာမယာမျက်နှာဖြင့် ကိုဇင်မောင် အတွက်ဟုဆိုသော အပြာရောင် ကျောပိုးအိတ် ကို မေးငေါ့ ပြသည်။

'တွတ်ပီ' ဟု မိမိတို့ ချစ်စနိုးခေါ်ဆိုသူသည် ကာတွန်းဆရာ ဆွေမင်း (ဓနုဖြူ) ၏ ကာတွန်းဇာတ်လိုက် တွတ်ပီကဲ့သို့ မိန်းမကြောက်ရသူတော့ မဟုတ်။ ကြောက် စရာ မိန်းမ မရှိသောကြောင့် ဖြစ်သည်။ မကြောက်ရသော မိန်းမလည်း မရှိရှာ။ တစ်ကိုယ်တည်း လူပျိုကြီး ဖြစ်သည်။ နာမည်အရင်း သိန်းလွင်ဖြစ်သော်လည်း ကာတွန်းဇာတ် ကောင် တွတ်ပီနှင့် ရုပ်ချင်း ဆင်ဆင်တူသဖြင့် မြန်မာနိုင်ငံ သစ်တောကျောင်းတက်စဉ်က သူငယ်ချင်းများ နောက် ပြောင်ခေါ်ဆိုရာက တွတ်ပီ နာမည်တွင်ခဲ့သည်။ တောအုပ် ရာထူး (ယခု တောအုပ်ကြီး) အဆင့်ရှိသူ ဖြစ်ပြီး ခင်မင်သူ ပေါများသည့်အလျောက် အားလုံးက 'တွတ်ပီ' ဟုသာ ချစ်စနိုးခေါ်ဆိုရင်း အမည်ရင်းပျောက်နေသူ ဖြစ်သည်။ သိန်းလွင်ဟုခေါ်လျှင် ထူးဖို့မေ့နေပြီး တွတ်ပီ ဆိုမှ ဗျာဟု ထူးရန် သတိရသူဖြစ်သည်။ မိမိတို့ သွားမည့်ခရီးတွင် လိုက်ပါခွင့်မရသော်လည်း လိုအပ်သည်များကို အလစ် အဟင်းမရှိအောင် စဉ်းစားပေးပြီး တက်တက်ကြွကြွ စီစဉ် ပေးရှာသည်။

ရုံးတွင် ကွန်ပျူတာလုပ်ဆောင်ရေးမှူးဖြစ်ပြီး အရေးကြီးကိစ္စများအတွက် မျက်နှာလွှဲနိုင်သူဖြစ်ရာ ရက် သတ္တတစ်ပတ်ခန့် ကြာမြင့်နိုင်သောခရီးအတွက် မရှိမဖြစ် လိုအပ်ချက်ကြောင့် သူ့ကို ရုံးမှာ ချန်ထားခဲ့ဖို့ဆုံးဖြတ်ရခြင်း ဖြစ်သည်။

တွတ်ပီက မိမိအိမ်သားများနှင့်ပါ ရင်းနှီးခင်မင် သည့်အလျောက် အိမ်ကို အဝင်အထွက်ရှိသူဖြစ်သည်။ အထူးသဖြင့် ဗျစ်တောက်ဗျစ်တောက် ပြောတတ်သော သူ့ညဥ့်အတိုင်း သူလိုက်ခွင့်မရတာကို မြည်တမ်းရေရွတ် ရင်း မိမိဇနီး သိသွားတာဖြစ်မည်။ ဒီကိစ္စကလည်း ဖုံးကွယ် ထားလို့ ရတာမျိုးတော့မဟုတ်။

ဖွတ်ထွက်သွားလို့ လမ်းမှာတစ်ခုခုဖြစ်ခဲ့ရင် ဇနီး သည်ပြောသလို ကိုယ့်ဒုက္ခနဲ့ ကိုယ်ပဲ ဖြစ်မည်ကို တွက်ဆ မိတိုင်း ငါတော့မှားပြီနဲ့ တူပါရဲ့ဟူသော နောင်တလိုလို အတွေးများက တစ်သီတစ်တန်း ဝင်ဝင်လာသည်။ ခုတော့ သူ့စကားကို မကြားသလို နေလိုက်သည်။ ပြန်ပြောပြန်ရင် လည်း အခြေအတင် ဖြစ်ရုံရှိမည်။

လွန်ခဲ့သောရက်ပိုင်းကအဖြစ်အပျက်များက မိမိ အတွက် နောင်တွင်ဆင်ခြင်သတိပြုစရာဖြစ်ခဲ့သည်။ နံနက် တိုင်း ချင်းတွင်းမြစ်ကမ်းဘေးတွင် ဇနီးမောင်နှံနှစ်ဦး လမ်း လျှောက်ထွက်ရာမှ ထိုနေ့က တိုင်းအားကစားကွင်းဘက် ခြေဦးလှည့်ကြသည်။ ပေါင် ၁၈၀ကျော်ပြီ ဖြစ်သော

မိမိ ၏ ဘော်ဒီဝိတ်က မြစ်ကမ်းဘေးလမ်းလျှောက်ရုံဖြင့် မလုံ လောက်တော့သဖြင့် နည်းကောင်း၊ လမ်းကောင်း လေးများ တွေ့လို တွေ့ငြား အားကစားသမားများ ရှိရာဘက်ကို လမ်းကြောင်း ပြောင်းကြည့်ခြင်းဖြစ်သည်။

ဟိုရောက်တော့ ဘောလုံးကွင်းကို ပတ်ပြေးနေသူ၊ ကွင်းလယ်ကို ဖြတ်လျှောက်နေသူ၊ ပွဲကြည့်စင် လှေကား ထစ်များကို ပြေးတက်ပြေးဆင်း လေ့ကျင့်နေသူ အသွင် အမျိုးမျိုးတွေ့ရသည်။ အထူးတန်း ပွဲကြည့်စင်က ရင်ကွဲဖြစ် ပြီး တစ်ဖက်စင်မှာ ကာယဆရာ၏ သင်ပြမှုဖြင့် လေ့ကျင့် နေသူများကို ဒီဘက်ပွဲကြည့်စင်က မြင်နေရသည်။ ဘောလုံးကွင်းကို ၂ ပတ် လောက် ခပ်ပြင်းပြင်းလျှောက်ပြီး ပွဲကြည့်စင် လှေကားထစ်များကို ကြိမ်ဖန်များစွာ တက် လိုက် ဆင်းလိုက် လုပ်ထားသဖြင့် လူကတော့ မျော့နေပြီ။ စိမ့်ထွက်လာသော ချွေးများက ရေထဲ နှစ်ထားသလို ခန္ဓာကိုယ်မှာ ရွှဲရွှဲစို။

တစ်ဖက်ပွဲကြည့်စင်မှာ လေ့ကျင့်ခန်း ဆင်းသူတွေ က ကိုယ်လိုသူလို ၅၀ ကျော် ၆၀ နီးပါးအရွယ်တွေများ သည်။ အရွယ်မငယ်ကြသော်လည်း ပေါ့ပါးသွက်လက်နေ ကြသည်။ **'သူတို့သင်တန်းမှာ ဝင်ကစားရရင်ကောင်း မှာပဲ'** ဇနီးသည် စကားကြောင့် နှစ်ဦးသား သူတို့ဆီရောက် သွားသည်။ သင်တန်းဆရာက **'ပြီးတော့မယ်၊ သွေး အေးလေ့ကျင့်ခန်းလုပ်တော့မယ်၊ ဝင်ကစားပါလား'** ဟုဖိတ်ခေါ်သဖြင့် ပွဲကြည့်စင်အဆင့်ဆင့်တွင် နေရာယူ ထားကြသူများနှင့်အတူ ဆရာနည်းပြသည့်အတိုင်း လိုက် လုပ်ကြသည်။

ခဏပင်မကြာသေး ခန္ဓာကိုယ်အပေါ်ပိုင်းက ရှိန်း ကနဲဖြစ်ပြီး ချွေးတွေကန်ထွက်သည်။ ယခင်ထွက်ပြီးသား ချွေးအပေါ် နောက်ချွေးအသစ်ဆင့်ထွက်ခြင်းဖြစ်သည်။ အသက်ရှူမဝသလို ဖြစ်ပြီး မူးဝေလာသည်။ အလွယ်တကူ လက်မလျှော့လို၍ အားတင်းထားသော်ငြား တဖြည်းဖြည်း ပိုဆိုးလာသဖြင့် ပွဲကြည့်စင်ပေါ်ထိုင်ချလိုက်ရသည်။ မျက်စိ ကို မှိတ်ထားလိုက်ရသည်။ သတိထားမိသော ဇနီးသည် က **'ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ'** ဟု စိုးရိမ်တကြီး မေးသည်။ သူ့အသံကို အဝေးကလာသည့်အလား ခပ်တိုး တိုးသာ ကြားရသည်။ နှုတ်ကဖြေဖို့ ကြိုးစားသော်လည်း အသံအဖြစ် ပြောင်းလဲနိုင်ဖို့ လုံလောက်သည့်လေ အားကို စုစည်းမရ။ လက်ဟန်၊ ခြေဟန်ဖြင့်သာပြရသည်။

လေ့ကျင့်ခန်းလုပ်နေသူတွေကလည်း လုပ်လက်စ ကို ရပ်လိုက်ကြပြီး ဝိုင်းအုံလာသည်။ **'တုံးလုံးလှဲ လိုက် ပါလား'** ဆိုသူကဆို။ **'ဓာတ်ဆားရည်ပါတယ် တိုက် လိုက်ပါလား'** ပြောသူကပြော။ ဦးထုပ်ဖြင့် ယပ်ခတ်ပေး သူကခတ်ပေး။ ဓာတ်ဆားရည်ဗူး လက်ကမ်းပေးသူကပေး။

မိမိအဖို့မှာကား ထိုင်နေလို့လည်း မသက်သာ၊ လှဲကြည့်တော့လည်း အဆင်မပြေ။ နေ့စဉ် အမှတ်တမဲ့ ရှူသွင်းနေကြလေကို ရင်ခေါင်းထိရောက်အောင် ရှူသွင်းဖို့ ရာအားကမပါ။ မျက်နှာရှေ့မှာ တဖျပ်ဖျပ် ခတ်ပေးနေ သော ယပ်တောင်လေများက နှာခေါင်းနားက ဖြတ်သွား သော်လည်း မိမိခန္ဓာကိုယ်အတွင်း ဝင်ရောက်ဖို့ရာ တွန့် ဆုတ်ရှာသည်။ အောက်စီဂျင်မရလို့ထင့် မျက်လုံးများ လည်းဝေဝါးလာသည်။ ဒီအတိုင်းဆိုလျှင် အောက်စီဂျင် ပြတ်ပြီး သေဖွယ်ရာရှိတော့မည်။ ပါးစပ်ကို ဟပြီး စုစည်း လို့ ရသလောက်အင်အားဖြင့် နှာခေါင်းနှင့်ပါးစပ်မှ တစ်ပြိုင်တည်း ကြိုးစားရှူသွင်းလိုက်မှ အနည်းငယ် နေ သာထိုင်သာ ရှိလာသည်။

လမ်းလျှောက်ထွက်လျှင် လက်ကိုင်ဖုန်းများ ယူ လေ့မရှိသဖြင့် ရင်းနှီးသူများကို အကြောင်းကြားဖို့ ခက် နေသည်။ ဖုန်းခေါ်ပေးမည့်သူ ရှိသော်လည်း ဖုန်းနံပါတ် များက ဖုန်းနှင့်အတူကျန်ရှိသဖြင့် ဇနီးသည်ကလည်း မည်သူ့ကိုမှ ဖုန်းဆက်မခေါ်နိုင်။

နောက်ဆုံးတော့ ကားနှင့်လိုက်ပို့သူရှိသဖြင့် အိမ် ပြန်ရောက်သည်။ ကားပေါ်ကို လူတွဲဖြင့်တက်ရသလို၊ကား ပေါ်က ဆင်းတော့လည်း လူတွဲဖြင့်ဆင်းရသည်။ ကိုယ့် ခြေထောက်ပင် ကိုယ်မသယ်နိုင်။ ရုတ်တရက် အားအင် တွေ ဆုတ်သွားလိုက်ပုံများ ဘယ်လိုမှမယုံနိုင်စရာ။

**'မိုးကလည်း ပြတ်သေးတာမဟုတ်ဘူး'** ဇနီး သည်က စကားပြန်စသဖြင့် တွေးလက်စများ ပြတ်တောက် သွားသည်။

**'တစ်ပတ်လောက် တောထဲ တောင်ထဲ မိုးရေ ထဲမှာ လမ်းလျှောက်ရမှာဆိုတော့ ကိုယ့်အသက် အရွယ်ကိုလည်း ပြန်ကြည့်အုံး။ တစ်ခါလဲ သေမလို ဖြစ်ပြီးပြီ၊ တောထဲမှာ ဖြစ်လို့ကတော့ ။'** သူ့စကားသံက တိမ်ဝင်သွားသည်။ နောက်ထပ် စကား လုံးများထွက်ပေါ်မလာ။ ရှင်ဟာရှင် စဉ်းစားဆိုတဲ့ သဘော။ အတန်ကြာမှ **'မိုးကုန်မှသွားကြပါလား၊ ဒါမှမဟုတ် လည်း ငယ်ရွယ်သူတွေ သွားကြပစေပေါ့။'** တားမရ မှန်းသိသဖြင့် မိုးကုန်မှ သွားဖို့ဈေးဆစ်လာခြင်း ဖြစ်သည်။

**'ကိုသန်းဌေးက ဟုမ္မလင်းလေယာဉ် လက် မှတ်ဝယ်ပြီးနေပြီ၊ ဝန်ကြီးချုပ်ကလည်း အစ်ကို့ကို အဖွဲ့ခေါင်းဆောင်တင်ထားတာ'** ချည်ပြီး၊ တုတ်ပြီး ဖြစ်နေသဖြင့် ပြောင်းလဲဖို့ခက်နေပုံကို ရှင်းပြသည်။

**'အောင်မလေးတော်... ရှင့်ကိုယ်ကရှနေတာ ပါ။ ကိုသန်းဌေးက ပြောလို့ရပါတယ်၊ ဝန်ကြီးချုပ် ကလည်း အကျိုးအကြောင်းတင်ပြရင်ရတဲ့ဥစ္စာကို'** ရှနေတယ်ဆိုတဲ့စကားက မခံချင်စရာဖြစ်သော် လည်း မိမိက တကယ်ရှနေတာမို့ ငြိမ်နေလိုက်ရသည်။





ပြန်ကြားရန် သတ်မှတ်ထားသော (ပြစ်မှု ၉၅) ပုံစံရှိပါ တယ်၊ ဉခရိုင်ရဲတပ်ဖွဲ့မှူး၏အမိန့်ရလျှင်ရချင်း (ပြစ်မှု ၉၅) ပုံစံတွင် ဖြည့်စွက်၍ အမှုတိုင်တန်းသူထံ ဆောလျင်စွာပေး ပို့ရမှာ ဖြစ်တယ်လို့ ဆိုထားတယ်... [ရဲလက်စွဲ (ဒု – တွဲ) အပိုဒ် ၁၄၄၀]

ဒီအမှုမှာတော့ ရဲထံတိုင်ချက်ဖွင့်ခဲ့တယ်လို့ ဆို သော်ငြားလည်း ပထမသတင်းပေးတိုင်ချက်ပုံစံတွင် တိုင် တန်းသူအမည်တွင် ရဲစခန်းမှူးကိုသာ ဖြည့်သွင်းထားပြီး သစ်တောမပါဝင်ခြင်း၊ သက်သေစာရင်းတွင်လည်း သစ် တောဝန်ထမ်းမပါဝင်လို့ သစ်တောမှပေးမည့် သက်သေခံ အထောက်အထားများ သက်သေခံထည့်သွင်းမခံရခြင်း၊ ပူးပေါင်းဖမ်းသည်ဆိုသော်ငြားလည်း သစ်တောဝန်ထမ်း များမှ တရားလို/ သက်သေနေရာများတွင် ထည့်သွင်း မပါရှိခြင်း၊ သစ်တောမှ ရှာဖွေပုံစံဖြင့်ဖမ်းဆီး သစ်/ ယာဉ်/ ရေယာဉ်များသိမ်းဆည်းဆောင်ရွက်ခြင်း၊ ဖမ်းဆီးသစ်သိမ်း ဆည်းခြင်း၊ ယာဉ်/ရေယာဉ်များအား စနစ်တကျလွှဲအပ် ခြင်း၊ အမှုတွဲတည်ဆောက်၍ စနစ်တကျအမှုဖွင့်လှစ်ခဲ့ ခြင်း၊ အမှုနှင့်ပတ်သက်၍ ရဲစခန်းမှ ရဲစခန်း/ တရားရုံးများ သို့ ရောက်ရှိဆောင်ရွက်ပြီးစီးမှုအခြေအနေ စသည်တို့တွင် ဆောင်ရွက်နိုင်ခဲ့မှု အားနည်းခဲ့တာကိုတွေ့ရှိရပါတယ်၊

ဒါကြောင့်မို့လို့ အမှုတည်ဆောက်စဉ်က တရားစွဲ တင်နိုင်ရေး ခိုင်လုံသောအမှုစစ်ဆေးချက်နှင့် သက်သေအ ထောက်အထားများရရှိနိုင်ရေး သစ်တောမှ ဆောင်ရွက်ရ မှာဖြစ်ပါတယ်၊ သစ်တောမှ သစ်တောဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ပြီး ရဲစခန်းသို့ တရားစွဲတင်နိုင်ရေး အမှုဖွင့် လှစ်ပြီးပါက ညွှန်ကြားချက်နှင့်အညီ ၁၅ ရက် ၁ ကြိမ် ရဲစခန်း/ ဥပဒေရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ပါက အမှုအခြေအနေမှန်ကို သိရှိနေမှာဖြစ်ပါတယ်၊

သစ်တောမှ ရဲစခန်းသို့ အမှုဖွင့်လှစ်ဆောင်ရွက်ခဲ့ ကြောင်းသေချာပါက ရဲစခန်းမှ တရားစွဲတင်ခြင်းမပြုနိုင် ၍ ပိတ်သိမ်းသောရဲအရေးယူပိုင်သည့် ပြစ်မှုများတွင် ခရိုင် ရဲတပ်ဖွဲ့မှူး၏ အမိန့်ရလျှင်ရချင်း(ပြစ်မှု ၉၅)ပုံစံတွင် ဖြည့် စွက်၍ အမှုတိုင်တန်းသူထံ ဆောလျင်စွာပေးပို့မှာ ဖြစ် ပါတယ်၊

ဒီလိုတွေ ဆောင်ရွက်နိုင်ဖို့ရာ သစ်တောမှ သစ် တောဥပဒေ/နည်းဥပဒေအပြင် သက်သေခံဥပဒေ၊ ပြစ်မှု ဆိုင်ရာကျင့်ထုံးဥပဒေ၊ ရဲလက်စွဲ (ပ/ဒု/တ–တွဲ)တို့မှ သက် ဆိုင်သည့်အချက်များ ကြိုတင်သိရှိအောင် လုပ်ထားသင့် ပါတယ်၊

သက်သေခံဥပဒေ ပုဒ်မ ၆၅(ဆ) **သက်သေခံ တင်ပြသည့်ဒုတိယအဆင့်သက်သေခံချက်ကို မူရင်း စာတမ်းအမှတ်အသားများတွင် ငွေစာရင်းများ (သို့) အခြားစာရွက် စာရွက်စာတမ်းများ မြောက်မြားစွာပါ ရှိသဖြင့် ယင်းတို့ကို တရားရုံးကအလွယ်တကူစစ် ဆေးခြင်းမပြုနိုင်သည့်အပြင် သက်သေထင်ရှား အောင် တင်ပြရမည့်အကြောင်းခြင်းရာမှာလည်း ထို ငွေစာရင်းများ သို့မဟုတ် စာရွက်စာတမ်းများအားလုံး ကိုစစ်ဆေးခြင်းဖြင့် အားလုံးခြုံ၍ တွေ့ရှိသည့်အ ချက်ဖြစ်လျှင်– ထိုသို့သော စာတမ်းအမှတ်အသား များကို စစ်ဆေးခြင်း၌ ကျွမ်းကျင်သူတစ်ဦးဦးက ထို စာတမ်းအမှတ်အသားများကို စစ်ဆေးပြီးနောက် ယင်းတို့အပေါ်အားလုံးခြုံ၍ တွေ့ရှိသည့်အချက်ကို သက်သေခံတင်ပြနိုင်သည်လို့ ဖော်ပြပါရှိပါတယ်** ...(သက်သေခံဥပဒေ)

**မူရင်းများသည် စာရင်းအင်း (သို့) အခြားစာ ရွက်စာတမ်းအမြောက်အမြားပါရှိသဖြင့် တရားရုံးက လွယ်လင့်တကူ မစစ်ဆေးနိုင်သည့်အပြင်သက်သေခံ တင်ပြရန်အကြောင်းခြင်းရာမှာ ၎င်းတို့အားလုံး၏ လို ရင်းအချက်ဖြစ်သည်၊ ထိုသို့သော စာတမ်းအမှတ်အ သားများကို စစ်ဆေးခြင်း၌ ကျွမ်းကျင်သူတစ်ဦးက စစ်ဆေးပြီးနောက် တွေ့ရှိရသောလိုရင်းအချက်ကို သက်သေခံတင်ပြနိုင်သည်...**

**စာရင်းအင်း (သို့) စာတမ်းအမှတ်အသားများ သည် အလွန်များပြားသဖြင့် တရားရုံးကလွယ်လင့် တကူမစစ်ဆေးနိုင်သည့်အခါ ကျွမ်းကျင်သူတစ်ဦး က ၎င်းတို့အားလုံးကိုစစ်ဆေးပြီးနောက် တွေ့ရှိချက် အတွက် ကျွမ်းကျင်သူ၏ စစ်ဆေးတွေ့ရှိချက်သည် သက်သေခံဝင်သည်** ... (ဦးဘိုးသာ– သက်သေခံ ဥပဒေ အဖွင့်ကျမ်း ဒုတိယပိုင်း)

သက်သေခံဥပဒေ ပုဒ်မ၇၉အရ ပြည်သူ့ ဝန်ထမ်း တစ်ဦးက လက်မှတ်ရေးထိုးထားသော သက်သေခံ လက်မှတ် မှန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးထားသော မိတ္တူ နှင့် အခြားစာတမ်းအမှတ်အသားများမှာ မှန်ကန် သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်... မှန်ကြောင်း မှတ်ယူရမည်ဟု ဆိုသောကြောင့် မုချမှန်ကန်သည်ဟုယူဆ ၍မရပါ**...သို့ဖြစ်၍ မှားယွင်းလျှင် တစ်ဘက်မှမှား ယွင်းကြောင်း သက်သေခံတင် ပြခွင့်ရှိသည် ...**

ဒါကြောင့် ရဲမှ ဥပဒေအကြံပေးထံ တင်ပြခဲ့သည့် သက်သေခံ စာရွက်စာတမ်းအထောက်အထားများနှင့်ပတ် သက်၍ အထက်သက်သေခံဥပဒေပါ အချက်အလက်များ အရ မှားယွင်းနေကြောင်း သစ်တောက သိရှိရပြီး ဥပ ဒေအကြံပေးရုံးသို့ အချက်အလက် အထောက်အထားများ ဖြင့် ကန့်ကွက်၍ တရားရုံးသို့ ဆက်လက်တရားစွဲဆိုနိုင် ရေးဆောင်ရွက်နိုင်မှာဖြစ်ပါတယ်၊

သစ်တောဦးစီးဌာနမှ အမိန့်၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများအတိုင်း အချိန်နှင့်တစ်ပြေးညီဆောင် ရွက်ခဲ့မယ်ဆိုရင် အမှုလမ်းကြောင်းက ပြောင်းသွားမှာ ဖြစ်ပါတယ်၊

တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ နှင့်ပတ်သက်လို့ အရေးယူဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့မှ စတင်အရေးယူစဉ်ကာလက စွဲတပ်သည့် ဥပဒေပုဒ်မ ထိ

အချိန်နှောင်းမှသာ သိရှိခဲ့ရပြီး အဆင့်ဆင့်ဆက်လက်ညှိနှိုင်းဆောင်ရွက်တင်ပြခဲ့သော်လည်း အမှုမှာ ဆက်လက်အရေးယူဆောင်ရွက်နိုင်ခဲ့ခြင်းမရှိဘဲပြီးဆုံးခဲ့ရပါတယ်၊

အဲဒီလိုနှင့်အမှုမှာ သစ်တောဦးစီးဌာနမှာ တရားစွဲဆိုထားသည့် အမှုလက်ကျန်ဖြစ်ပေါ်နေခဲ့ပြီး အမှုပိတ်သိမ်း အမှုလက်ကျန် ပယ်ဖျက်နိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့သို့တင်ပြပြီး ဆောင်ရွက်ခဲ့ရပါတော့တယ်၊ အဲဒါကလည်း အချိန်ကာလ ၃ နှစ်ခန့် ကြာမြင့်မှသာ အမှုပိတ်သိမ်း အမှုလက်ကျန် ပယ်ဖျက်နိုင်ခဲ့ပါတယ်၊

'ကိုယ့်ညီပြောပြတဲ့ဖြစ်စဉ်ကတော့ စုံလင်ပါတယ်'

'အဲဒီဖြစ်စဉ်အပေါ် အစ်ကို သိသလောက် အကြမ်းဖျဉ်းသုံးသပ်ကြည့်မယ်ကွာ'

'ကိုယ့်ညီ ပြောပြခဲ့တဲ့ ဖမ်းဆီးဖြစ်စဉ်စတင်စဉ်ကတည်းက အားနည်းချက်တွေကြောင့် ရဲမှအမှုပိတ်သိမ်းပြီး နောက်ပိုင်းမှာ သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်ခဲ့သော်လည်း အဆင်မပြေခဲ့တာတွေ့ရပါတယ်'

ဖမ်းဆီးရမိ၍ အမှုစတင်တည်ဆောက်စဉ်မှ အမှုပြီးပြတ်သည့်အထိ အဆင့်ဆင့်မှာ ဌာနကထုတ်ပြန်ထားတဲ့ အမိန့်၊ညွှန်ကြားချက်၊လုပ်ထုံးလုပ်နည်းများ၊ဥပဒေ၊နည်းဥပဒေများနှင့်အညီ စနစ်တကျဆောင်ရွက်ခဲ့ဖို့လိုပါတယ်၊

သစ်တော/ရဲ/ရပ်ကျေးအဖွဲ့ဖြင့် ပူးပေါင်းဖမ်းဆီးစဉ်ကတည်းက ဓာတ်ပုံအားညွှန်ကြားချက်နှင့်အညီ ရိုက်မှတ်ရယူခြင်း၊ အတိုင်းစာရင်း စနစ်တကျတိုင်းတာဖြည့်သွင်း၍ အသိသက်သေလက်မှတ်ရေးထိုးထားစေခြင်း၊ ဖမ်းတံဆိပ်ရိုက်မှတ်ခြင်း၊ ရှာဖွေပုံစံတွင် ပြည့်စုံစွာဖြည့် သွင်းခြင်း၊ ယာဉ်/ စက်လှေနှင့်ပတ်သက်သည့် အထောက်အထားစာရွက်စာတမ်းများ သိမ်းဆည်းခြင်းများ ဆောင်ရွက်ရမှာဖြစ်ပါတယ်၊

အမှုတွဲပြည့်စုံစွာ တည်ဆောက်၍ အထက်ရုံးသို့ အစီရင်ခံတင်ပြခြင်း၊တရားစွဲဆိုနိုင်ရေးအတွက် ရဲစခန်းသို့ အမှုဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ဖမ်းဆီးယာဉ်နှင့်ပတ်သက်၍ လိုင်စင်ပိုးတက်နှင့် အုံနာဘုတ်ပါရှိခြင်း၊ ဖမ်းဆီးစက်လှေနှင့်ပတ်သက်၍မှတ်ပုံတင်လက်မှတ်နှင့် ရေကြောင်းခုတ်မောင်းသွားလာခွင့်လက်မှတ်ပါခြင်းတို့ကြောင့် ယာဉ်နှင့်စက်လှေတို့အား ရဲသို့ ထောက်(၄)ကြီးဖြင့်လွှဲအပ်ခြင်းတို့ ဆောင်ရွက်ရမှာဖြစ်ပါတယ်၊ ဖမ်းဆီးသစ်ကိုတော့ သစ်တောဦးစီးဌာနသို့ သယ်ယူသိမ်းဆည်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်၊

ရဲစခန်းသို့ အမှုဖွင့်လှစ်နိုင်ရန် နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းကြေးနန်းဖြင့်ဖြစ်စေ တိုင်ကြားနိုင်ပါတယ်၊ နှုတ်ဖြင့်တိုင်ကြားလျှင် စာဖြင့် ရေးမှတ်ပြီး လက်ခံသူ ရဲစခန်းမှူး (သို့) ၎င်းမှ စေခိုင်းသူမှ ပြန်လည်ဖတ်ပြမှာဖြစ်ပါတယ်၊ သတင်းပေးသူမှ သတင်းပေးချက်တိုင်းတွင် လက်မှတ်ရေးထိုးရမှာဖြစ်ပါတယ်၊ စာဖြင့်ရေးသားပေးသော သတင်းပေးချက်၊ တိုင်ကြားချက်ဖြစ်လျှင် ပထမသတင်းပေးမှတ်ပုံတင်စာအုပ်တွင် ရေးသွင်း၍ လက်ခံသူမှ ရက်စွဲတပ်၍ လက်မှတ်ထိုးပါမည်၊ စခန်းမှူးမဟုတ်လျှင် ရက်စွဲတပ်၍ ၎င်းမှကိုယ်တိုင်ထပ်ဆင့် လက်မှတ်ရေးထိုးပါမယ်[ရဲလက်စွဲ (ဒု–တွဲ) အပိုဒ် ၁၄၁၁/၁၄၁၂]

ပထမသတင်းပေးတိုင်ချက်စာအုပ် $\frac{\text{ပြစ်မှု/၁၅}}{\text{ရဲ ၃၄}}$ ပုံစံဆိုတာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၅၄ အရ ပြဋ္ဌာန်းသတ်မှတ်ထားသည့်မှတ်ပုံတင်စာအုပ်ဖြစ်ပါတယ်၊

ပထမသတင်းပေးတိုင်ချက် မှတ်ပုံတင်စာအုပ်တွင်ရေးသွင်းထားသည့် မှတ်ပုံတင်အမှတ်ကို မျဉ်းစောင်းခံ၍ ရောက်ရှိပြက္ခဒိန်နှစ်ကို ရဲစခန်းအမှုအမှတ် (ပ) အမှတ်လို့ ခေါ်ပါတယ်၊

ပထမသတင်းပေးတိုင်ချက်ဆိုတာ ခိုင်မာသည့် သက်သေခံချက်မဟုတ်ပါ၊ တိုင်ကြားထားသော သက်သေခံချက်ဖြစ်ပါတယ်၊ အရေးကြီးတဲ့ မှတ်တမ်းတစ်ခု ဖြစ်ပါတယ်၊ သတင်းပေးသူ၏ ကျမ်းကျိန်ထွက်ဆိုချက်ကို ထောက်ခံရန်(သို့) ငြင်းဆိုရန်သာ အသုံးပြုနိုင်ပါတယ်.. [ရဲလက်စွဲ (ဒု–တွဲ) အပိုဒ် ၁၄၁၄]

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၄ အရ ရဲ အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုဖြစ်ပွားကြောင်း သတင်းပေးတိုင်တန်းချက်ရလျှင် ချက်ချင်းတိုင်ချက်ရေးဖွင့်ရမှာဖြစ်ပါတယ်၊ နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ကြိုးမဲ့ကြေးနန်းဖြင့်ဖြစ်စေ တိုင်ကြားပါလျက် လက်ခံရေးမှတ်ခြင်းမပြုခဲ့သော်၊ တိုင်ကြားသည့်အတိုင်းမဟုတ်ဘဲ တိုင်ကြားသူ (သို့) တိုင်ကြားခံရသူကို အကျိုးရှိ (သို့) အကျိုးယုတ်အောင်ပြောင်းလဲရေးမှတ်ခဲ့သော် (သို့) အမှုထိန်ဝှက်ရန် အကြံဖြင့် မှတ်ပုံတင်စာအုပ်မှ ဆုတ်ဖြဲဖျောက်ဖျက်ခဲ့သော် ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရဖြစ်စေ၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၇၇ နှင့် ၂၁၈ တို့အရဖြစ်စေ အရေးယူခံရပြီး အမြဲတမ်းထုတ်ပယ်ခံရမည်ဖြစ်ပါတယ်.. [ရဲလက်စွဲ (ဒု–တွဲ) အပိုဒ် ၁၄၁၄]

ရဲစခန်းတွင် အမှုဖွင့်လှစ်ပြီးလျှင် ရဲစခန်းအမှုအမှတ် (ပ) အမှတ် ရပါမယ်။ ရဲစခန်းမှ အမှုနှင့်ပတ်သက်၍ ရဲလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအရ ဥပဒေရုံးသို့တင်၍ သက်သေခိုင်လုံကြောင်းတွေ့ရှိရပါက တရားစွဲတင်နိုင်ရေးဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီးသက်သေအထောက်အထားများမခိုင်လုံကြောင်းတွေ့ရှိရပါက အမှုပိတ်သိမ်းနိုင်ရေးဆောင်ရွက်မှာဖြစ်ပါတယ်၊

သက်သေခံပစ္စည်းများနှင့်စပ်လျဉ်း၍ **သက်သေခံချက်များ မှားယွင်းခြင်း**ကြောင့်သော်လည်းကောင်း၊ ဂရုစိုက်၍ ကြည့်ရှုထိန်းသိမ်းခြင်း မပြုသောကြောင့်သော်လည်းကောင်း အမှုကြီးများ၌ ပြစ်မှုကျူးလွန်သူတို့ လွတ်မြောက်ပါက **ပျက်ကွက်သူအား ပြင်းထန်စွာ ပြစ်ဒဏ်စီရင်ခြင်းခံရမှာ ဖြစ်ပါတယ်...** [ရဲလက်စွဲ (ဒု–တွဲ) အပိုဒ် ၁၇၅၀ (ဈ)]

တရားစွဲတင်ခြင်း မပြုနိုင်၍ ပိတ်သိမ်းသော ရဲအရေးယူပိုင်သည့် ပြစ်မှုများတွင် အမျိုးအမည်ခွဲခြား၍ ပြစ်/ကျင့် ၁၇၃ (၁) (ခ) အရ အမှုတိုင်တန်းသူအား အကြောင်း



သစ်တောကြေးမုံ ၂၀၂၁..စက်တင်ဘာလ

ကိုသန်းဌေးနှင့်နှစ်ယောက် ကိုယ်ရှု၊ သူရှု၊ အတူရှုကြရင်း အခုတော့ မဖြစ်မနေ ကွဲကြရပေတော့မည်။

**'ဟိုရောက်မှ ကြည့်လုပ်ရမှာပဲ။ အခြေအနေကြည့်ပြီး သိပ်မလွယ်ရင် ဟုမ္မလင်းမှာပဲ နေရစ်ခဲ့မှာပေါ့၊ ကိုယ့်အသက်ထက် ဘယ်အရာမှ အရေးမကြီးပါဘူး၊'**

တစ်ထစ်လျှော့ပေးလိုက်တော့မှ ဇနီးသည်က ပူပင်စိတ်တွေ လျော့သွားပုံရပြီး နောက်ထပ် စကားမဆိုတော့ပဲ တီဗွီရှေ့ရောက်သွားသည်။ စကားအရ တစ်ထစ်လျှော့ရသော်လည်း စိတ်အားက မလျှော့ချင်။ ကိုယ်မပါဘဲ သူတို့ချည်းသွားလျှင် ကိုယ်ကသောဇာတ်တွင် ကိုယ်ကဇာတ်ပို့လောက်ဖြင့် ပြီးရမည်ကို မရောင့်ရဲနိုင်သော လောဘက ကောင်းကောင်းကြီးအစွမ်းပြကာ နေမထိ၊ ထိုင်မသာ နှိပ်စက်ပါတော့သည်။

ထိုညက မိုးကတဝုန်းဝုန်းရွာသည်။ မိုးရေထဲ ပြေးထွက်ပြီး ဆော့ကစားခဲ့သော လွန်ခဲ့သည့် နှစ်ပေါင်း လေးဆယ်ကျော်ငါးဆယ်ကို တမ်းတမိသည်။ မိုးရေချိန်လက်မ ၁၅၀ ဝန်းကျင် ရှိသော မြစ်ဝကျွန်းပေါ်တွင် မွေးဖွားသူပီပီ မိုးရေကို အရေးလုပ်ခဲ့သူမဟုတ်။ မိုးရွာလျှင် ပျော်သည်။ မိမိတို့ဒေသက တစ်နေကုန်မိုးရွာသော်လည်း ကျောင်းတက်မပျက်၊ အလုပ်ဆင်းမပျက်။ အညာမှာလို မိုးရွာလို့သာ အလုပ်မဆင်းရရင် ထမင်းငတ်မည့်ဒေသ။ ဤမျှ မိုးရေနှင့် ထွေးရောရစ်ပတ်နေလာခဲ့သူသည် အညာဒေသရောက်ခါမှ မိုးရေလေးမစို့မပို့စိုလိုက်လျှင်ပင် ကိုက်ချင်၊ ခဲချင်သည်။

ဒီရက်ပိုင်းမှာမှ အညာမိုးကလည်း ဘယ်အငြိုးဖြင့် သဲသဲမဲမဲ ရွာသည် မသိ။ ဟုမ္မလင်းဘက် ဖုန်းဆက်မေးတော့လည်း ဒီလိုပဲရွာပါသတဲ့။ ပို၍တောင် များသယောင်ယောင်။ ဒီလိုပုံမျိုးနဲ့ တောထဲ တောင်ထဲ တစ်ပတ်ဆယ်ရက်ရေစိုခံရမည့် အရေး၊ တွေးရင်း တွေးရင်း စိတ်လေးရသည်။ မပြောကောင်း၊ မဆိုကောင်း ကိုယ့်သေတွင်း ကိုယ်တူးမိနေမှုဖြင့်ဆိုသော စိုးရိမ်စိတ်က ငယ်ထိပ်တက်ဆောင့်လာသဖြင့် မပျော်တစ်ချက်၊ ပျော်တစ်ချက်၊ နိုးတစ်ဝက် အိပ်တစ်ဝက်၊ ထိုညက အိပ်ရေးပျက်သည်။

'တွတ်ပီရေ လမ်းမှာငါကြွသွားရင် စိတ်ကအဲဒီဆီရောက်ပြီး အဲဒီမှာပဲ အစောင့်ဖြစ်မှာ' လို့ ပြောမိဖူးသည်။ ဒီတော့လည်း ဇနီးသည် စိုးရိမ်တာ အပြစ်မဆိုသာ။ ခုတော့ သူက ဘေးမှာ ခွေခွေလေး အိပ်မောကြနေပြီ။ ကိုယ့်မှာသာ ဟိုလှိမ့် ဒီလူး။

ဆက်လက်ဖော်ပြပါမည် ➤

++++++++++++

စာမျက်နှာ (၅) မှအဆက် ➤

မြန်မာနိုင်ငံလို အပူပိုင်းဒေသအတွက် အေးလွန်းလို့ဖြစ်တဲ့ရောဂါ ရှားပါးပါတယ်။ အအေးပိုင်းဒေသ အပင်များမှာတော့ အေးလွန်းခြင်း၊ နှင်းခဲခြင်းဖြင့် ပင်စည်အက်ကွဲခြင်း၊ အဖူးမတင်ခြင်း၊ ပုံမှန်ကိုင်းမဖြာဘဲ တံမြက်စည်းကဲ့သို့ ရှုပ်ထွေးသောကိုင်းငယ်များ စုပြုံထွက်ခြင်း (Witches broom, Fasiculation)၊ အရွက်နှင့် နုညံ့သောတစ်သျှူးများမဲ၍ သေခြင်းတို့ကြုံတတ်ပါတယ်။

အာပေါ်ဆိုတဲ့ ရေဓာတ်ဟာ သစ်ပင်များအပေါ် တိုက်ရိုက်သက်ရောက်မှုရှိပါတယ်။ မြေထဲက ရေကို သစ်ပင်အမြစ်ကစုပ်ယူပြီး ရေကြောမှတစ်ဆင့် အပင်အစိတ်အပိုင်းများသို့ ပို့ဆောင်ရပါတယ်။ သို့သော်လည်း ရေဓာတ်များလွန်းရင် သစ်ပင်အမြစ်မခိုင်မြဲဘဲ ကျွတ်ထွက်ခြင်း၊ ရေများလွန်း၍ ရေစီးရေလာမကောင်းဘဲ ပျိုးဥယျာဉ်စိုက်ခင်းများမှာ ရေဝပ်ခဲ့ရင် အမြစ်ရောဂါ( Root rot, Root decay) များ ခံစားတတ်ရပါတယ်။

လူနှင့်သတ္တဝါများက ထုတ်လွှတ်သော ကာဗွန်ဒိုင်အောက်ဆိုဒ်ကို အပင်က သန့်ရှင်းအောင်လုပ်ပေး၍ သစ်ပင်က ပြန်လည်ထုတ်ပေးသော အောက်ဆီဂျင်သည် လူနှင့်သတ္တဝါတို့အတွက် မရှိမဖြစ်လိုအပ်ပါတယ်။ လူနှင့်သစ်ပင်အပြန်အလှန်လိုအပ်သော ဝါယောဓာတ် ညီညွတ်မျှတပါက ကျန်းမာခြင်းသုခကို ရနိုင်မှာဖြစ်ပါတယ်။ လေလိုအပ်သည်ဆိုသော်လည်း လေပြင်းမုန်တိုင်းကျခြင်းဖြင့် သစ်ပင်ပြိုလဲကျိုးကျနိုင်ကာ ထိုဒဏ်ရာမှ ရောဂါပိုးများကို သယ်ဆောင်ပျံ့နှံ့စေပါတယ်။ ပတ်ဝန်းကျင်လေထုညစ်ညမ်းခြင်းမှ သစ်ပင်အရွက်များ အစိမ်းရောင်မှ အရောင်ပြောင်းခြင်း၊ အညိုကွက်၊ အစက်အပြောက်များ ပေါ်လာခြင်း၊ ကြီးထွားမှုနှေးကွေးခြင်း၊ အသီးများ မကြီးထွားခြင်းပြဿနာများ ပေါ်ပေါက်လာတတ်ပါတယ်။

ကွာခြားတာတော့ လူကမကျန်းမာရင် ဘယ်နေရာက၊ ဘယ်လိုခံစားနေရတယ်ဆိုတာ ပြောပြနိုင်စွမ်းရှိပေမဲ့၊ သစ်ပင်မှာတော့ ပြောင်းလဲသွားတဲ့ ပုံမှန်မဟုတ်တဲ့ လက္ခဏာများကို ကြည့်ပြီးတော့သာ မကျန်းမာတာကို သတိပြုမိရပါတယ်။ ကိုယ့်ကျန်းမာရေးကို ကိုယ်အလေးထားသလို မိမိပတ်ဝန်းကျင်က အပင်လေးတွေရဲ့ကျန်းမာရေးကို စောင့်ရှောက်တတ်မယ်ဆိုရင် သစ်တော သစ်ပင်ချစ်ခင်တဲ့လူမျိုးအဖြစ် ဂုဏ်ယူစရာကောင်းလှပါတယ်။

၂၀၀၇ ခုနှစ် ၊ ဒီဇင်ဘာလ၊
သစ်တောရေးရာဂျာနယ်တွင် ဖော်ပြပါရှိခဲ့သည့်
ဒေါ်ဝေဝေသန်း၊ သစ်တောသုတေသနဌာန ၏
ဆောင်းပါးအား ပြန်လည်ဖော်ပြအပ်ပါသည်။

# ဆယ်လမွန်ငါးတို့ အိမ်ပြန်ချိန်



ဦးဇော်ဦး (ညွှန်ကြားရေးမှူး - ငြိမ်း)

ယခုကဲ့သို့ တစ်နိုင်ငံလုံး COVID-19 တတိယ ကပ်လှိုင်းဖြစ်နေစဉ်တွင် မိမိဖက်က ဆွေမျိုးရင်းချာများနှင့် ငယ်သူငယ်ချင်းများရှိရာ ရန်ကုန်မြို့ကို ခြေစုံကန်၍ အမျိုးသမီး၏ဇာတိ လားရှိုးမြို့၌ အခြေချနေထိုင်ခဲ့ပါသည်။ ဖေဖော်ဝါရီလကုန် ပင်စင်ယူပြီးချိန်တွင် မိသားစုနှင့် မြို့ထဲထွက် ဈေးသွား၊ ဆိုင်ထိုင်၊ အငြိမ်းစားအဖွဲ့နှင့် ဂေါက်ရိုက် လေကန်၊ ဝယ်ထားပြီး မဖတ်ရသေးသည့်စာအုပ်များကို တစ်အုပ်ချင်း အချိန်ယူဖတ်ရှု၊ အိမ်ပြုပြင်၊ အိမ်ရှေ့မြေကွက်လပ်တွင် ဟင်းသီးဟင်းရွက်ပင်များစိုက်နှင့် နေလို့ထိုင်လို့ကောင်းခဲ့ပါသည်။ ထို့အပြင် အလုပ်ကိစ္စ၊ လူမှုရေးကိစ္စများအရ နေပြည်တော် သွား၊ ပြင်ဦးလွင်သို့ဝင် ခရီးစဉ်များတွင် ညီတော်၊နောင်တော် ကိုကြီးကျော်များနှင့် တမင်ဆုံ၍ ဘုံဘဝကြုံရခဲ့သည်များအနက် သူများမကောင်းကြောင်း ကိုယ်တော်ကြောင်းများကို ပြန်ပြောင်းပြောဆိုကြရင်း ပျော်ရွှင်ခဲ့ရပါသည်။ ဒီလိုဆိုတော့လည်း အငြိမ်းစားဘဝနေရတာမဆိုးပါဘူးပေါ့။ ကိုဗစ်ကနဦးကာလတွင် လားရှိုး၌ stay at home နေထိုင်ပြီး ရပ်ကွက်ရုံးက ထုတ်ပေးထားသောကတ်ဖြင့် တစ်အိမ်တစ်ယောက် ပြင်ပသို့ထွက်ခွင့်ရခဲ့သော်လည်း ယခု ကပ်ရောဂါပြင်းထန်လာချိန်တွင် နေ့လယ် ၁၂ နာရီ နောက်ပိုင်း အိမ်အပြင်ထွက်ခွင့်မရတော့။

ကဲ... အပြင်ထွက်မရပြီဆိုတော့ မောင်မင်းအငြိမ်းစား ဘာတွေလုပ်မလဲ စဉ်းစား။ လုပ်ချင်စိတ်ရှိလျှင် အလုပ်ကမရှားပါပေ။ ငါးတန်းအရွယ်လောက်ကတည်းက နံနက် လေးနာရီထပြီး စာကျက်ခဲ့သည့် အလေ့အကျင့်အရ ယခုပင်စင်ယူပြီးချိန်အထိ ပုံမှန်နိုးဆဲ။ ၎င်းအချိန် အလုပ်လုပ်တုန်းကဆိုလျှင် ရုံးစာဖတ်၊ အရေးကြီးသည့်စာများ ကိုယ်တိုင်စာကြမ်းရေးပေါ့။ ရုံးအလုပ်မရှိလျှင် ပြင်ပစာများကို ရေရွေးကြမ်းမြည်း၍ဖတ်သည်။ စာအလွန်ဖတ်သော အစ်မအငယ်ကျောင်းဆရာမ၏ ကျေးဇူးကြောင့် လေးတန်းလောက်ကတည်းက ကာတွန်း၊ မဂ္ဂဇင်း၊ သုတရသဝတ္ထုမျိုးစုံစဖတ်ခဲ့ပါသည်။ အလယ်တန်းကျောင်းသားဘဝတွင်ပင် စစ်နှင့်ငြိမ်းချမ်းရေး စ–ဆုံး၊ တသိမ့်သိမ့်ဒွန်၊ လေရူးသုန်သုန်၊ ကားလ်မာ့ခ်၏ အရင်းကျမ်းနှင့် ဖိနတ္တပကာသနီကျမ်းတို့လို စာအုပ်များကို ဖတ်ပြီးဖြစ်သည်။ ထိုစဉ်ကငယ်သေး၍ စာအုပ်ပါ အချို့အကြောင်းအရာများကို နားမလည်၊ နောင်အသက်ရလာမှ တဖြည်းဖြည်း သိလာခြင်းဖြစ်သည်။ မိမိရသော ကျောင်းမုန့်ဖိုးနှင့် စာအုပ်ဝယ်ငွေမဖတ်နိုင်ပါ။ ကျောင်းစာကြည့်တိုက်များနှင့် အုတ်ကျင်း ဂုံနီစက်ရုံ စာကြည့်တိုက်တို့၏ ကျေးဇူးကြောင့်သာ ဖတ်နိုင်ခြင်းဖြစ်သည်။ စာစုံဖတ်ထားသောကြောင့် အတန်းကျောင်းတွင် ဆရာများက မြန်မာစာ၊ သမိုင်းနှင့် ပထဝီဘာသာရပ်များ သင်လျှင် တော်တော်များများကို ကြိုတင်သိပြီးဖြစ်နေလေသည်။ ကြောင်ပုစွန်စား ကျွတ်ကျွတ်ဝါး ဆိုသလို တွေ့သမျှစာကို အပိုင်းအစပါမကျန် အကုန်အစင် ဖတ်သည်။ ထမင်းစား၊ အလေးသွားရင်းလည်း ဖတ်သည်။ အလုပ်ထဲတွင်လည်း လခအချို့တစ်ဝက်မှာ စာအုပ်ဖိုးဖြင့် ကုန်ခဲ့ရသည်။ ထိုသို့ စာဖတ်များရာမှ ကိုယ်တိုင်လည်း စာရေးချင်စိတ် ဖြစ်ပေါ်လာသည်။ သို့သော် အလုပ်ထဲတွင် ကိစ္စများမြောင် အလုပ်ဘောင်နှင့်ပေမို့ စာမရေးဖြစ်ခဲ့သော်လည်း စု၊တု၊ ပြုတော့ လက်ရေးဖြင့် ရေးမှတ်ထားခဲ့သည်။ အလုပ်ထဲတွင် စာမရေးဖြစ်သည့် နောက်တစ်ကြောင်းကား ကွန်ပျူတာ စာစီ၊ စာရိုက် ကောင်းကောင်းမတတ်သဖြင့် စာတစ်မျက်နှာကို လေးငါးရက်ရိုက်နေရ၍ အဆင်မပြေခြင်းကြောင့်လည်းပါသည်။ ရုံးဝန်ထမ်းကို စာရိုက်ခိုင်းပြန်လျှင်လည်း အလုပ်ချိန်အတွင်း ကိုယ်ရေး ကိုယ်တာကိစ္စတွေ မခိုင်းချင်။

ယခုသော်ကား ပင်စင်စားမို့ ရုံးအလုပ်လည်း လုပ်စရာမလို၊ ကိုဗစ်ကြောင့် အပြင်လည်း ထွက်မရသဖြင့် မတ်လဆန်းလောက်က စ၍ နေ့စဉ် နံနက် ဝ၄:ဝဝ မှ ဝ၅:၃ဝအထိ Latop နှင့် အင်္ဂလိပ်နှင့် မြန်မာကွန်ပျူတာ စာရိုက်လေ့ကျင့်ခဲ့ရာ မမြန်ပေမဲ့ တဖြည်းဖြည်း စာရိုက်နိုင်လာသဖြင့် မိမိ၏ဘဝခရီးရှည်အကြောင်းကို မြေစမ်းခရမ်းပျိုးဆိုသလို လေ့ကျင့်ရင်းစာရိုက်၊ စာရိုက်ရင်း လေ့ကျင့်လျက်ရှိရာ စာ(၄)မျက်နှာခန့် ပြီးစီးနေပါသည်။ စာအုပ်ထုတ်ဝေရန် မရည်ရွယ်၊ အပျင်းပြေ စိတ်ပေါ့ပါးစွာ လက်စမ်းရေးသားခြင်းမျိုးသာဖြစ်သည်။ ထိုသို့ရှိနေစဉ် ယခု ဇူလိုင်လနောက်ဆုံးပတ် တိုးချဲ့ ညွှန်မှူးနှင့် ဖုန်းဆက်ခိုက်တွင် သစ်တောကြေးမုံအတွက် စာရေးပေးပါဦးဟု ပြောဆို တောင်းခံလာသဖြင့် ရေးပေးပါမည်ဟု အလွယ်







# သစ်တောမှ အရေးယူဆောင်ရွက်ရာဝယ် (၂)

အညတရ

'အကိုရေ... ထပ်ရောက်လာပြန်ပြီဗျာ'

'လာပါဗျာ... ကိုင်းဆိုစမ်းပါဦးဗျာ'

'ဒီလို အကိုရ... အချို့အမှုတွေမှာ စဖမ်းတုန်းက သစ်တောဝန်ထမ်းတွေကဖမ်းပြီး ရဲစခန်းမှာ အမှုဖွင့်ပြီး တရားစွဲမှုတွေ ဆောင်ရွက်ခဲ့တာမှာ တစ်ချို့အမှုတွေမှာ ရဲစခန်းမှ ဥပဒေအကြံပေးနှင့် အမှုအား ဖြတ်ပြီး ဖမ်းမိထားတဲ့တရားမဝင်သစ်နှင့် ယာဉ်တွေကို တရားခံများအား အကုန်ပြန်ပေးပစ်ခဲ့တဲ့ အမှုတွေ တွေ့နေရလို့ အဲဒါတွေက ဘယ်လိုဖြစ်တာလဲ...'

အမှုဖြစ်စဉ်က ဘယ်လိုတွေလဲ သိရင် အကြမ်းဖျဉ်းအားဖြင့် ပြည့်ပြည့်စုံစုံပြောပြပါလား'

'အမှုဖြစ်စဉ်က ဒီလို အကိုရ'

တရားမဝင် ကျွန်းပရိဘောဂ/ ပျဉ်းကတိုးခွဲသား စုစုပေါင်း (၈) တန်ခန့်ကို စက်လှေပေါ်မှတဆင့် ကားနှင့် တိုက်နေတုန်း တရားခံ(၆)ဦးနှင့်အတူ ဖမ်းမိထားတဲ့ အမှုပါ။ ဖမ်းဆီးစဉ်တွင် စက်လှေ (၁) စီးပေါ်၌ ကျွန်းပရိဘောဂ/ ပျဉ်းကတိုးခွဲသား (၅.၅) တန်ခန့်နှင့် ကား (၁) စီး ပေါ်၌ ကျွန်းပရိဘောဂ (၂.၅) တန်ခန့် တင်ထားပါတယ်၊

ဖမ်းဆီးရာတွင် သစ်တောမှတောအုပ်ဦးဆောင်တဲ့ (၅) ဦးအဖွဲ့/ ရဲစခန်းမှ ရဲအုပ်ဦးဆောင်တဲ့ (၁၅) ဦးအဖွဲ့/ ရပ်ကျေးအုပ်ချုပ်ရေးမှူး/ ရာအိမ်မှူး (၂)ဦးအဖွဲ့တို့မှ ပူးပေါင်းအဖွဲ့ဖြင့် ဖမ်းဆီးခြင်းဖြစ်ပါတယ်၊

သစ်တောအဖွဲ့မှ ဖမ်းဆီးသစ်အတိုင်း စာရင်းပြုစုခြင်းနှင့် အမှုဖြစ်စဉ်အစီရင်ခံတင်ပြခြင်းများ ဆောင်ရွက်ခဲ့သော်လည်း၊ ရှာဖွေပုံစံဆောင်ရွက်ခြင်း၊ တရားခံ(၆)ဦးအား သစ်တောမှုစစ်ဆေးခြင်း၊ ယာဉ်(အုံနာဘုတ်/ လိုင်စင်ဝိုးတက်ပြားအပါ)နှင့် စက်လှေ (သက်တမ်း၂ လ လွန်နေသည့်မှတ်ပုံတင်လက်မှတ်/သက်တမ်း ၂ လလွန် နေသည့်ရေကြောင်းခုတ်မောင်းသွားလာခွင့်လက်မှတ်) တို့အား ရဲစခန်းသို့ ထောက် ၄ ကြိုးပုံစံဖြင့်လွှဲအပ်ခြင်း၊ သက်တမ်းလွန်စက်လှေနှင့်ပတ်သက်၍ ရ.ည.န သို့မေးမြန်း ဆောင်ရွက်ခဲ့ခြင်း၊ သစ်တောအမှုတွဲ စနစ်တကျတည်ဆောက်၍ အမှုဖွင့်လှစ်ဆောင်ရွက်ခြင်း အစရှိသဖြင့် ဆောင်ရွက်နိုင်ခဲ့မှု အားနည်းခဲ့ခြင်းများ ရှိခဲ့ပါတယ်၊

သစ်တောက ဖမ်းဆီးရမိ တရားမဝင်သစ်၊ယာဉ်/ စက်လှေတွေ တရားဝင်လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်၍ ရဲထံ လွှဲပြောင်းပေးခဲ့ခြင်းမရှိဘဲ ရဲစခန်းက ထိန်းသိမ်းထားစေလိုက်မိတယ်တဲ့၊

အချိန်တွေကြာပြီး အထက်ကပြန်မေးမှ အမှုကိစ္စကို ရဲစခန်းနှင့် ဆက်သွယ်မေးမြန်းတဲ့အခါမှာ ဥပဒေအကြံပေးချက်အရနှင့် မြို့နယ်ရဲတပ်ဖွဲ့မှညွှန်ကြားချက်အရ အမှုပိတ်သိမ်းပြီး ဖမ်းဆီးထားတဲ့ သစ်၊ ယာဉ်၊ စက်လှေတွေကိုပိုင်ရှင်ပြန်ပေးလိုက်ပြီဖြစ်ကြောင်းဖြင့်ပြန်ကြားပါတယ်၊

ဥပဒေအကြံပေးချက်တွင် ရဲစခန်းမှ တင်ပြထားသည့် အမှုတွဲပါ သက်သေခံချက်များနှင့် စာရွက်စာတမ်းများအရ တရားဝင်အထောက်အထား တင်ပြနိုင်ခြင်းမရှိ၍ ရဲဦးဆောင်သောအဖွဲ့မှ ရှာဖွေသိမ်းဆည်းဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး တရားမဝင်သစ်များဖြစ်သည်ဟု သက်သေခံချက်အထောက်အထားခိုင်လုံစွာတင်ပြနိုင်ခြင်းမရှိသဖြင့် အမှုပိတ်သိမ်းရန် ဆုံးဖြတ်ကြောင်း ပါရှိပါတယ်၊

တရားဝင်စာဖြင့် အမှုဖြစ်စဉ်နှင့် ဆောင်ရွက်ထားရှိခဲ့မှုအခြေအနေ၊ အမှုတွဲစာရွက်စာတမ်းများကို စာဖြင့်ပြန်ကြားပေးရန် အကြိမ်ကြိမ်တောင်းခံရာတွင် ရဲစခန်းမှ ရေးဖွင့်ခဲ့သည့်အမှုသည် ရဲစခန်းမှ တရားလိုပြုလုပ်တိုင်တန်းထားသည့် အမှုဖြစ်ခြင်း၊ စစ်ဆေးတွေ့ရှိချက်နှင့် စာရွက်စာတမ်းအထောက်အထားများအရ ဥပဒေအကြံပြုချက်တောင်းခံ၍ ဥပဒေအကြံပြုချက်အတိုင်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရဲစက္ကူအမှုတွဲများမှာ လျှို့ဝှက်အပ်သောစာရွက်စာတမ်းများဖြစ်သည့်အပြင် အခြားအဖွဲ့အစည်းမှ တောင်းခံလာပါက ပေးအပ်ရမည်ဖြစ်ကြောင်း ဥပဒေပြဋ္ဌာန်းချက် မရှိသဖြင့် ပေးအပ်၍ မရနိုင်ကြောင်း ပြန်ကြားခဲ့ပါတယ်၊

ဆက်လက်ညှိနှိုင်းဆောင်ရွက်ရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှလည်း ၂၀၀၈ ဖွဲ့စည်းပုံ ဥပဒေတွင် မည်သူ့ကိုမဆို နောက်ကြောင်းပြန်သက်ရောက်မှုမရှိစေရဟု ပြဋ္ဌာန်းထားသည့်အပြင် အမှုတစ်ခုဖြင့် တရားခံအား(၂) ကြိမ်တရားစွဲဆိုမရကြောင်း ပြဋ္ဌာန်းထားရှိပါကြောင်း၊ ၎င်းအမှု၏ စာရွက်စာတမ်းအား လွှဲပေးအပ်နိုင်ခြင်းမရှိကြောင်း ပြန်ကြားခဲ့ပါတယ်၊

ရဲစခန်းမှ ဖမ်းဆီးသစ်များနှင့်ပတ်သက်လို့ ဥပဒေရုံးသို့ တင်ပြခဲ့သည့် တရားဝင်စာရွက်စာတမ်း အထောက်အထားများအား တရားဝင်တောင်းခံမရရှိခဲ့သော်လည်း ကြိုးစားညှိနှိုင်းဆောင်ရွက်ရာမှ ဖမ်းဆီးသစ်နှင့်ပတ်သက်သည့် မြန်မာ့သစ်လုပ်ငန်းမှ အရောင်းပြေစာ မိတ္တူများကို ရရှိခဲ့ပါတယ်၊ ရရှိခဲ့သည့် ၎င်းမြန်မာ့သစ်လုပ်ငန်းမှ အရောင်းပြေစာမိတ္တူများကို သက်ဆိုင်ရာမြန်မာ့သစ်လုပ်ငန်းသို့ သွားရောက်မေးမြန်းစုံစမ်းခဲ့ရာမှာတော့ ၎င်းတို့မှ ရောင်းချထားခြင်းမရှိခဲ့ကြောင်း သိရှိခဲ့ရပါတော့တယ်၊

တိုင်းတောနိမ့်၊ ရွက်ပြတ်ရောနှောတောခြောက်၊ အင်တိုင်းတောမြင့်ဆိုပြီး ထော်လာဂျီပေါ်က မသက်မသာနဲ့ တောမျိုးတွေခွဲလိုက်လာရဲ့။ အဲ့ဒါနဲ့ နောက်ဆုံးကျောက်ကြမ်းတောင်ထိပ်ထိပဲ ထော်လာဂျီသွားလို့ရတယ်ဆိုတော့ ခြေလျင်စခန်းစမြန်းရပြီပေါ့။

ခြေလျင်စပြီဆိုတော့ ပထမတောပြန့်လေး၊ တောင်ကုန်းအနိမ့်လေး၊ အဆင်းလေးဆိုတော့ အဆင်ပြေသားခင်ဗျာ။ နောက်ပိုင်းအတက်တွေလည်း ရောက်ပြီ၊ လမ်းလျှောက်ချိန်ကလည်း တစ်နာရီကျော်လာပြီဆိုတော့ အတော်ဟိုက်လာ၊ ခြေထောက်တွေနာလာတာပေါ့။ ကျွန်တော်ထင်တာက ဒီနေရာတွေဟာ အရင်က သစ်တိုက်လမ်းဟောင်းနေရာတွေဆိုတော့ မော်တော်ဆိုင်ကယ်မောင်းလို့ရမယ်ထင်နေတာ။ ဘယ်ဟုတ်မလဲဗျာ။ မော်တော်ဆိုင်ကယ်မောင်းဖို့နေနေသာသာ လူတောင် မနည်းလျှောက်နေတာပါလား။ နောက်ပိုင်း တောင်ပေါ် ရွာတွေမှာကြိုရောက်နေတဲ့ဝန်ထမ်းတွေက ကျွန်တော် တို့ကို လာကြိုတော့လမ်းမှာဆုံကြတာပေါ့။ တကယ်တော့ လည်းလုပ်ဖော်ကိုင်ဖက်တွေပဲ အရေးအကြောင်းရှိ အားကိုးရတာပါလား။ အတော်လေးမမောခင်တော့ ပျဉ်းကတိုးပင် ကောင်းကောင်းကြီးပေါက်နေတဲ့နေရာဆို အထက်ရွက်ပြတ်နှောတောစိုပဲလို့ တောမျိုးခွဲရသေး။ တောင်ပေါ်ရောက်တော့ တောင်ပေါ်တောတွေတွေ့ရ။ တောအမျိုးအစားအတော်စုံတဲ့ကြိုးဝိုင်းပါပဲဗျာ။

နောက်ပိုင်းကျတော့ လူလည်းအတော်မောလာ၊ နလုံးတွေလည်းခုန်ဆိုတော့ နား နားပြီးသွားရတော့တာပေါ့။ အဲ့မတိုင်ခင်လေးက မင်းသားတစ်ယောက်က ဘောလုံးကန်ရင်း အမောဆို့ ဆုံးပါးထားတာလဲရှိသေးသကိုး။ ကိုယ့်ဖာသာကိုယ် အတော်အားတင်းထားရတယ်။ အသက်ဉာဏ်စောင့် ဥစ္စာကံစောင့်ဆိုသလိုပေါ့။ နောက်ဆုံးနားလိုက် သွားလိုက်နဲ့သွားလိုက်တာ ဆိုင်ကယ်စီးလို့ ရတဲ့နေရာရောက်တော့တာပဲ။ မှောင်လည်းမှောင်ပြီ။ ဒါနဲ့နောက်ဆုံးတည်းခိုမယ့် ကုန်းသာဆိုတဲ့ရွာလေးရောက်ပေါ့။ အချိန်ကလည်းည(၈)နာရီကျော်ပြီ။ လူလည်း ဖုန်တွေနဲ့ပေါ့။ တောင်ပေါ်ရွာတွေဆိုတော့ ချမ်းကလည်းချမ်း၊ ရေကလည်း ချိုးချင်ပေါ့။ ဒါပေမယ့် မချိုးရဲပါဘူး။ ကျန်းမာရေးဆရာအိမ်မှာ ထမင်းစား အချမ်းခံလေး နည်းနည်းသောက်၊ စကားစမြည်ပြောဆိုပြီး ခြေထောက်တွေ နာနေတော့ နည်းနည်းနှိပ်လိုက်သေးပေါ့။ မနက်ကျ နံနက်စာစားပြီး (၈)နာရီကျော်လောက်ကျ ကျောက်ဆည်မြို့နယ်ကစိုက်ထားတဲ့ Enrichment Planting စိုက်ခင်းလေးစစ်ပြီး အပြန်ခရီးစတင်တော့တာပေါ့။

ကျွန်တော်တို့ရောက်နေတဲ့ရွာလေးက ကြိုးဝိုင်းထဲမှာ ရွာလေး(၃)ရွာသီးခြားတည်ရှိနေတာပါ။ အုန်းချော၊ ကုန်းသာ၊ ဟဲလယ်ရွာလေးတွေပေါ့။ အစိုးရဝန်ထမ်းဆိုလို့ ကျောင်းဆရာတွေပဲရှိတာပါ။ သစ်တောအဖွဲ့တွေကတော့ အလုပ်လေးရှိလို့ရောက်ကြပါတယ်။ နေထိုင်တဲ့သူတွေက အသားဖြူပြီးစကားဝဲကြတယ်။ ကျွန်တော်တို့ကတော့ ရှမ်းနွယ်တယ်လို့ထင်တာပဲ။ သူတို့မေးကြည့်တော့ ရှမ်းဖက်ကပြောတော့ မင်းတို့ဗမာတွေတဲ့။ ဗမာဖက်ကျရှမ်းတွေတဲ့။ အဲ့ဒီရွာတွေကသွားရင် ရပ်စောက်ဖက်ကို အတော်နီးသွားပါပြီ။ အပြန်ကျ ကုန်းအမြင့်တစ်ခါတက်ပြီး နောက်ပိုင်းအဆင်းခရီးတွေပါပဲ။ ရဲရမန်းကြိုးဝိုင်းဆိုတာ တောင်ကမ်းပါးအလွန်မတ်စောက်တာပါလား။ အင်္ဂလိပ်ခေတ်က ကြိုးဝိုင်းမြေပုံတွေထုတ်ခဲ့တာ၊ ကြိုးဝိုင်းနယ်နိမိတ်တွေကို စနစ်တကျဆောင်ရွက်ခဲ့တဲ့ရှေးလူကြီးများကို လေးစားဂုဏ်ပြုမိပါရဲ့။ ငှက်ဖျားရောဂါပေါ်များ၊ တောရိုင်းတိရစ္ဆာန်တွေရဲ့အန္တရာယ်ကြားက လုပ်ခဲ့ကြတာဗျာ။ မချီးကျူးပဲမနေနိုင်ပါဘူး။

အပြန်ခရီးကလည်း အဆင်းဆိုပေမဲ့ တောင်ကမ်းမတ်စောက်တော့ နားနားနေနေဆင်းရတာဆိုတော့ နေ့လယ်(၂)နာရီကျော်မှ ပန်းပုချောင်းကိုရောက်တော့တာပဲ၊ လူလည်း အတော်ပြိုင်းသွားတော့တာပဲ၊ စက်လှေပေါ်ရောက်မှ ငါးကြော်လေးစား ရေလေးသောက်ပြီးပြန်လာတာ ည(၇)နာရီကျော်တော့ ကြောင်ရွာဘိနယ်စခန်းရောက်ပြီး အိမ်ကိုတော့ ည(၉)နာရီကျော်မှာပြန်ရောက်တယ်။ ပြန်ရောက်ပြီး (၃)ရက်လောက်တော့ အောက်ပိုင်းတွေနာပြီး အောက်ပိုင်းသေသလိုကိုဖြစ်သွားတာ။ ဒါပေမဲ့ ဒီလိုအရပ်ကိုရောက်အောင်သွားနိုင်တာကို ကျွန်တော့်အနေနဲ့ အမှတ်တရရှိနေပါတယ်။ ကျောက်ဆည်ခရိုင်မှာတာဝန်ကျခဲ့တဲ့ လက်ထောက်ညွှန်ကြားရေးမှူးတွေ တစ်ယောက်မှမရောက်ဖူးဘူးလို့လည်း စုံစမ်းမေးမြန်းသိရှိရပါတယ်။ ဘယ်လိုပဲပြောပြော ဝန်ထမ်းတစ်ယောက် အနေနဲ့ကတော့ ဒေသန္တရဗဟုသုတ ရရှိလိုက်ခြင်းပါပဲ။ ကျောက်ဆည်အမှတ်တရလေးပေါ့။



ရွှေပင်ငွေခက် တောမှာထွက်၏





ကတိပေးလိုက်ပါသည်။ အပြောလွယ်၊ အလုပ်ခက် ဆိုရိုးစကားကဲ့သို့ တကယ်စာရေးမည်ဆိုတော့ ဦးတည်ရေးမည့် အကြောင်းအရာကို ရှေ့ဦးစွာ စဉ်းစားရွေးချယ်ရပါသည်။ ဌာနအလုပ်အကြောင်း သီးသန့်လည်း မရေးချင်။ သို့ဖြစ်၍ ပင်စင်ယူပြီး နေပြည်တော်မှ ပြန်စဉ် အမြန်လမ်းပေါ်အရောက် ရေဝေညွှန်မှူးက ကျွန်တော့်အားပြောခဲ့သည့် ပင်စင်ယူတော့မည့်ဝန်ထမ်းတိုင်း လိုက်နာမှတ်သားဖွယ် ဆိုထုံးစကားအား ရေးသားရပေတော့အံ့။

တစ်နေကုန်တော့ စာမရေးနိုင်ပါ။ ဤကား မှန်သောစကားဖြစ်သလို ပြောစရာ နောက်ခံအကြောင်းလည်း ရှိပါသည်။ မှတ်မှတ်ရရ ၂၀၂၁ ခုနှစ်၊ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ကျွန်တော် နှင့် ရေဝေညွှန်မှူး ဦးစိုးမြင့်ဦးတို့ တစ်နေ့တည်း ပင်စင်အမိန့်စာထွက်ပါသည်။ နောက်နှစ်ရက်အကြာ ဖေဖော်ဝါရီ ၁၈ ရက်နေ့နံနက်တွင် ရေဝေကတော် ဒေါ်ပြုံးပြုံးစမ်းက သူ၏ သား၊သမီး၊ မြေး ဘုစု၊ ခရုတစ်သိုက်နှင့်အတူ ကားတစ်စီးနှင့်အရင်သွားနှင့်ကြပါသည်။ ကျွန်တော်တို့ ဇနီးမောင်နှံ၊ အိမ်ကားမောင်းရန် မိတ်ဆွေတစ်ဦးက စီစဉ်ပေးသည့် ဒရိုင်ဘာ ငတေနှင့် ဦးစိုးမြင့်ဦးတို့ ကျန်ရစ်ခဲ့ပြီး၊ ရုံးကားနှင့် အိမ်ခန်းသော့များ ပြန်အပ်၊ လားရှိုးကလှမ်းမှာထားသည့် ကုန်ကားပေါ်သို့ စီမံနှင့်ရေဝေအဖွဲ့က ကျွန်တော့်ပစ္စည်းနှင့် ဦးစိုးမြင့်ဦး၏ လက်ကျန်ပစ္စည်းများကို တင်ပေးပါသည်။ ပြီးလျှင် ကုန်ကားကို ရှေ့မှအရင် ကြိုသွားခိုင်းပါသည်။ ဒါတောင် ကုန်ကား နေပြည်တော်အထွက်တွင် ကြိုပို့ထားသောရုံးမိန့်များပြသော်လည်း ယာဉ်မောင်းလိုင်စင်ကို ဂိတ်က သိမ်းထား၍ တပ်ကုန်းဦးစီးထံသို့ ဖုန်းဆက် အကူအညီ တောင်းခံရလေသည်။ ဝန်စည်စလည်တင် ကုန်ကား ထွက်သွားသဖြင့် စိတ်လက်ပေါ့ပါးသွားပါသည်။ ပြင်ဦးလွင်တွင် တစ်ထောက်နား ညအိပ်မည်ဖြစ်၍ သတ်မှတ်ထားသည့် ညရှစ်နာရီမတိုင်ခင် ရောက်လျှင်ရပြီ။ ပြင်ဦးလွင်ကို နေညိုချိန်အမီရောက်အောင် သွားဖို့တော့မှန်းထားသည်။ ထိုမြို့ရှိ ရီတိုင်းယား ဆရာကျော်၊ နောင်တော် မန်းညွှန်၊ ဆရာများဖြစ်ကြကုန်သော ပုလိပ်နှင့် လက်ကောက်တို့ထံ ဦးညွှတ်ဩဝါဒခံယူရန်ရှိ၍ ဖြစ်ပေသတည်း။

ကုန်ကားထွက်သွားပြီးနောက် နေပြည်တော် ဇေကတစ်ထောင် စကြာဝဠာရှိ (၁၁၀၇)တည်း ဟူသောဘုံ၏ အထက်အရပ်၌ရှိသော ဒုညွှန်ချုပ်အား အိုးခွက်ပုဂံများ ထုတ်ပိုးထား၍ ပါဆယ်လွှေးနေရစဉ် ထမင်းကျွေး၊ ဟင်းပေးမှုအတွက် ကျေးဇူးတင်စကားဖြင့် နှုတ်ဆက်ရပါသည်။ လူငယ်များစကားလို ချူဆီထည့်ခြင်း မဟုတ်သော်လည်း နောင်အခါ နေပြည်တော်လာလျှင် ကျွေးချင်စိတ်ရှိအောင် ရည်ရွယ်ချက်တော့ နည်းနည်းပါပါသည်။ (ဤဆရာသမားဦးသိန်းတိုးကား ကျွန်တော် သစ်တောဌာန ပဲခူးတိုင်း၊ ပေါင်းတည်မြို့တွင် အလုပ်စတင်ဝင်ချိန်၌ စခန်းတစ်ခုတည်းတွင် စိုက်ကွက်လက်ထောက်ရာထူးဖြင့် အတူနေခဲ့ရသော၊ သစ်တောသမားတို့သိအပ်သည့် အဌာရသတစ်ဆယ့်ရှစ်ရပ်ကို စကားနှင့်ရောလက်တွေ့ပါ သင်ကြားပေးခဲ့သည့် စတုတ္ထမြောက်လက်ဦးဆရာဖြစ်သည်။ ထိုစဉ်က ကျွန်တော်တို့၏ စိုက်ကွက်မှူးမှာ မြန်မာ့အသံ ဦးသာဆန်း၏သားမက် ၁၉၈၁ အတန်းမှ ဦးထွန်းရွှေဖြစ်ပါသည်။ ကျွန်တော်၏ ပထမ လက်ဦးဆရာစိုက်ကွက်မှူးမှာ ၁၉၈၃ အတန်းမှ ကွယ်လွန်သူ ဦးရဲမြင့်သိန်း၊ ဒုတိယဆရာကား ပင်ကိုယ်ဆရာကြီးဘွဲ့ရ ၁၉၈၄ အတန်းမှ ဦးအေးသန်း၊ စကားမပြောသော သုံးသောင်းတန် ကြက်တူရွေး သို့မဟုတ် အမှန်အကန်တတိယမြောက် ဆရာကြီးကား ၁၉၈၆ အတန်းမှ ကိုတင်သိန်း တို့ ဖြစ်ကြပေသတည်း) (ဤကားစကားချပ်) ထို့နောက် ဘေးတိုက် (၁၁၀၆)ဘုံက ရုံးသွားရန်ပြင်ဆင်နေကြကုန်သော ဘုံသား ညွှန်မှူးအပေါင်းနှင့် သံတမန်ရေးရာဦးစီးဌာနနှင့်နေရာမှားအလုပ်ဝင်ခဲ့သော ကိုလှဦးတို့အား ဘိုင့် ဘိုင်လုပ်ခဲ့ပါသည်။

အားလုံးကို နှုတ်ဆက်ပြီး ရေဝေဆရာစိုးနှင့်အတူ နံနက်စာစားရန် ရိုးရာမပျက်မဟာစံဆိုင်သို့ ချီတက်သွားကြပါသည်။ နေပြည်တော်က ထွက်မည့်နေ့တွင်မှ ထူးထူးခြားခြား မဟာစံတွင် ကိုအောင်နိုင်ဝင်း နှစ်ယောက်နှင့်ဆုံပါသည်။ လက်ဖက်ရည်ဖိုးကို ကိုအောင်နိုင်ဝင်း အငယ်ရှင်းလိုက်သည်ဟု ထင်ပါသည်။ မဟာစံဆိုင်ကို ၂၀၂၀ ခုနှစ် ဇန်နဝါရီလဆန်းပိုင်း ပဲခူးမှ နေပြည်တော်သို့ ရောက်ချိန်ကစ၍ ဒုညွှန်ချုပ် ဦးကျော်ကျော်လွင်၊ ဦးစိုးမြင့်ဦးတို့နှင့် ရုံးမသွားခင် နံနက်တိုင်း သုံးယောက်အတူ မပျက်မကွက်ဆိုင်ထိုင်ပါသည်။ တစ်ခါတရံ လက်ဖက်ရည်သောက် မုန့်စားရင်း ဆေးလိပ်သောက်ချင်လျှင် ကီးစတုန်း၊ စိတ်တိုင်းကျနှင့် မင်းသီဟာဆိုင်တို့တွင် ပြောင်းထိုင်ကြသည်။ မဟာစံတွင်ဆေးလိပ်သောက်၍မရ။

ဒုညွှန်ချုပ်နှင့် ဦးစိုးမြင့်ဦးတို့က (၁၁၀၆)တွင်နေပြီး ကျွန်တော်က (၁၁၀၇)တွင် နေသည်ဖြစ်၍ တိုက်ခန်းခြင်းကပ်လျက် ဖြစ်ပါသည်။ နံနက်တိုင်း မဟာစံဆိုင်သို့ သွားကြရာတွင် ကျွန်တော်နှင့် ဦးစိုးမြင့်ဦးတို့သည် ထမင်းချိုင့်နှင့်ရုံးစာများကို မိမိတို့ရုံးကားပေါ်တင်၍ ယာဉ်မောင်းများနှင့် ရုံးသို့လွှတ်လိုက်ပြီး မဲကြီးမောင်းသည့် ဒုညွှန်ချုပ်ကားနှင့်လိုက်ကာ လက်ဖက်ရည်ဆိုင်မရောက်မီ ကားပေါ်ဆယ် မိနစ်ခန့်ရသမျှအချိန်လေးအတွင်း ယခင်နေ့က ရုံးနှင့်အိမ်တွင် ကြုံဆုံခဲ့ရသည်များကို အပြန်အလှန် ဟာသနှောပြန်ပြောင်းပြောရင်း ပါးကြောဆန့်ကာ စိတ်အပန်းဖြေကြလေသည်။ မစ္စတာစိုးကြီးမှာ ဒုညွှန်ချုပ်၏ အဆက်မပြတ်ဟာသများကို ရှေ့သို့ခါးကုန်း၍ရယ်လိုက်၊ နောက်သို့ခါးပြန်ဆန့်ရယ်လိုက်နှင့် အတောမသတ်ပတ်ပိတ်ယူ၍မရ

အောင် ရယ်လေတော့သည်။ တစ်ခါတလေ စကားပြောမြန်သော ဒုညွှန်ချုပ်၏ဟာသကို ချက်ခြင်းနားမလည်လိုက်ဘဲ နောင်မှ ပြန်စဉ်းစားသဘောပေါက်ပြီး တစ်ယောက်တည်း တခွိခွိရယ်နေလေသည်။ ပြောသည့်အကြောင်းအရာများကလည်း မထပ်စေရ အင်မတန်စုံလင်သည်။

ဒုညွှန်ချုပ်ကား ဗဟုသုတစုံသည်။ မန္တလေးသားဖြစ်သဖြင့် ရေပက်မဝင်စကားကြွယ်၍ ဖြတ်ထိုးဉာဏ်ကောင်းသည်။ ပင်ကိုယ်ဟာသဓာတ်ခံကောင်းသဖြင့် ဆက်နွယ်နေသူများကို လုပ်ငန်းခွင်တွင်ပျော်ရွှင်စေသည်။ သို့သော် အလုပ်နှင့်ပတ်သက်လာလျှင်ကား တစ်စက်ကလေးမှ အမှားမခံ၊ မှားလျှင်စကားဖြင့် ကြဲကြဲဖန်ဖန် နာအောင်ပြောတတ်သည်။ အကြောင်းအရာတစ်ခုကို သိလိုလျှင် နှံ့နှံ့စပ်စပ် ခြေခြေမြစ်မြစ် လေ့လာတတ်သည်။ တစ်ဖက်သား လူအရွဲ့ကင်းကင်းနှင့် စကားကုန်ပြောလာအောင် လမ်းဖွင့်ပေး၍ ဆုံးအောင်နားထောင်ပြီး စကားဆုံးသည်နှင့် လုပ်သင့်သည်ကို အကြံပြုနိုင်သည်။ ထို့အပြင် မြန်မာလိုရေးတာကိုပင် စာဖတ်သူ နားမလည်အောင် အစီအစဉ်မကျ ဟိုရောက်ဒီရောက် ကပေါက်တိ ကပေါက်ချာ လေးငါးဆယ်မျက်နှာဖြင့် တင်ပြလာသော ရုံးစာများကို ဖတ်ပြီးသည်နှင့် မှတ်ချက်ပေးခြင်း၊ အကြံဉာဏ်ပေးခြင်း ပြုနိုင်၍ မိမိလုပ်သက်တစ်လျှောက် စံနမူနာထားသူ သုံးဦးအနက် တစ်ဦးလည်းဖြစ်သည်။ နောက်တစ်ဦးမှာ ၁၉၈၄ အတန်းမှဖြစ်ပါသည်။ ဌာနအလုပ်မျိုးစုံကို သေတ္တာမှောက် ကျွမ်းကျင်ရုံမျှသာမက ဆက်စပ်ဌာနများ၏ လုပ်ငန်းများ၊ ပြင်ပဗဟုသုတများကို နှံ့စပ်အောင်လေ့လာထားသူမှသာ ထိုကဲ့သို့မှတ်ချက်နှင့် အကြံဉာဏ်ပေးနိုင်မည်ဟု ထင်မြင် ယူဆမိပါသည်။

အလျဉ်းသင့်၍ပြောရလျှင် ရုံးစာပေါ်ရှိ အရာရှိ၏ မှတ်ချက်မှာ အလွန်အရေးကြီးပါသည်။ မှတ်ချက်မှတစ်ဆင့် ရေးသူအရာရှိ၏ စေ့စပ်သေချာမှုနှင့် လုပ်ငန်းကျွမ်းကျင်မှုအရည်အချင်းကို အတွေ့အကြုံရင့် ရုံးဝန်ထမ်းက ခန့်မှန်းသိရှိနိုင်သောကြောင့်ဖြစ်သည်။ အရာရှိ မှတ်ချက်ကောင်းလျှင် လက်အောက်ဝန်ထမ်းက ပြန်မေးစရာမလို အလုပ်အမြန်ပြီး၍ ယုံကြည်လေးစားမှုကိုလည်း အလိုအလျောက်ရပါသည်။ ဝန်ထမ်းမှမရှင်းသည့်လုပ်ငန်းကိစ္စနှင့်ပတ်သက်၍ မေးမြန်းသည်ကို အရာရှိလုပ်သူမှ ချက်ခြင်းဒက်ကနဲ၊ ချက်ကနဲ ဖြေကြားနိုင်လျှင်ကား အတိုင်း ထက်အလွန်၊ တံခွန်နှင့်ကုက္ကား ဆိုသကဲ့သို့ ဖြစ်ပေတော့သည်။ ထိုသို့မဟုတ်လျှင်ကား ရလဒ်က ပြောင်းပြန်ဖြစ်ပေလိမ့်မည်။ အချို့သောရုံးများတွင် မလိုအပ်ဘဲ ရုံးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု၊ ငွေနှင့်စာရင်းဇယား မသမာမှုတို့ဖြစ်ပွားရခြင်းအကြောင်းအရင်းများအနက် တစ်ခုမှာအရာရှိ၏ စေ့စပ်သေချာသော စီမံခန့်ခွဲမှုနှင့် လုပ်ငန်းကျွမ်းကျင်မှုလိုအပ်ချက်ရှိခြင်းကြောင့်ဖြစ်ပါသည်။ အရာရှိများ သတိထား၍ မှတ်ချက်ရေးကြရန် တိုက်တွန်းလိုခြင်းဖြစ်ပါသည်။

မူလဇာတ်ကြောင်းပြန်ကောက်ရလျှင် ကျွန်တော်နှင့် ဦးစိုးမြင့်ဦးတို့ မဟာစံတွင် လက်ဖက်ရည်သောက်ပြီး လက်ညွှန်ကိုကျော်ကျော်လာပို့သော ပင်စင်ရုံးမိန့်မူရင်းများကိုယူ၍ နေပြည်တော် ရွှေပြည်ကြီးအား ဦးညွတ်နှုတ်ဆက်ကာ ဘူးကွဲ၊ ကွဲ့ရင်းတို့ကို ဖြတ်ကျော်လျက် တောင်ညိုလမ်းအတိုင်း ပင်စင်စားဆော်လမွန်ငါးတို့၏ အိမ်အပြန်ခရီးစဉ်စတင်ခဲ့ပါပြီ။ ကားရှေ့ခန်းတွင် ကျွန်တော့် အမျိုးသမီးထိုင်၍ ကျွန်တော်နှင့်မစ္စတာစိုး(ဝ်)စိုးကြီးက နောက်ခန်းက စီးလာကြခြင်းဖြစ်သည်။ ရုံးချုပ်လုပ်ငန်းဌာနတွင် လက်ညွှန်၊ ဒုညွှန်ရာထူးဖြင့် လေးနှစ်နီးပါး၊ နောက်ဆုံးစီမံညွှန်မှူးရာထူးဖြင့် တစ်နှစ်ကျော်ကျော် နေထိုင်ခဲ့ရသော နေပြည်တော်ကြီးကို လွမ်းမိသလိုလို၊ သုံးဆယ့်လေးနှစ်ကျော်အလုပ်လုပ်ခဲ့သည့် အပြီးတိုင်ခွဲခွာရတော့မည့် မိခင်သစ်တောဌာနကို တွေး၍ ဆွေးမိသလိုလို၊ နွေလယ်ရာသီမှာ ဟိုတွေးဒီတွေး တွေးတော၍ ခြောက်သွေ့သော ဝန်းကျင်ဝဲယာကို ငေးနေဆဲမှာပင် ကားက ပန်းတင်လမ်းခွဲက တက်၍ အမြန်လမ်းပေါ်ရောက်ရှိနေလေပြီ။

ထိုအခိုက်အတန့်လေးတွင်ပင် ဦးနှောက်ထဲ ဖျတ်ခနဲအတွေးတစ်ခုပေါ်လာသဖြင့် နံဘေးတွင် ငိုက်မြည်းနေသောမစ္စတာစိုးကြီးအား 'ဟေ့ ...စိုးကြီး၊ ငါတို့ နှစ်ယောက်တော့ အလုပ်ရဲ့ အန်ဒါကွန်ထရိုးအောက်က လွတ်ပြီကျွတ်ပြီကွ ... ဘာအလုပ်မှ လုပ်စရာမလိုတော့ဘူး၊ ကိုယ့်စိတ်ကြိုက်နေရုံပဲ...ပျော်စရာကြီး...' ဟု ဝမ်းသာအားရပြောလိုက်မိရာ၊ အနီ့ပုဂ္ဂိုလ်ကျော် သူကောင်းသားက ... 'မင်းတော့မသိဘူး၊ ငါကတော့ အိမ်ရောက်ရင် ငါ့မိန်းမပြုံးပြုံးစမ်းရဲ့ အန်ဒါးကွန်ထရိုးအောက်နေပြီး သူ ခိုင်းတာလုပ်ရဦးမှာ' ဟု လေးတိလေးကန်လေသံနှင့် ပြန်ဖြေလေသည်။ အလွန်ရှေ့ရေးကြိုမြင်သောသူငယ်ချင်းဖြစ်ပါသတည်း။ ပရမတ္ထသစ္စာ(ဝ်) ပကတိအမှန်တရားဖြစ်သော်လည်း ပျော်နေသော ဗီလင်လေးရေငုပ်သွားချေပြီ၊ အစ်ကို ဦးဆန်းအောင်၏ စကားလုံးငှားသုံးရလျှင် ဘဲကင်၊ နေပြည်တော်ညွှန်မှူးပြောသလိုဆိုရလျှင် ဒီဘဲဗီလင်မလာပါဘူးဗျာ ဟုသာပြောလိုက်ချင်တော့သည်။ စိတ်ထဲက။ ကားရှေ့ခန်းမှ အမျိုးသမီးက ပြုံးလေသည်။ လာထားပေ့၊ ရန်ကုန်–မန္တလေးအမြန်လမ်းပေါ်တွင် ကားလေးတစ်စီးပြေးနေသည်။ ဆော်လမွန်ငါးတို့ အိမ်ပြန်ချိန်ပေတည်း။

ထို့ကြောင့် အစပိုင်းတွင်ကျွန်တော်ပြောခဲ့ပါသည်။ တစ်နေကုန်တော့ စာမရေးနိုင်ပါဟု။ ။

++++++++







# ရဲရမန်းကြိုးဝိုင်းသွား တောလား

ချစ်ဦး (၉၂)

မှတ်မှတ်ရရ ၂၀၁၇ ခုနှစ်၊ မေလထဲ သမီးလေးက (၁၀)တန်းဖြေဆိုထားဆဲ။ အောင်စာရင်းမထွက်မီအချိန်လေး။ ထိုစဉ်က ကျွန်တော်က သစ်တောဦးစီးရုံးချုပ်မှာ လက်ထောက်ညွှန်ကြားရေးမှူးရာထူးဖြင့် တာဝန်ထမ်းဆောင်ဆဲ။ ရုံးပိတ်ရက်တစ်နေ့မှာ မန္တလေးသွားရင်းနဲ့ အပြန်မှာ ကျောက်ဆည်ရွှေသိမ်တော်ဘုရားကိုဝင်ဖူးခဲ့။ အကြောင်းကတော့ ဘုရားလည်းဖူးရင်း ဘုရားကိုလည်း ပူဆာရင်းပေါ့ဗျာ။ အဓိကအချက်က သမီးလေးကို ဆယ်တန်းဂုဏ်ထူးများများရရှိရေး အမှတ်ကောင်းကောင်း ရရှိရေးပေါ့။ ဒါနဲ့ကြားထဲက ဆုတောင်းပေးတဲ့ ဦးလေးကြီးတစ်ယောက်ကို ဆုတောင်းခိုင်းတာပေါ့ဗျာ။ ခေတ်နဲ့အညီပြောရရင် ပွဲစားခေါ်မလား။ ဆက်သွယ်ရေးအရာရှိခေါ်မလားပေါ့ဗျာ။ ဒီဦးလေးကြီးကိုလည်း ဆုတောင်းခိုင်းတာ တစ်ဆုလောက်ပါဗျာ။ သူကလည်း ဆုတောင်းလိုက်တာ ထီဆုပေါက်တာတွေရော၊ ဘာတွေရောအကောင်းစားကြီးတွေချည်းပဲ။ ဆုတောင်းတာများသွားလို့လားမသိဘူး။ ဆုတောင်းတာမပြည့်လိုက်ဘူး။ မဟုတ်ရင် ကျောက်ဆည်ပြောင်းဖို့ Booking လာလုပ်တယ်ထင်လို့လားမသိဘူး။ မြို့စောင့်နတ်ကြီးကပဲ ခေါ်လိုက်တာလား။ သို့တည်းမဟုတ် ရေစက်ပဲရှိလို့လား၊ မသိပါဘူးဗျာ။ ၂၀၁၈ ခုနှစ် မေလကျတော့ အမိန့်စာအရ ကျွန်တော်လည်း ကျောက်ဆည်မြို့ကိုပြောင်းခဲ့ရပါရော့လား။

ကျောက်ဆည်ဆိုတာကလည်း ရာဇဝင်အရ ပြောရရင်တော့ အနော်ရထာဘုရင်ခေတ်ကတည်းက ဆည်မြောင်း ကန်ချောင်းတွေတည်ဆောက်ခဲ့တဲ့နေရာကိုး။ ဆည်မြောင်းတွေကြောင့်လည်း သောက်ရေ၊ သုံးရေ၊ စိုက်ပျိုးရေးတွေအဆင်ပြေနေတဲ့နေရာကိုး။ ရှမ်းပြည်နဲ့ဆက်စပ်နေတော့လည်း ရှုခင်းလေးတွေကလည်းကောင်းပေါ့ဗျာ။

တကယ်တော့လည်း ကျောက်ဆည်ခရိုင်ဆိုတာ အပူပိုင်းဇုန်ထဲက ခရိုင်လေးတစ်ခုပါပဲ။ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောအနေနဲ့လည်း များများစားစားမရှိပါဘူး။ မြေအနေအထားကလည်း အောက်ခံကျောက်တောင်တွေပေါတဲ့နေရာပေါ့။ ကြိုးဝိုင်းထဲမှာတော့ ကျောက်ဆည်မြို့နယ် ရဲရမန်းကြိုးဝိုင်းကအကျယ်ဆုံးပါပဲ။ ဒီကြိုးဝိုင်းက ဧရိယာဧက(၂၀၄၂၀၆)ကျယ်ဝန်းပြီး၊ အဓိကကတော့ ရပ်ဆောက်မြို့နယ်၊ ရွာငံမြို့နယ်တွေနဲ့ဆက်စပ်နေတာပါပဲ။ ကြိုးဝိုင်းထဲသွားရင်တော့ ရေအားလျှပ်စစ်စက်ရုံကို ကျော်ပြီးမှသွားရတာ။ အခြားလူတွေအတွက် အခက်အခဲရှိပေမဲ့ ကျွန်တော်တို့ကတော့ ဝန်ထမ်းတွေဆိုတော့ သွားလာလို့လွယ်ပါတယ်။ ဒါပေမဲ့ စက်ရုံလုံခြုံရေးမှူးထံက ခွင့်ပြုချက်တော့ယူရသကိုး။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလရဲ့ ရက်တစ်ရက်မှာတော့ ကျွန်တော်ရယ်၊ ကျောက်ဆည်ဦးစီး ကိုကျော်ထင်လတ်ရယ် (ယခု ပုသိမ်ဦးစီးအရာရှိ) Enrichment Planting စိုက်ခင်းသွားစစ်တော့တာပေါ့။ အလုပ်တိုက်နယ်အနေနဲ့ကတော့ ဒီစိုက်ခင်းတွေဟာ ထုတ်လုပ်ရေးအလုပ်တိုက်နယ်ထဲမှာ စိုက်ရတာလေ။ တကယ်တော့လည်း ရေဝေရေလဲဧရိယာအနေနဲ့ကြည့်မယ်ဆိုရင် ဒုတ္ထဝတီမြစ်ရဲ့ ရေဝေရေလဲဧရိယာတွေပါပဲ။ ညဘက်ကြောင်ရွာ ဘိနယ်စခန်းမှာ ညအိပ်ပြီး မနက်အစောကြီး ရေအားလျှပ်စစ်စက်ရုံကို ဖြတ်၊ ဒုတ္ထဝတီမြစ်ကနေ စက်လှေနဲ့မြစ်ထဲ တစ်လျှောက်မောင်းပြီးရင်၊ ချောင်းခွဲလေးထဲဝင်ပြီး ကျောက်ပုံဆိပ်ကိုရောက်အောင်သွား။ အချိန်ကတော့ တစ်နာရီခွဲ နှစ်နာရီလောက်ကြာသွားတာပေါ့။ အဲဒီ ရွာစုလေးမှာ တစ်နာရီလောက်ခဏနား၊ ထော်လာဂျီဆင်ပြီး ဆက်တက်တော့ ဇရစ်ခဲဆိုတဲ့ အိမ်ခြေ(၃၀)လောက်ရှိတဲ့ ရွာငယ်လေးရောက်တာပေါ့။ အဲဒီရွာလေးက အင်္ဂလိပ်ခေတ်ကြိုးဝိုင်းဖွဲ့စဉ်ကတည်းကတည်ခဲ့တဲ့ရွာလေးပါ။ ရွာလေးက ပျက်သွားလိုက်တည်လိုက်နဲ့ ဆင်းဆင်းရဲရဲရွာလေးပါ။ အဲဒီရွာရောက်တော့ နေ့လယ်(၁၂)နာရီကျော်လောက်ရှိပြီ ဆိုတော့ ထမင်းလေးစား ခေတ္တနားပေါ့။ ကျွန်တော်လည်း ခရီးစဉ်တစ်လျှောက် ဒီတောကတော့ တောခြောက်၊ အင်



အဆဖြစ်ပါသည်။ REDD+ အယူအဆသည် ၂၀၀၅ ခုနှစ်ကတည်းက စတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပြီး ပုံစံအမျိုးမျိုးဖြင့် စမ်းသပ်လုပ်ဆောင်ခဲ့ကြသကဲ့သို့ အောင်မြင်မှုအတိုင်းအတာများလည်းမတူညီကြပါ။

နိုင်ငံဇရိယာ၏ ၈၈ ရာခိုင်နှုန်းသစ်တောဖုံးလွှမ်းနေပြီး ပြီးခဲ့သည့်နှစ် ၃၀ အတွင်း သစ်တောပြုန်းတီးနှုန်း ၀.၁ ရာခိုင်နှုန်းအောက်ရှိခဲ့သော ဂါဘွန်နိုင်ငံသည် သစ်တောဖုံးလွှမ်းမှုများပြီး တောပြုန်းမှုနည်းသောနိုင်ငံများ high-forest, low-deforestation (HFLD) နိုင်ငံအဖြစ်လူသိများခဲ့ပါသည်။ ကမ္ဘာပေါ်တွင် ထို HFLD အဆင့်ရှိသောနိုင်ငံမှာ ဂါဘွန်အပါအဝင် ၁၁ နိုင်ငံသာရှိပါသည်။

ဂါဘွန်နိုင်ငံသည် ဇီဝမျိုးစုံမျိုးကွဲအလွန်ကြွယ်ဝပြီး အနောက်အာဖရိကသစ်တောများအားလုံး ပေါင်းထားသည်ထက်ပိုသော အပင်မျိုးစိတ်များကိုပိုင်ဆိုင်ထားပါသည်။ ထို့ပြင် တောဆင်များ သစ်တောမှပင်လယ်ဆီသို့ သွားရာလမ်းအားလုံးတွင် ခြေဦးတည့်ရာသွားလာနိုင်ပြီး ကမ်းခြေတစ်လျှောက် ဖြည်းဖြည်းသာသာသွားလာနေသည်ကိုမြင်နိုင်သည့် ကမ္ဘာပေါ်တွင်အနည်းငယ်သာ ကျန်ရှိနေသောနေရာများထဲမှတစ်ခုလည်းဖြစ်ပါသည်။

ဂါဘွန်နိုင်ငံသည် ၁၉၇၀ ပြည့်နှစ်များတွင် ရေနံရှာဖွေတွေ့ရှိမှုကြောင့် နိုင်ငံ့စီးပွားရေးနှင့် လူ့အဖွဲ့အစည်းတွင် အပြောင်းအလဲများဖြစ်ခဲ့ပါသည်။ ၁၉၇၀ ခုနှစ်တွင် ဂါဘွန်၏ မြို့ပြတည်ထောင်မှုသည် ၃၀ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၂၀ ခုနှစ်တွင် နိုင်ငံ့လူဦးရေ၏ ၉၀ ရာခိုင်နှုန်းကျော်မှာ မြို့ပြတွင်နေထိုင်နေပြီဖြစ်သည်။ ထို့ပြင် ဂါဘွန်နိုင်ငံသည် လူဦးရေသိပ်သည်းမှုအလွန်နည်းပြီး တစ်စတုရန်း ကီလိုမီတာ တွင်လူ ၈ ဦး (တစ်စတုရန်းမိုင်တွင် ၂၁ ဦးခန့်) သာရှိပါသည်။

လူဦးရေနည်းပါးမှု၊ မြို့ပြဖွံ့ဖြိုးမှုနှင့် ရေနံမှရသော ဝင်ငွေအထောက်အပံ့တို့၏ ရှားရှားပါးပါးပေါင်းစပ်ထားမှုကြောင့် နိုင်ငံ့သစ်တောများအပေါ် လူသားတို့၏သက်ရောက်မှုကို နည်းပါးစေပါသည်။ ရေနံသည် ဂါဘွန်နိုင်ငံ၏ အဓိကဝင်ငွေဖြစ်ခဲ့ပြီး ၂၀၁၀ နှင့် ၂၀၁၅ ခုနှစ်ကြား တင်ပို့မှု၏ ၈၀ ရာခိုင်နှုန်း၊ GDP ၏ ၄၀ ရာခိုင်နှုန်းကို ရေနံမှရရှိခဲ့ပါသည်။ သို့သော် ယခုအခါ ရေနံတွင်းများမှာ ထွက်နှုန်းကျလျက်ရှိကာ ရေနံဈေးမတည်ငြိမ်မှုကြောင့် ဂါဘွန်အစိုးရက စီးပွားရေးအားကောင်းစေမည့် နည်းလမ်းများရှာဖွေလျက်ရှိပါသည်။

စိုက်ပျိုးမြေအကန့်အသတ်ရှိသောကြောင့် ဂါဘွန်နိုင်ငံသည် စားနပ်ရိက္ခာကို ပြည်ပမှတင်သွင်းရပြီး ၂၀၁၈ ခုနှစ်တစ်နှစ်တည်းမှာပင် တင်သွင်းမှုတန်ဖိုး ဒေါ်လာ ၅၉၁ သန်းရှိပါသည်။ ဂါဘွန်အနေဖြင့် သစ်တောများမှဝင်ငွေပိုရရှိချင်သလို သစ်တောကိုလည်းထိန်းသိမ်းလိုသောကြောင့် CAFI အစီအစဉ်သည် သစ်တောထိန်းသိမ်းခြင်းဖြင့် ဝင်ငွေရသောအစီအစဉ်တစ်ခုဖြစ်လာပါသည်။

ငွေကြေးအရရော ဂေဟဗေဒအရပါ ရေရှည်တည်တံ့စေရန် သစ်ထုတ်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ဖြစ်နိုင်သမျှ မိမိနိုင်ငံအတွင်း၌ တန်ဖိုးဖြစ်ထွန်းအောင်ဆောင်ရွက်ရန်၊ ထိန်းသိမ်းရန်လိုအပ်ပါသည်။ ဂါဘွန်နိုင်ငံသည် ၂၀၁၀ ခုနှစ်ကတည်းကပင် သစ်ကို မိမိနိုင်ငံအတွင်း၌ အတိုင်းအတာတစ်ခုထိပြုပြင်ပြီးမှသာ နိုင်ငံခြားသို့တင်ပို့ခွင့်ပြုခဲ့ပါသည်။ သစ်တောအတန်းအစား ကျဆင်းမှုကို အနည်းဆုံးဖြစ်စေရန် ရေရှည်တည်တံ့သော နည်းလမ်းတစ်ခုအနေဖြင့် သစ်ကုမ္ပဏီများက သစ်ပင်များပြန်လည်ကြီး ထွားစေရန် ၂၅ နှစ် အတွင်း နှစ်စဉ်စနစ်တကျခုတ်လှဲသည့်စနစ်ဖြင့်ထုတ်ယူကြရပါသည်။ ဂါဘွန်သမ္မတ Ali Bongo ကလည်း ၂၀၂၂ ခုနှစ်အကုန်တွင် သစ်တောဆိုင်ရာလုပ်ကိုင်ခွင့်အားလုံးသည် FSC အသိအမှတ်ပြုလက်မှတ်ရရှိပြီးဖြစ်ရမည်ဟု ကြေညာထားပါသည်။

CAFI သည် ဂါဘွန်နိုင်ငံ၏ သစ်တောပြုန်းတီးနှုန်းနည်းသည်ကို အသိအမှတ်ပြုထားသည့်အားလျော်စွာ ငွေပေးချေရာတွင် ရေရှည်တည်တံ့သောသစ်တောထိန်းသိမ်းသည့်အလေ့အထများဖြင့် သစ်တောအတန်းအစား ကျဆင်းခြင်းမှ $CO_2$ ထုတ်လွှတ်မှုလျော့ချရေးကို အလေးထားမည်ဖြစ်သည်။ သစ်ထက်ကျော်လွန်၍ သစ်ပင်များတည်ရှိနေခြင်း၏တန်ဖိုးကိုပေးချေသည့်အနေဖြင့် ဂါဘွန်၏သဘာဝသစ်တောများကဖယ်ရှားပေးသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်အတွက်လည်း ငွေပေးချေမည်ဖြစ်သည်။ နော်ဝေနိုင်ငံမှရလာသောငွေကို ဂါဘွန်နိုင်ငံ၏ ရေရှည်တည်တံ့သော သစ်တောထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုသွားမည်ဖြစ်ကြောင်းသိရပါသည်။

Source: https:// news.mongabay.com/2021/07/gabon-becomes-first-african-country-to-get-paid-for-protecting-its-forests/





# နာမည်နောက်ကွယ်ကအနက်

မိုးထိ

မိမိကိုယ်ပိုင်ဖြစ်ပြီး အခြားသူများသုံးရန် ပေးထားရသည့်အရာသည် 'မည်သည်လဲ' လို့ အမေးရှိလာလျှင် 'နာမည်' ဟု ဖြေရပေလိမ့်မည်။ မှန်ပါသည်။ မိမိ နာမည် မိမိကိုယ်တိုင်ခေါ်၍ မရသည်မှာ အသေချာတည်း။ ခေါ်လျှင်လည်း တစ်ခုခုတော့ မှားယွင်းနေ၍သာဖြစ်ပါမည်။

မိဘတိုင်းတွင် သားသမီးမွေးဖွားလိုက်ပြီဆိုကတည်းက အရင်ဦးဆုံး ခေါင်းထဲအရင်ရောက်လာသည်မှာ 'မည်သို့နာမည်ပေးကြမည်' ဟူ၍သာ။ ယခင်က မွေးလာမည့် ကလေးသည် 'မိန်းကလေးလား၊ ယောကျ်ားလေးလား'ဟု ကြိုတင်မသိရှိခဲ့သကဲ့သို့ မည်သည့်နေ့ရက်တွင် မွေးမည်ဆိုသည်လည်း မသိရှိခဲ့။ ထို့ကြောင့် မွေးရက်ကို အခြေခံထား၍ နာမည်ပေးလေ့ရှိသော မြန်မာပြည်တွင် နာမည်ကို ကြိုတင်စဉ်းစားသည်မှာ မလွယ်ကူလှပါ။ သို့သော် ယနေ့ခေတ်တွင် သားလေး(သို့မဟုတ်) သမီးလေးဟု ကြိုတင်သိရှိနိုင်သကဲ့သို့ သဘာဝနည်းအတိုင်း မဟုတ်ဘဲ မွေးဖွားလိုသည့်နေ့ရက်ကို ခွဲစိတ်မွေးနိုင်သည့်အတွက် နာမည်ကိုကြိုတင်၍ ကိုယ်တိုင်သော်လည်းကောင်း၊ ဗေဒင်ဆရာများထံ ချဉ်းကပ်၍လည်းကောင်း နာမည်လှလှကလေးများ ရွေးချယ်ပေးနေကြပါပြီ။

မည်သို့ပင် နာမည်ပေးပေး၊ ကိုယ့်သားသမီးအနာဂတ်တွင် ထွန်းပေါက်အောင်မြင်စေရန် အောင်အတိတ်၊ အောင်နိမိတ်ဆောင်၍ကောင်းပေ့၊ ညွှန့်ပေ့ဆိုသောအမည်များမှည့်ခေါ်ကြပါသည်။ အချို့မိဘများသည် မွေးဖွားလာသည့်ရာသီ၊ မွေးနေ့တွင် ထူးဆန်းစွာဖြစ်ပေါ်သော အဖြစ်အပျက်ကို အမှီပြု၍ နာမည်ပေးကြသည်လည်း ရှိကြပါသည်။ မည့်သို့ပင် နိမိတ်ဆောင်၍ ပေးပေး၊ အနာဂတ်ကိုကြိုတင်မသိရသော လောကနိယာမအရ 'သက်ရှည်' ဟု အမည်ပေးထားသော ကလေးအရွယ်မရောက်ခင် ကွယ်လွန်သွားခဲ့သည့် ဥပမာရှိသကဲ့သို့ 'သီလ' ဟုနာမည်ပေးထားပြီး အရွယ်ရောက်သည့်အခါ မကောင်းမှုမျိုးစုံလုပ်ခြင်းကြောင့် နာမည်က ပြန်ရှက်သွားသည်ကိုလည်း တွေ့ရပါသည်။

ဤနေရာတွင် စဉ်းစားမိသည်မှာ အရွယ်ရောက်မှပေးသည့်နာမည်ပြောင်များသည် အမှုအကျင့်၊ ရုပ်သွင်ပြင်များကို များစွာထပ်ဟပ်လှပါသည်။ စကားအများကြီးပြောသူကို 'အဲကြီး'၊ အခြားသော နာမည်များဖြစ်သော 'dirty'၊ 'ထင်ရာ'၊ 'ကွကြီး'အစရှိသည့် နာမည်ပြောင်များသည် နာမည်ကြားရုံမျှဖြင့် အမည်ပိုင်ရှင်များကို စိတ်ဝင်စားလှပါသည်။ အသားမည်းသူကို 'သပိတ်'၊ 'ထန်းလျက်' ။ မွေးရာဇာတိကို အမှီပြု၍ 'မကျီးတိုင်း'၊ 'တောက္ကရုပ်' ဟု ခေါ်ကြပါသေးသည်။ တိရစ္ဆာန်ချစ်သည်ဟုပဲဆိုဆို၊ မညှာမတာ နာမည်ပေးသည်ဟုပဲပြောပြော 'ခွေးကြီး'၊ 'ဝက်ကြီး'၊ 'ကြောင်ကြီး'၊ 'ဆင်ကြီး' ဆိုသည့် နာမည်ပြောင်များလည်း ကြားဖူးကြပါလိမ့်မည်။ ထိုကဲ့သို့ မခံချိမခံသာသောနာမည်များ၏ နောက်ကွယ်မှာလည်း အနက်အဓိပ္ပါယ်များစွာရှိပါလိမ့်မည်။ နာမည်ပြောင်ပေးသူများကိုသာ မေးကြည့်ပါဟု အကြံပေးပါရစေ။ နာမည်ပြောင်ပိုင်ရှင်များသည် ကိုယ့်အထုတ်ကိုယ်ဖြည်၍ ဖြေမည်ဟုမထင်။

နာမည်ပေးရခြင်းကို နှစ်ခြိုက်ခုံမင်သော မြန်မာတောင်သူလယ်သမားများသည် ဝမ်းရေးအတွက် တွဲဖက်ရုန်းကန်ရသော'နွား'ကိုလည်းအလွတ်မပေး။ နွား၏အသွေးအရောင်ကိုအခြေခံ၍ အနီရောင်ရှိလျှင် ရွှေနီ၊ ဆွတ်ဆွတ်ဖြူလျှင် 'စာဥ' စသည်ဖြင့် အရောင်ကိုအခြေခံ၍ 'နွားပြာနီ၊ နွားပြာစိမ်း' ဟုမှည့်ခေါ်ကြလေသည်။ ထို့အပြင်နွားချိုပုံသဏ္ဌာန်ပေါ်အခြေခံ၍ 'ချိုကုပ်၊ ချိုထောင်၊ ချိုတယ်လူး၊ ချိုလက်ပြ' ဟုလည်း အမည်ပေးကြပြန်သေးသည်။ နွား၏ သွင်ပြင်လက္ခဏာအရ အမည်ပေးသည့်နောက်ကွယ်တွင် ရှေးစဉ်အလာအတွေ့အကြုံများအရ အမူအကျင့်သည်လည်း တစ်ပါတည်းတွဲဖက်ပါလာသည်ဖြစ်၍ တစ်သက်လုံး တွဲဖက်ရုန်းမည့်နွားကို ဝယ်မည်ဆိုပါက 'နွားပြာနီ၊ ဒူးမဲ၊ ဆူးလှည်းတောင် မရုန်း' ဟု ငြင်းဆန်ကြသကဲ့သို့ မျက်ခွံမို့မို့ရှိသောနွား၊ အမြီး မြေကြီးထိလုနီးပါး 'တံမြက်လှည်း' အမည်ရှိနွား၊ အရောင်သုံးရောင်စပ်သည့်နွား 'နွားနူကြား' ဟု ကင်ပွန်းတပ်၍ အထပ်ထပ်ရှောင်ကြပါသည်။ အုန်းခွံရောင်ရှိသောနွားကို 'နွားဂျစ်' ဟု ခပ်ရွဲ့ရွဲ့အမည်ပေးထားသော်လည်း ပေကပ်၍ ရုန်းသည့်နွားဟု လူကြိုက်များလှပါသည်။

သို့ဆိုလျှင် ကျွန်တော်တို့ချစ်သော၊ လောကကို အကျိုးပြုနေသောအပင်တွေကို မည်သို့ အမည်ပေးခေါ်ဝေါ်နေကြသနည်း။

မိမိတိုင်းပြည်များတွင် ပေါက်သော အပင်တို့ကို မိမိဘာသာစကားဖြင့် အမည်ပေးခေါ်ဝေါ်ဆိုကြပါသည်။ သို့သော် ထိုသစ်ပင်သည် အခြားတိုင်းပြည်များတွင်လည်း ပေါက်ရောက်ပါက ထိုတိုင်းပြည်၏ဘာသာစကားများဖြင့် အခြားနာမည် ခေါ်ဝေါ်ကြသဖြင့် သစ်မျိုးတစ်မျိုးကို နာမည်အမျိုးမျိုးဖြစ်နေပါသည်။ တိုင်းပြည်အသီးသီး မဆိုထားနှင့် တတိုင်းပြည်တည်းမှာပင် ဒေသပေါ်လိုက်၍ အမည်ကွဲပြားနေသော သစ်မျိုးများလည်းတွေ့ကြပေလိမ့်မည်။ ထိုသို့ အမျိုးမျိုးခေါ်ဝေါ်နေသော သစ်ပင်အမည်များကို တစ်ပြေးညီဖြစ်စေရန်အတွက် လက်တင်ဘာသာ အသုံးပြုသော သိပ္ပံနာမည်ဖြင့် စံထားသတ်မှတ် အသုံးပြုကြပါသည်။ သိပ္ပံအမည်တွင် Genus(မျိုးစု)အမည်၊ Species (မျိုးစိတ်) အမည်နှစ်မျိုးပေါင်း၍ ခေါ်ဝေါ်သတ်မှတ်ခဲ့ကြပါသည်။ ထိုကဲ့သို့ အမည်ပေးသည့်စနစ်ကို ဆွီဒင်နိုင်ငံသားသဘာဝ လောကပညာရှင် Carl Linnaeus က (၁၈)ရာစု အလယ်ခန့်က စတင်ခဲ့ပါသည်။ အရွက်၊ အပွင့်၊ အသီး အစရှိသော သစ်ပင်များ၏ အစိတ်အပိုင်းကိုခွဲခြား၍ တူညီသည့် ဆင်တူသည့်လက္ခဏာများကို အုပ်စုခွဲလျက် Order (မျိုးစဉ်)၊ ၎င်းမှတဆင့် Family (မျိုးရင်း)၊ Genus, Species အဆင့်ဆင့်ခွဲခြား၍ အမည်ပေးခဲ့ခြင်းဖြစ်ပါသည်။

Genus နှင့် Species တွဲလျက်ပါရှိသည့် သိပ္ပံအမည်တွင် Genus အမည်သည် သစ်မျိုးများစွာ၏အမည်တွင်ပါဝင်သော်လည်း Species အမည်သည် သစ်မျိုးတစ်မျိုးကိုသာရည်ညွှန်းခေါ်ဝေါ်ကြပါသည်။ လူပုဂ္ဂိုလ်အမည်ပေးခြင်းနှင့် နှိုင်းယှဉ်ပြရလျှင် Genus သည် မျိုးရိုးနာမည်နှင့်ဆင်တူ၍ Species သည် အမည်ပိုင်ရှင်အတွက် သီးသန့်နာမည်နှင့် ဆင်တူပါသည်။ ထိုကဲ့သို့ Genus နှင့် Species အမည်နာမ (၂)ခု တွဲလျက်ပါရှိသည့် လက်တင်ဘာသာသိပ္ပံနာမည်များဖြင့် အပင်အမျိုးအစားခွဲခြားသည့်အခါ သစ်မျိုးတစ်မျိုးအတွက် နေရာဒေသအလိုက် အမည်နာမ ကွဲပြားခြားနားမှုမရှိတော့ဘဲ တစ်သမတ်တည်း ခေါ်ဝေါ်သုံးစွဲသည့် သီးသန့်အမည် ဖြစ်လာသည့်အတွက် များစွာအထောက်အကူပြုလာပါသည်။

သိပ္ပံနာမည်ရေးသားသည့်အခါ Genus အမည်သည် ရှေ့တွင်လည်းကောင်း Species အမည်သည် နောက် တွင်လည်းကောင်း ရေးသားရသည်။ Genus အမည်၏ရှေ့ဆုံးစာလုံးမှာ စာလုံးအကြီးဖြင့်ရေးသားရပြီး Species အမည်အားလုံးကို စာလုံးအသေးဖြင့် ရေးသားရပါသည်။ အပင်၏ သိပ္ပံနာမည်အား မျဉ်းသား၍ဖြစ်စေ၊ စာလုံးအစောင်းဖြင့်ဖြစ်စေ ရေးသားဖော်ပြရပါမည်။

ထိုကဲ့သို့ Genus အတွက်ဖြစ်စေ၊ Species အတွက်ဖြစ်စေ အမည်ပေးသော လက်တင်ဝေါဟာရများသည် သစ်မျိုးတစ်မျိုးချင်း၏ သီးသန့်သွင်ပြင်လက္ခဏာများနှင့် ဝိသေသလက္ခဏာများကို ဖော်ညွှန်းလေ့ရှိပါသည်။ လက်တင်ဘာသာသိပ္ပံနာမည်များကို သဒ္ဒါဖွဲ့ဆိုပုံနှင့် နှိုင်းယှဉ်ပြောဆိုရပါက Genusသည် နာမ်ဖြစ်၍ Species သည် Genus ကို အထူးပြုပေးသော နာမဝိသေသနဖြစ်ပါသည်။ ဥပမာအားဖြင့် *Acer rubrum* ဟုဆိုပါက Genus အတွက် လက်တင်အမည် Acer သည် Maple Tree ကို ဆိုလိုပါသည်။ Maple Tree များစွာရှိသည့်အတွက် အခြား Maple နှင့်ကွဲပြားခြားနားစေရန် အနီရောင်ဟု အဓိပ္ပါယ်ရသည့် rubrum ဟု တွဲဖက်ခေါ်ဆိုလိုက်လျှင် အနီရောင် Maple Tree ဟု အဓိပ္ပါယ်ရရှိသည့်အတွက် သစ်ပင်အမျိုးအစားခွဲခြားသူများအတွက် Marple Tree များစွာထဲမှ အနီရောင်စိုစိုလွင်လွင်ရှိသည့် အရွက်များကို ရှာဖွေ၍ *Acer rubrum* ကို ခွဲခြားသိရှိနိုင်မည်ဖြစ်ပါသည်။



Red Maple Tree

ထို့အပြင် *Pterocarpus macrocarpus* အမည်ပေးထားသော ပိတောက်ပင်၏ ဝိသေသလက္ခဏာများကို လေ့လာကြည့်ပါက Pterocarpus = အတောင်ပါသောဟုလည်းကောင်း၊ macro သည် ကြီးမားသောဟုလည်းကောင်း၊ Carpus သည်အစေ့အိမ်ဟုလည်းကောင်း အဓိပ္ပါယ်ရသဖြင့် ပိတောက်သစ်မျိုးသည်အတောင်ပါသော ကြီးမားသည့်အစေ့အိမ်ရှိသောသစ်မျိုးဟု အဓိပ္ပါယ်ရပါသည်။

ထိုနည်းတူ Dipterocarpus ၏အဓိပ္ပါယ်မှာ two-winged fruit ဖြစ်ပါသည်။(Di=နှစ်ခု၊ Pterocarpus=အတောင်)



Dipterocarpus
(two winged fruit)





# သစ်တောထိန်းသိမ်းကာကွယ်ခြင်းအတွက်ငွေရရှိသည့် ပထမဆုံးအာဖရိကနိုင်ငံဖြစ်လာသော ဂါဘွန်နိုင်ငံ

ကိုးချဲ့ပညာပေးရေးဌာန



သစ်တောအတန်းအစားကျဆင်းမှုမှ ထုတ်လွှတ်မှုလျှော့ချခြင်း (REDD+) အတွက် ရလဒ်အခြေပြုပေးချေမှုကိုရရှိသည့် ပထမဆုံး အာဖရိကနိုင်ငံဖြစ်လာခဲ့ပါသည်။

REDD+ သည်နည်းပညာပိုင်းအရဖြစ်နိုင်သော်လည်း လက်တွေ့အမှန်တကယ်ဖြစ်မြောက်လာရေးအတွက်မူ စဉ်ဆက်မပြတ်တိုးတက်ပြောင်းလဲနေသော ပြည်တွင်းမူဝါဒတချို့လိုအပ်သည်ဟု အပြည်ပြည်ဆိုင်ရာ သစ်တောသုတေသနစင်တာ Center for International Forestry Research (CIFOR) မှ Denis Sonwa က ပြောကြားခဲ့ပါသည်။

ဂါဘွန်နိုင်ငံသည် ဗဟိုအာဖရိကသစ်တောအစီအစဉ် Central African Forest Initiative (CAFI)အစီအစဉ်၏တစ်စိတ်တစ်ပိုင်းအနေဖြင့် ရလဒ်အခြေပြု ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်းအတွက် နော်ဝေနိုင်ငံမှပေးချေရန်ကတိကဝတ်ပြုထားသည့် ဒေါ်လာသန်း ၁၅၀၏ ပထမဆုံးပေးချေမှုအဖြစ် ဒေါ်လာ ၁၇ သန်းကို မကြာသေးမီက ရရှိခဲ့ပါသည်။


ဂါဘွန်နိုင်ငံသည် သစ်တောဖုံးလွှမ်းမှု ၈၈ ရာခိုင်နှုန်းပိုင်ဆိုင်ထားကာ ပြီးခဲ့သည့် နှစ် ၃၀ အတွင်း နှစ်စဉ်သစ်တောပြုန်းတီးမှုကို ၀.၁ ရာခိုင်နှုန်းအောက်လျော့နည်းအောင် ကန့်သတ်ထားနိုင်ခဲ့ပါသည်။ နိုင်ငံ့စီးပွားရေးကို အထောက်အကူပြုနေသည့် ရေနံမှရရှိသည့်ဝင်ငွေရှိသောကြောင့်ဖြစ်နိုင်ပါသည်။

ဂါဘွန်နိုင်ငံ၏ ရေနံတွင်းများထွက်နှုန်းလျော့လာချိန်တွင် သစ်တောများအားမစတေးဘဲ CAFI ကဲ့သို့အစီအစဉ်များမှထောက်ပံ့သည့် ရေရှည်တည်တံ့သော သစ်တောအခြေပြုစီးပွားရေးကိုတည်ဆောက်ကာ နိုင်ငံ့စီးပွားရေးကို စုံလင်ကွဲပြားစွာဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းလျက်ရှိပါသည်။

၂၀၁၉ ခုနှစ်တွင် နော်ဝေနိုင်ငံသည် CAFI အစီအစဉ်အောက်တွင် သစ်တောများကို ကာကွယ်ထိန်းသိမ်းရန်အတွက် ဂါဘွန်နိုင်ငံအား ဒေါ်လာသန်း ၁၅၀ ပေးရန် ကတိကဝတ်ပြုခဲ့ပါသည်။ ဂါဘွန်နိုင်ငံသည် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်ကြားတွင် နိုင်ငံ၏သစ်တောပြုန်းတီးနှုန်းများအား လွတ်လပ်သော အတည်ပြုခြင်းဆောင်ရွက်ပြီးနောက် နော်ဝေနိုင်ငံမှပေးသော ပထမ ဒေါ်လာ ၁၇သန်း ကိုရရှိခဲ့ကာ သစ်တောပြုန်းတီးမှုနှင့်

CAFI ကို ဗဟိုအာဖရိကနိုင်ငံ ၆ နိုင်ငံ (ဗဟိုအာဖရိကနိုင်ငံ၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ကွန်ဂိုပြည်သူ့သမ္မတနိုင်ငံ၊ ဂါဘွန်နိုင်ငံ၊ Equatorial Guinea၊ ကင်မရွန်း) နှင့် ငွေကြေးဆိုင်ရာ မိတ်ဖက်နိုင်ငံ ၆ နိုင်ငံ (ဥရောပသမဂ္ဂ၊ ပြင်သစ်၊ နော်ဝေ၊ ဂျာမနီ၊ တောင်ကိုရီးယားနှင့် နယ်သာလန်နိုင်ငံ)တို့ကြား ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီမှုတစ်ခုအနေဖြင့် ၂၀၁၅ ခုနှစ်တွင် တည်ထောင်ခဲ့ပါသည်။

CAFI သည် UNFCCC အဖွဲ့ဝင်နိုင်ငံများက ဖော်ထုတ်ထားသည့် REDD+ လုပ်ငန်းစဉ်ကိုအခြေခံထားပါသည်။ REDD+ သည် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ယင်းတို့၏သစ်တောများကထောက်ပံ့ပေးနေသည့် ကာဗွန်နှင့် ဇီဝမျိုးစုံမျိုးကွဲကဲ့သို့ ဂေဟစနစ်ဝန်ဆောင်မှုများအတွက် ငွေကြေးအရ အကျိုးခံစားနိုင်ခွင့်ရှိသည်ဆိုသော အယူ



စိုက်ခင်းထဲမှာတင် ပျက်စီးလေလွင့်သွားတဲ့ အစားအစာတွေကိုစိုက်ပျိုးဖို့အတွက် အိန္ဒိယတိုက်ငယ်အရွယ် မြေဧရိယာတစ်ခု (၄.၄ စတုရန်းကီလိုမီတာ) နဲ့ အိုလံပစ်ရေကူးကန်ပေါင်း ၃၀၄ သန်းနဲ့ ညီမျှတဲ့ရေထုထည် လိုအပ်ပါတယ်။

ဒီလိုအံ့သြတုန်လှုပ်ဖွယ် စာရင်းအင်းကိန်းဂဏန်းတွေထဲမှာ စားနပ်ရိက္ခာအထောက်အပံ့ ကွင်းဆက်တစ်လျှောက် ထပ်မံလေလွင့်တဲ့အစားအစာတွေကို ထုတ်လုပ်စဉ်ကအသုံးပြုခဲ့ရတဲ့ တခြားအရင်းအမြစ်တွေ၊ ရိတ်သိမ်းဖို့ ပြုပြင်ထုတ်လုပ်ဖို့ သယ်ယူပို့ဆောင်ဖို့ သုံးတဲ့စွမ်းအင်တွေ မပါသေးပါဘူး။

ပိုဆိုးတာက မစားဖြစ်လိုက်တဲ့အစားအစာတွေကို စွန့်ပစ်ပြီးနောက်ပိုင်း မြေဖို့တဲ့အခါပုတ်သိုးလာချိန်မှာ မီသိန်းဓာတ်ငွေ့ထွက်ပါတယ်။ ကမ္ဘာကြီးပူနွေးမှုကိုထည့်စဉ်းစားတဲ့အခါ မီသိန်းဓာတ်ငွေ့ဟာ ကာဗွန်ထက် အာနိသင် ၈ ဆပိုများပါတယ်။

စားနပ်ရိက္ခာထုတ်လုပ်ဖို့အတွက် သဘာဝအရင်းအမြစ်တွေလျှော့သုံးတာက ရာသီဥတုအတွက် ကောင်းရုံသာမက တောရိုင်းတိရစ္ဆာန်တွေနဲ့ ဇီဝမျိုးစုံမျိုးကွဲတွေအတွက်လည်းကောင်းပါတယ်၊ ဆိုလိုတာကတော့ သစ်တောတွေ၊ မြက်ခင်းပြင်တွေနဲ့ ပင်လယ်သမုဒ္ဒရာတွေအပေါ် ဖိအားတွေလျော့သွားစေပြီး တစ်ချို့မြေတွေကို သဘာဝအတိုင်းပြန်ဖြစ်အောင် အနားပေးနိုင်လာမှာဖြစ်တယ်။

ယာခင်းတွေမှာ အစားအစာအလေအလွင့်ဖြစ်ခြင်းက စက်မှုထွန်းကားမှုနည်းပြီး သိပ်မချမ်းသာတဲ့နေရာဒေသတွေမှာပဲဖြစ်တဲ့ကိစ္စရပ်လို့ အရင်ကယုံကြည်ထားခဲ့တဲ့ အမြင်ကို Driven to Waste အစီရင်ခံစာက ပြောင်းလဲပေးခဲ့ပါတယ်။ ယေဘုယျအားဖြင့် လူတစ်ဦးချင်းရဲ့ယာမြေအဆင့် အစားအစာအလေအလွင့်က စက်မှုထွန်းကားတဲ့ နေရာဒေသတွေမှာပိုများတယ်လို့ အစီရင်ခံစာက တင်ပြထားပါတယ်။ ဥရောပတိုက်၊ မြောက်အမေရိကတိုက်နဲ့အာရှတိုက်ရဲ့စက်မှုထွန်းကားတဲ့နေရာတွေမှာရှိတဲ့ဝင်ငွေအလယ်အလတ်နဲ့ ဝင်ငွေမြင့်မားတဲ့နိုင်ငံတွေဟာ ယာခင်းတွေမှာ စက်ပစ္စည်းသုံးစွဲနိုင်မှုပိုများပြီး ကမ္ဘာ့လူဦးရေရဲ့ ၃၇ ရာခိုင်နှုန်းပဲရှိပေမယ့် ယင်းတို့ရဲ့ ယာခင်းကနေ အစားအစာလေလွင့်မှုဟာ တစ်ကမ္ဘာလုံးမှာသီးနှံရိတ်သိမ်းမှုကြောင့်ဖြစ်တဲ့ အစားအစာအလေအလွင့်ရဲ့ ၅၈ ရာခိုင်နှုန်း ဖြစ်ပါတယ်။

အစားအစာအလေအလွင့်ပြဿနာ ကမ္ဘာလုံးဆိုင်ရာပြဿနာဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာအဖြေတစ်ခုလိုအပ်တယ်ဆိုတာရှင်းပါတယ်။

နိုင်ငံအသီးသီးကအစိုးရတွေက အစားအစာနဲ့ရေလေလွင့်ဆုံးရှုံးမှုကို မူဝါဒချမှတ်တဲ့လုပ်ငန်းစဉ်မှာ ဦးစား



ပေးထားပြီး အစားအစာအလေအလွင့်လျှော့ချရေး ဦးတည်ချက်တွေသတ်မှတ်ရပါမယ်။

ဈေးကွက်တွေနဲ့ အထောက်အပံ့ကွင်းဆက်တွေမှာ သီးနှံအပိုအလျှံမဖြစ်အောင် သို့မဟုတ် အစားအစာတစ်မျိုးမျိုးကိုထုတ်လုပ်ဖို့ အာရုံစိုက်လွန်းခြင်းကို တားဆီးဖို့အတွက် တောင်သူလယ်သမားတွေအတွက် ပိုမျှတတဲ့စနစ်တွေရှိလာအောင် ကူညီပံ့ပိုးဖို့လိုအပ်ပါတယ်။

ဘက်ပေါင်းစုံက အဖွဲ့အစည်းတွေ၊ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေအနေနဲ့လည်း ပြဿနာရဲ့အတိုင်းအတာနဲ့လိုက်လျောညီထွေဖြစ်အောင်ငွေထောက်ပံ့ခြင်း၊ ရည်မှန်းချက်များမြှင့်တင်ခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းတွေတိုးမြှင့်လုပ်ဆောင်ဖို့လိုအပ်ပါတယ်။

ကျွန်ုပ်တို့တစ်ဦးချင်းအနေဖြင့်လည်း အသိဉာဏ်ဖြင့်ချင့်ချိန်ပြီး လိုအပ်သလောက်ကိုသာဝယ်ယူ၊ ချက်ပြုတ်၊ စားသုံးပြီး အစားအသောက်အကောင်းတွေကို အလေအလွင့်မဖြစ်အောင် လုပ်နိုင်ပါတယ်။

ကျွန်ုပ်တို့အနေဖြင့် အစားအစာလေလွင့်မှုနဲ့ ယာခင်းတွေမှာ အစားအစာပျက်စီးဆုံးရှုံးမှုကို အနည်းဆုံးထက်ဝက်အထိလျှော့ချဖို့လိုအပ်ပါတယ်။ ဒါမှသာ တော်မွတ်ခေါင်းပါးမှုကိုတိုက်ဖျက်ပြီး စားနပ်ရိက္ခာထုတ်လုပ်မှုကြောင့် ကမ္ဘာ့ရာသီဥတုနဲ့ သဘာဝအပေါ် ထိခိုက်မှုတွေကိုလျှော့ချနိုင်မှာဖြစ်ပါတယ်။

WWF သတင်းစာမျက်နှာတွင် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့၌ ဖော်ပြပါရှိသော ဆောင်းပါးရှင် Lilian Gikandi ၏ 10 % of all greenhouse gas emissions come from food we throw in the bin ဆောင်းပါးကိုဘာသာပြန်ထားခြင်းဖြစ်ပါသည်။ မူရင်းဆောင်းပါးကိုဖတ်ရှုလိုပါက https://updates.panda.org/driven-to-waste-report တွင်ဖတ်ရှုနိုင်ပါသည်။

**မိမ်းလန်းသာယာ၊ ပြည်မြန်မာ**
**သယံဇာတ၊ တောမှရ၏။**





သို့ပါ၍ အပင်များ၏ လက်တင်ဝေါဟာရများသည် အပင်၏ အသွင်အပြင်နှင့် ဝိသေသလက္ခဏာများကို ရည်ညွှန်းအမည်ပေးထားပါသဖြင့် စာရေးသူလေ့လာထားသော သိပ္ပံနာမည်ပါ လက်တင်ဝေါဟာရများ၏ အနက်အဓိပ္ပါယ်များကို အောက်ပါအတိုင်းရေးသား တင်ပြလိုက်ပါသည်။

***အရောင်ကို ကိုယ်စားပြုသည့် ဝေါဟာရများ–***

| | | |
|---|---|---|
| alba | = | အဖြူရောင် |
| ater | = | အနက်ရောင် |
| aurea | = | ရွှေဝါရောင် |
| azur | = | အပြာရောင် |
| chrysus | = | အဝါရောင် |
| coccineus | = | ကြက်သွေးရောင် |
| erythro | = | အနီရောင် |
| ferrugineus | = | သံချေးရောင် |
| haema | = | သွေးနီရောင် |
| lacteus | = | နို့နှစ်ရောင် |
| leuc | = | အဖြူရောင် |
| lividus | = | မီးခိုးပြာရောင် |
| luridus | = | အဝါနုရောင် |
| Luteus | = | အဝါရောင် |
| nigra | = | အမဲရောင် |
| puniceus | = | ပန်းခရမ်းရောင် |
| purpureus | = | ခရမ်းရောင် |
| rosea | = | နှင်းဆီရောင် |
| rubra | = | အနီရောင် |
| virens | = | အစိမ်းရောင် |

***သွင်ပြင်လက္ခဏာကို ဖော်ညွှန်းသည့် ဝေါဟာရများ–***

| | | |
|---|---|---|
| contorta | = | Twisted |
| globosa | = | Rounded |
| gracilis | = | Graceful |
| maculata | = | Spotted |
| magnus | = | Large |
| nana | = | Dwarf |
| pendula | = | Weeping |
| prostrata | = | Creeping |
| reptans | = | Creeping |

***မူရင်းဒေသကို ကိုယ်စားပြုသည့် ဝေါဟာရများ –***

| | | |
|---|---|---|
| alpinus | = | Alpine |
| amur | = | Amur River-Asia |
| canadensis | = | Canada |
| chinensis | = | China |
| japonica | = | Japan |
| maritima | = | Sea side |
| montana | = | Mountains |
| sylvestris | = | Woodland |
| virginiana | = | Virginia |

***အသုံးများသည့် အခြေခံဝေါဟာရများ –***

| | | |
|---|---|---|
| anthos | = | Flower |
| brevi | = | Short |
| fili | = | Threadlike |
| flora | = | Flower |
| folius | = | Foliage |
| grandi | = | Large |
| hetero | = | Diverse |
| laevis | = | Smooth |
| lepto | = | Slender |
| macro | = | Large |
| mega | = | Big |
| micro | = | Small |
| mono | = | Single |
| multi | = | Many |
| phyllos | = | Leaf/Foliage |
| platy | = | Flat/Broad |

စာရေးသူငယ်စဉ်က ဖော်ပြပါ လက်တင်ဝေါဟာရများ၏ အနက်အဓိပ္ပါယ် သိရှိရန် ဆရာများနှင့် စီနီယာသစ်တောသမားများထံ တစ်နေ့ တစ်လ တစ်လုံးကျဖြင့် လေ့လာမှတ်သားခဲ့ရပါသည်။ ယခု ခေတ်လူငယ်များသည် များစွာကံကောင်းကြပါသည်။ မိမိသိလိုသည့် အရာအားလုံး Google တွင် ရိုက်ထည့်၍ ရှာဖွေနိုင်ကြသဖြင့် ဖော်ပြပါဝေါဟာရများ၏ အနက်အဓိပ္ပါယ်ကို သိရှိရုံသာမက စာရေးသူငယ်စဉ်က အသံထွက်ပင်လျှင် မည်သို့ထွက်ရမည်ကို မသိရှိသော လက်တင်အမည်များကို ခေတ်လူငယ်များ အလွယ်တကူရှာဖွေကြားသိ အသံထွက်နိုင်ကြသဖြင့် သစ်ပင်၏ လက်တင်ဘာသာ သိပ္ပံအမည်များ၏ နောက်ကွယ်က အနက်အဓိပ္ပါယ်ဖော်ထုတ်လေ့လာကြရင်း သစ်ပင်များကို ချစ်ခင်စိတ်တိုးပွားကြ၍ လောကအကျိုးသယ်ပိုးနိုင်ကြပါစေ။

**မှီငြမ်းစာရင်း**


၁။ Caltural Atlas
၂။ ခင်ခင်ထူး၏ 'သဒိုး' ဝတ္ထုလတ်
၃။ ဒီပဲယင်းမြို့နယ်၊ ပျော်ဘွယ်ကျေးရွာ ဦးဝင်းကျော်နှင့် တွေ့ဆုံမေးမြန်းချက်
၄။ မောင်မောင်သန်း၏ ပန်းစကား (ဝတ္ထုတို)
၅။ htpp://www.gardeningknowhow.com

CF Unit



# အစုအဖွဲ့ပိုင်သစ်တောအကြောင်း သိကောင်းစရာ --

ယခင်လမှအဆက်

စိုက်ပျိုးရေးနှင့် သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း

**(၁) အစုအဖွဲ့ပိုင်သစ်တောဧရိယာအတွင်းရှိ စိုက်ပျိုးရေး**

မေး။ အစုအဖွဲ့ပိုင်သစ်တောဧရိယာအတွင်း၌ စိုက်ပျိုးရေးသီးနှံကို စိုက်ပျိုးနိုင်ပါသလား။

ဖြေ။ အသုံးပြုသူများအဖွဲ့ အဖွဲ့ဝင်များသည် အစုအဖွဲ့ပိုင်သစ်တောအတွင်း သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်းစနစ်ကိုအသုံးပြု၍ သတ်မှတ်ချက်နဲ့အညီ အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်တွင် ထည့်သွင်းရေးဆွဲခဲ့လျှင် နိုင်ငံတော်မှ မစိုက်ပျိုးရန်တားမြစ်ထားသည့်အပင်မှတပါး မိမိနှစ်သက်ရာစိုက်ပျိုးရေးသီးနှံကို စိုက်ပျိုးနိုင်ပါသည်။

**(၂) သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းစနစ် နှင့် ပတ်သက်သောစည်းမျဉ်း**

မေး။ အစုအဖွဲ့ပိုင်သစ်တောဧရိယာတွင် အသုံးပြုသော သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းစနစ်အတွက် သတ်မှတ်စံ(သို့မဟုတ်) စည်းမျဉ်းရှိပါသလား။

ဖြေ။ အစုအဖွဲ့ပိုင်သစ်တောအတွင်း သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းနည်းစနစ်ကို ဒေသနှင့်ကိုက်ညီသော မိမိကြိုက်နှစ်သက်ရာ ပုံစံမျိုးစုံဖြင့် ဆောင်ရွက်နိုင်ပါသည်။ သစ်တောမြေအတွင်း ကာလအတန်ကြာ လုပ်ကိုင်ဆောင်ရွက်ခဲ့သော ယာမြေများကို သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းဖြင့် အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆောင်ရွက်ပါက သစ်တောသစ်ပင်များကို ယာစည်းရိုးပတ်လည်တွင်လည်းကောင်း၊ လိုင်းအလိုက် သစ်တောပင်စိုက်ပျိုးခြင်းသော်လည်းကောင်း၊ ယာကွက်အတွင်း သင့်လျော်သောနေရာများတွင် ကွက်လပ်ဖြည့်စိုက်ပျိုးခြင်းသော်လည်းကောင်း၊ ယာမြေ၏ အစိတ်အပိုင်း အချို့ကို ကွက်ပြည့်စိုက်ပျိုးခြင်းသော်လည်းကောင်း တစ်ဧကတွင် သစ်တောသစ်ပင်အနည်းဆုံး (၁၅၀) ပင် စိုက်ပျိုးရမည်ဖြစ်ပြီး Landscape Approach (သစ်တောမြေယာရှုခင်းဖော်ထုတ်ခြင်း) နည်းလမ်းဖြင့် ယာမြေများအနီး သဘာဝတောကျန်ထိန်းသိမ်းရန်ရှိပါက (ယာပိုင်ရှင်ကိုယ်တိုင် ထိန်းသိမ်းထားနိုင်ပါက) သဘာဝတောထိန်းသိမ်းခြင်း လုပ်ငန်းများပူးတွဲလျက် ဆောင်ရွက်ခွင့်ပြုနိုင်ပါသည်။

**(၃) သီးနှံသစ်တောရောနှောစိုက်ပျိုးနိုင်သောကာလ**

မေး။ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းကို ကျင့်သုံးရန်အချိန်ကာလကန့်သတ်ချက် ရှိပါသလား။

ဖြေ။ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းကို ကျင့်သုံးရန်အချိန်ကာလသတ်မှတ်ချက်မရှိပါ။ တွဲဖက်စိုက်ပျိုးသော သီးနှံရွေးချယ်ခြင်းနှင့် သစ်တောသစ်ပင်၏ ပင်ခြားအကွာဝေး၊ ကိုင်းချိုင်ပေးခြင်းတို့အပေါ်တွင် မူတည်ပါသည်။ ယေဘုယျအားဖြင့် သစ်တောသစ်ပင်အတွက် ရှည်သောသက်ပတ်ကို သတ်မှတ်၍ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း ဆက်လက်ဆောင်ရွက်နိုင်ရန် သင့်လျော်သောပင်ခြားအကွာအဝေးကို ကျင့်သုံးသည်။

**(၄) ရွှေ့ပြောင်းတောင်ယာ**

မေး။ အစုအဖွဲ့ပိုင်သစ်တောဧရိယာတွင် ရွှေ့ပြောင်းတောင်ယာကို ခွင့်ပြုပါသလား။

ဖြေ။ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များတွင် ခွင့်ပြုထားခြင်းမရှိပါ။ အကြောင်းမှာ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းစနစ်၏ သဘာဝအရ သစ်တောစိုက်ခင်းများမှအပ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန် မြေဧရိယာများစွာ လိုအပ်ပါသည်။ မြေဧရိယာအကန့်အသတ်ဖြင့် ဆောင်ရွက်ရသော အစုအဖွဲ့ပိုင်သစ်တော၏ ထာဝရရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်လည်း အပ်စပ်မှုမရှိပါ။ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း လျော့နည်းလာစေရေးနှင့်ဒေသခံများစဉ်ဆက်မပြတ် ဝင်ငွေရရှိနိုင်ရေးအတွက် သစ်တောသစ်ပင်စိုက်ပျိုးထိန်းသိမ်းခြင်းနှင့်အတူ နှစ်စဉ်ဝင်ငွေရရှိနိုင်သည့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းနည်းစနစ်ဖြင့် အစားထိုးဆောင်ရွက်နိုင်ရေး တွန်းအားပေး စည်းရုံးဆောင်ရွက်ရမည်ဖြစ်ပါသည်။

**(၅) သနပ်ခါးစိုက်ခင်း**

မေး။ အစုအဖွဲ့ပိုင်သစ်တောတွင် သနပ်ခါးတစ်မျိုးတည်းသာစိုက်ပျိုးခြင်းကို ခွင့်ပြုနိုင်ပါသလား။

ဖြေ။ အစုအဖွဲ့ပိုင်သစ်တောတွင် သနပ်ခါးတစ်မျိုးတည်းသာစိုက်ပျိုးခြင်းကို ခွင့်မပြုပါ။ အကြောင်းမှာ သနပ်





# မှန်လုံအိမ်အာနိသင်ဓာတ်ငွေ့အားလုံး၏ ၁၀ ရာခိုင်နှုန်းသည် စွန့်ပစ်အစားအသောက်များမှ ထွက်လာခြင်းဖြစ်

တိုးချဲ့ပညာပေးရေးဌာန



တိုးပွားနေသောလူဦးရေအတွက် အစားအစာပိုထုတ်လုပ်ခြင်းက တစ်ခုတည်းသောအဖြေလား။

သိပ္ပံပညာရှင်များ၊ တောင်သူများနဲ့ နိုင်ငံရေးပညာရှင်များက အဖြေထုတ်ဖို့ကြိုးစားလာခဲ့တဲ့ မေးခွန်းတစ်ခုဖြစ်သလို ဒီမေးခွန်းအတွက်ကျိုးကြောင်းဆီလျော်တဲ့အဖြေကတော့ ဟုတ်ပါတယ် ဆိုတဲ့အဖြေပဲဖြစ်ဖို့များပါတယ်။ ဒါပေမယ့် ဒီအဖြေမှာ ကျွန်ုပ်တို့ဟာ အကောင်းအတိုင်းစားလို့ရတဲ့၊ အာဟာရရှိတဲ့အစားအသောက် ပမာဏအများကြီးကို နှစ်စဉ်စွန့်ပစ်နေတယ်ဆိုတဲ့ အချက်ကမြုပ်ကွယ်နေပါတယ်။

သုတေသနအသစ်အရ နှစ်စဉ် အစားအစာ ခန့်မှန်းခြေ ၂.၅ တန်ကျော်ဟာမစားဘဲ အလေအလွင့်ဖြစ်သွားတယ်လို့သိရပြီး ဒီပမာဏဟာ ထုတ်လုပ်တဲ့စားနပ်ရိက္ခာအားလုံးရဲ့ ၄၀ ရာခိုင်နှုန်းခန့်ရှိတယ်လို့သိရပါတယ်။

WWF နှင့် Tesco ရဲ့ Driven to Waste ဆိုတဲ့အစီရင်ခံစာအသစ်တစ်ခုမှာ ယာခင်းတွေမှာဆုံးရှုံးတဲ့ ကမ္ဘာလုံးဆိုင်ရာအစားအစာ ဆုံးရှုံးပျက်စီးမှုစုစုပေါင်းကို တွက်ချက်ပြီး အထောက်အပံ့ကွင်းဆက်တစ်လျှောက် တခြားနေရာတွေမှာ ဆုံးရှုံးတဲ့နောက်ဆုံးရခန့်မှန်းခြေနဲ့ ပေါင်းပြီးတော့ ကျွန်ုပ်တို့ အစားအစာဘယ်လောက်ကို အလေအလွင့်ဖြစ်စေသလဲဆိုတာကို နားလည်အောင် ရှင်းပြထားပါတယ်။

ကိန်းဂဏန်းတွေအရ ကျွန်ုပ်တို့ဟာ အစားအစာစွန့်ပစ်ရာမှာ ယခင်ကခန့်မှန်းခဲ့တာထက် ၁.၂ ဘီလီယံတန်ပိုပြီး အလေအလွင့်ဖြစ်အောင်လုပ်နေကြောင်းသိရပါတယ်။



ဒီအစားအသောက်တွေသာ အလေအလွင့် မဖြစ်ခဲ့ရင် ကမ္ဘာ့စားနပ်ရိက္ခာမဖူလုံတဲ့ပြဿနာကို ဖြေရှင်းရာမှာ အကူအညီဖြစ်နိုင်ခဲ့မှာပါ။ ၂၀၂၀ ခုနှစ်မှာ သန်းပေါင်း ၇၂၀ နဲ့ ၈၁၁ ကြားအရေအတွက်ရှိတဲ့လူဦးရေဟာ ငတ်မွတ်မှုကိုရင်ဆိုင်ခဲ့ရပါတယ်။ ဒီလူဦးရေဟာ ၂၀၁၉ ခုနှစ်မှာ အစားအစာငတ်မွတ်သူဦးရေထက် ၁၆၁ သန်းပိုများပါတယ်။

ပိုကောင်းတဲ့မျှဝေမှုအစီအစဉ်နဲ့ တွဲဖက်ခဲ့ရင် အလေအလွင့်ဖြစ်ခဲ့တဲ့ အဆိုပါအစားအသောက်အများစုကို ငတ်မွတ်တဲ့လူတွေကိုကျွေးနိုင်ခဲ့မှာဖြစ်ပါတယ်။ ရာသီဥတုဆိုင်ရာရည်မှန်းချက်တွေကို ပြည့်မီအောင်လုပ်ဆောင်ဖို့ဆိုရင် လူများများကို အစားအသောက်ပိုထောက်ပံ့နိုင်ဖို့ အတွက် စားနပ်ရိက္ခာကို ပိုထုတ်လုပ်ရမှာမဟုတ်ဘဲ၊ စားနပ်ရိက္ခာထုတ်လုပ်ခြင်းကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုကို လျှော့ချဖို့ကလည်းအရေးကြီးတယ်ဆိုလိုတာ ဖြစ်ပါတယ်။ အချက်အလက်အသစ်တွေကို အခြေခံသုံးသပ်ကြည့်ရင် အစားအစာအလေအလွင့်ကြောင့်ဖြစ်တဲ့ ကမ္ဘာ့မှန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုဟာ ယခင်ကထင်ခဲ့သလို ၈ ရာခိုင်နှုန်းမဟုတ်ဘဲ ၁၀ ရာခိုင်နှုန်းဖြစ်ပါတယ်။ ဒီထုတ်လွှတ်မှုဟာ အမေရိကန်ပြည်ထောင်စုနဲ့ ဥရောပမှာ မောင်းနှင်နေတဲ့ကားတွေအားလုံးကနေ နှစ်စဉ်ထုတ်လွှတ်တဲ့ထုတ်လွှတ်မှုရဲ့ နှစ်ဆနီးပါးဖြစ်ပါတယ်။

အစားအစာအလေအလွင့်ကြောင့်ဖြစ်တဲ့ ထုတ်လွှတ်မှုမြင့်မားရတဲ့အကြောင်းကတော့ အစားအစာထုတ်လုပ်ဖို့အတွက် စိုက်ပျိုးမြေဧရိယာ၊ ရေနဲ့စွမ်းအင် ပမာဏအများကြီး အသုံးပြုရလို့ဖြစ်ပါတယ်။

ရှမ်းပြည်နယ်မှာ (၆၇)မှု၊ ကချင်ပြည်နယ်မှာ (၃၂)မှု၊ ချင်း ပြည်နယ် (၂၄)မှု၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ ကရင်ပြည်နယ်မှာ (၂၃)မှု ရှိကြောင်း၊ ကျန်တိုင်းဒေသကြီး၊ ပြည်နယ် များမှာလည်း အနည်းငယ်စီရှိကြောင်း စစ်ဆေးရေးဌာန ကိန်းဂဏန်းများအရသိရှိရပါတယ်။

၁၉၈၀ ခုနှစ် ကာလများမှာတော့ ဦးပါလေးနှင့်၊ ဒေါ်နန်းလူနှင့်၊ ဦးလှစိန်နှင့်၊ မောင်စိန်ကျင်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ဆိုတဲ့ အမှုစီရင်ထုံးများအရ တရားရုံးများအနေဖြင့် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုတဲ့သက်သေခံမော်တော်ယာဉ်တွေကို ယာဉ်ပိုင်ရှင်က မသိနိုင်တဲ့ အခြေအနေမှာ ပြည်သူ့ဘဏ္ဍာအဖြစ် မသိမ်းသင့်ပဲ ယာဉ်ပိုင်ရှင်ကို ပြန်ပေးစေလို့ အမိန့်ချမှတ်ခဲ့ကြောင်းလေ့လာတွေ့ရှိရပါတယ်။

ဒါပေမယ့် ၁၉၉၀ ခုနှစ် နောက်ပိုင်းမှာတော့ စိုးမြင့်နိုင်ပါ ၄၀ နှင့်၊ ဦးကျော်ကျော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုတဲ့ အမှုစီရင်ထုံးများအရ **တရားမဝင်ပစ္စည်းသယ်ယူခြင်းကို ယာဉ်ပိုင်ရှင်ဖြစ်သူက မသိဘူးဆိုတဲ့အကြောင်းပြချက်နဲ့ မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းမပြုနိုင်** ဆိုတဲ့ တရားသေ သတ်မှတ်ထားတာမရှိဘူး၊ **ယာဉ်ပိုင်ရှင်မသိလို့ဆိုတဲ့ လွယ်လင့်တကူတင်ပြချက်ကို လက်ခံခြင်းမပြုတော့ကြောင်း၊ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း သင့်/မသင့်မှာ အမှုတစ်ခုစီတွင်ပေါ်ပေါက်သော ဖြစ်ရပ်အသီးသီးအရ ဆုံးဖြတ်ရမည့် ကိစ္စဖြစ်ကြောင်း** ဆုံးဖြတ်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဦးဝင်းမြင့်အောင် အမှု(၂၀၀၀)ပြည့်နှင့် မြန်မာနိုင်ငံတရားစီရင်ထုံး စာမျက်နှာ (၉၅)မှာတော့ **'နိုင်ငံတော်၏ စီးပွားရေးကို အခြေခံအားဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေချိန်တွင် သစ်တောဥပဒေကို အထူးဥပဒေတစ်ရပ်အဖြစ် ပြဌာန်းခြင်းဖြစ်သည်။ အဆိုပါဥပဒေကို ဖောက်ဖျက်ကျူးလွန်ပါက ဥပဒေအရ ထိရောက်ဟန့်တားသော ပြစ်ဒဏ်ကိုပေးလေ့ရှိသည်။ ပေးရန်လည်းလိုသည်။ ထို့အတူ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသော သက်သေခံပစ္စည်းများကို စီမံခန့်ခွဲရာတွင်လည်း သာမန်ပုဂ္ဂလိကဖြစ်ရပ်ကဲ့သို့ ပိုင်ရှင်မသိပါဟု အကြောင်းပြရုံမျှဖြင့် လွယ်လင့်တကူလက်ခံခွင့်ပြုရန် မဟုတ်ပေ'** ဟု ဆုံးဖြတ်၍ ယာဉ်အား ပြည်သူ့ဘဏ္ဍာသိမ်းဆည်းရန် ပြင်ဆင်အမိန့်ချမှတ်ခဲ့ပါကြောင်း တင်ပြအပ်ပါသည်။



စာမျက်နှာ (၂၁)မှ အဆက် ➤

မဏိသြဃသားသည်အသားကျစ်လစ်မာကျောသည့် အပြင်လေးသောကြောင့် အချို့ဒေသများတွင် ဆန်ဖွတ်ကျည်ပွေ့ပြုလုပ်ကြသည်။

လေဖြင့်ခြောက်သွေ့ပြီးသော မဏိသြဃသားမှာ တစ်ကုဗပေလျှင်အလေးချိန် ၄၃ ပေါင်စီးသည်။

မဏိသြဃသားကို အသားသေအောင်ပြုလုပ်ရန် အနည်းငယ်ခက်ခဲပါသည်။ ၎င်းအသားကို အမိုးအကာအောက်၌ အသုံးပြုလျှင်ကြာရှည်စွာအသုံးခံပြီးလဟာပြင်တွင် အသုံးပြုပါက အသင့်အတင့်သာကြာရှည်ခံပါသည်။ သစ်သားမှာကြွတ်ဆတ်သောကြောင့် ခွဲစိတ်ရာ၌ ခက်ခဲတတ်သည်။ သစ်လုံးကိုအစိုလိုက်ခွဲစိတ်လျှင် ကောင်းပါသည်။ စက်ဖြင့်အချောကိုင်လုပ်ကိုင်ရာတွင် ကောင်းမွန်ပြီး သစ်သားမျက်နှာပြင်မှာချောမွတ်၍ ဆေးသုတ်အရောင်တင်ရာ၌လည်း အရောင်တောက်ပြောင်ပါသည်။ မဏိသြဃသားကိုအဆောက်အအုံဆောက်လုပ်ရာတွင်လည်းကောင်း၊ တိုင်အဖြစ်လည်းကောင်း၊ လှေကားများပြုလုပ်ရာတွင်လည်းကောင်းအသုံးပြုနိုင်သည်။

ကျွန်းသစ်၏ဂုဏ်သတ္တိများကို ၁၀၀ စီထား၍ နှိုင်း ယှဉ်လျှင် မဏိသြဃသားသည် အလေးချိန် ၁၁၀၊ ရက်မ အဖြစ် ခိုင်ခံ့အား ၁၁၅၊ ရက်မအဖြစ် တောင့်ခံအား ၁၁၀၊ တိုင်/ကျားကန်အဖြစ်ခံနိုင်အား ၁၀၅၊ ထုနှက်ခံနိုင်အား ၁၂၀၊ လျှောပြတ်အား ၁၃၀၊မာရည် ၁၂၅ နှင့် ပုံတည်မြဲမှု ၆၀ဖြစ်သည်။



(U Hoke Lin Facebook ) လူမှုကွန်ရက်စာမျက်နှာမှ ကူးယူဖော်ပြသည်။
https://www.facebook.com 100032019512791/posts/ 409523983458249/ ?sfnsn = mo
U Hoke Lin



ခါးကိုသစ်မဟုတ်သောသစ်တောပင်အဖြစ် သဘောထား၍ဖြစ်ပါသည်။ သနပ်ခါးကို အစုအဖွဲ့ပိုင်သစ်တော၏ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း သတ်မှတ်ချက်နှင့်အညီ သစ်မျိုးသစ်ပင်နှင့် ရောနှောစိုက်ပျိုးရမည်ဖြစ်ပါသည်။

### (၆) ကြံစိုက်ပျိုးခြင်း

မေး။ အစုအဖွဲ့ပိုင်သစ်တောဧရိယာတွင် ကြံစိုက်ပျိုးနိုင်ပါသလား။

ဖြေ။ စိုက်ပျိုးရေးသီးနှံရွေးချယ်ခြင်းနှင့်ပတ်သက်၍ ကန့်သတ်ချက်မရှိသဖြင့် အစုအဖွဲ့ပိုင်သစ်တောဧရိယာတွင် ကြံကိုလည်း စိုက်ပျိုးနိုင်ပါသည်။ သစ်တောမြေအတွင်း ကာလအတန်ကြာ လုပ်ကိုင်လျက်ရှိသည့် ယာမြေများစာရင်းကောက်စဉ်က ပါဝင်ခဲ့သော ကြံစိုက်ခင်းဧရိယာများကို သစ်တောသစ်ပင်များ စိုက်ပျိုးနိုင်ရေးအတွက် သီးခြားကွက်ပြည့်သော်လည်းကောင်း၊ ကွက်လပ်ဖြည့်စိုက်ပျိုးခြင်းဖြင့်သော်လည်းကောင်း ဆောင်ရွက်နိုင်ပါသည်။ သစ်တောသစ်ပင်များကြားတွင် ကြံသီးနှံစိုက်ပျိုးပါက နွေရာသီကြံရိုးများကို မီးရှို့ပါက သစ်တောသစ်ပင်ကို မီးလောင်နိုင်စေသဖြင့် တွဲဖက်စိုက်ပျိုးရန် အခက်အခဲရှိနိုင်ပါသည်။ သို့သော်လည်း ကြံ၏ ရေအသုံးပြုမှုများသဖြင့် ကြံသည် အပူပိုင်းဒေသတွင် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းစနစ်အတွက် အကြံပြုသင့်သောသီးနှံမဟုတ်ပါ။

## ခုတ်လှဲခြင်းနှင့် အကျိုးအမြတ်

### (၁) အကျိုးအမြတ်ရရှိခြင်း

မေး။ အစုအဖွဲ့ပိုင်သစ်တောမှ အကျိုးအမြတ်ကို အသုံးပြုသူများအဖွဲ့ အဖွဲ့ဝင်များက မည်သည့်အချိန်တွင် ရရှိပါသနည်း။

ဖြေ။ အစုအဖွဲ့ပိုင်သစ်တောမှ အကျိုးအမြတ်ရရှိမည့် အချိန်သည် အစုအဖွဲ့ပိုင်သစ်တော၏ လက်ရှိအခြေအနေ၊ အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်နှင့် ရေးဆွဲထားသောသက်ပတ်အပေါ် အဓိကမူတည်သည်။ အစုအဖွဲ့ပိုင်သစ်တောဧရိယာတွင် ထုတ်ယူနိုင်သောသစ်တောပါရှိပြီး အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်တွင်လည်း ထုတ်လုပ်ရန်ဖော်ပြထားပါက အသုံးပြုသူများအဖွဲ့ အဖွဲ့ဝင်အနေဖြင့် အစုအဖွဲ့ပိုင်သစ်တောကိုတည်ထောင်ပြီးသည်နှင့် အကျိုးခံစားခွင့်ရရှိနိုင်ပါသည်။ အသုံးပြုသူများအဖွဲ့ အဖွဲ့ဝင်များသည် စိုက်ခင်းဖြင့်စတင်ခဲ့ပါက အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်တွင် ပြဋ္ဌာန်းထားသော သက်ပတ်ကာလကို အပြည့်အဝစောင့်ရန်လိုပါသည်။ ထိုသို့ သက်ပတ်ကာလကို စောင့်နေစဉ် အသုံးပြုသူများအဖွဲ့သည် ရှိနေသော တောကျန်(သို့မဟုတ်) စိုက်ပျိုးထားသော သစ်ပင်တို့မှ ထင်းနှင့်တိရစ္ဆာန်အစားအစာကဲ့သို့သောအကျိုးကိုရနိုင်ပါသည်။ အစုအဖွဲ့ပိုင်သစ်တောများ သစ်တောထွက်ပစ္စည်းထုတ်ယူရောင်းချခြင်းဖြင့် အကျိုးမြတ်ရရှိနိုင်ရန် အချိန်ကာလတစ်ခုစောင့်ရသည့်အတွက် နှစ်စဉ်ဝင်ငွေရနိုင်သည့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းနည်းစနစ်ဖြင့် သော်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှု (တောတောင်ရေမြေ အခြေပြုဧည့်လမ်းညွှန်၊ ငှက်ကြည့်ရှုရန် ဧည့်လမ်းညွှန် စသည့်) ဖြင့်သော်လည်းကောင်း အကျိုးအမြတ်ရရှိနိုင်ရန် ဆောင်ရွက်သင့်ပါသည်။

### (၂) သစ်ထုတ်လုပ်မှု ကန့်သတ်ချက်

မေး။ အစုအဖွဲ့ပိုင်သစ်တောဧရိယာမှ သစ်ထုတ်ခြင်း အတွက် ကန့်သတ်ချက်ရှိပါသလား။

ဖြေ။ သစ်ထုတ်ခြင်းကို အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်တွင် သတ်မှတ်ပြဋ္ဌာန်းထားသော ပမာဏအတိုင်း ကန့်သတ်ချက်အတွင်း ဆောင်ရွက်ရန်ဖြစ်ပါသည်။ အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်တွင် ထုတ်လုပ်ရန် သစ် ပမာဏ ကန့်သတ်ချက်ဖော်ပြမထားပါက စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်မည့် ရေရှည်တည့်တံ့စေသော သစ်တောစီမံအုပ်ချုပ်ခြင်းနည်းလမ်းဖြင့် နှစ်စဉ်ထုတ်လုပ်မည့် ဧရိယာအဖြစ် သတ်မှတ်ထုတ်လုပ်နိုင်ပါသည်။ သဘာဝတောတွင် အရွယ်ရောက် ထုတ်ယူသုံးစွဲနိုင်သည့် သစ်တောသစ်ပင်များ ပါရှိပါက သင့်တင့်သောအချိန်ကာလ ထိန်းသိမ်းခြင်းဖြင့် မိမိသုံး၊ ကျေးရွာသုံးများအတွက် ထုတ်ယူနိုင်ရေး အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်တွင် ဖော်ပြထားသင့်ပါသည်။

### (၃) ထုတ်လုပ်ခြင်းနှင့် တားမြစ်ရာပါသစ်မျိုးများ

မေး။ အစုအဖွဲ့ပိုင်သစ်တောအတွင်းရှိ သဘာဝတော (သို့မဟုတ်) စိုက်ခင်းတွင် ပေါက်ရောက်နေသော သစ်မျိုးအားလုံးကို ထုတ်လုပ်နိုင်ပါသလား။

ဖြေ။ သစ်တောဥပဒေနှင့်အညီ ကျွန်းနှင့်တားမြစ်ရာပါသစ်များအပါအဝင် စိုက်ပျိုးထားသည့် သစ်မျိုးအားလုံးကို သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်လုပ်နိုင်ပါသည်။ အသုံးပြုသူများအဖွဲ့ အဖွဲ့ဝင်များသည် သဘာဝတောအတွင်းရှိ ကျွန်းနှင့် ဒေသဆိုင်ရာ တားမြစ်ရာပါသစ်မျိုးများကို ထိန်းသိမ်းပြုစု ထုတ်ယူသုံးစွဲနိုင်ရေးအတွက် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံချက်တွင် ထည့်သွင်းရေးဆွဲ၍ သစ်တောဦးစီး

ဌာနမှသတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းနှင့် အညီထုတ်ယူသုံးစွဲနိုင်မည် ဖြစ်ပါသည်။

**(၄) ခုတ်လှဲခြင်း**

မေး။ ခုတ်လှဲခြင်းကို အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်တွင် သတ်မှတ်ထားသည့် သက်ပတ် ကာလမပြည့်မီ ပြီးစီးအောင် ဆောင်ရွက်နိုင်ပါသလား။

ဖြေ။ ခုတ်လှဲခြင်းကို အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်က ခွင့်ပြုထားသည့် အတိုင်းဆောင်ရွက်နိုင်ပါသည်။ ဈေးကွက်အခြေအနေအရသော်လည်းကောင်း၊ လုပ်ငန်းလိုအပ်ချက်အရသော်လည်းကောင်း အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်တွင် ဖော်ပြထားသော သက်ပတ်မပြည့်မီ ထုတ်ယူခုတ်လှဲလိုပါက အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ကို ပြန်လည်ပြင်ဆင်ရေးဆွဲ၍ ခရိုင်သစ်တောအရာရှိထံမှ အတည်ပြုချက်ရရှိပါက ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ခုတ်လှဲခြင်း၊ ထုတ်ယူခြင်းများကို သစ်တောဦးစီးဌာနမှ ထုတ်ပြန်ထားသော ဥပဒေ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများစသည်တို့နှင့်အညီ ကြိုတင်ခွင့်ပြုချက် ရရှိမှသာ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

**(၅) အချိန်မတိုင်မီ ခုတ်လှဲခြင်း**

မေး။ အသုံးပြုသူများအဖွဲ့ အဖွဲ့ဝင်က ထုတ်လုပ်နိုင်သော အရွယ်တွင် ယင်း၏ ဝေစုကို မတောင်းခံတော့ဘဲ သက်ပတ်မပြည့်မီကြိုတင်ခုတ်လှဲလိုပါက ခွင့်ပြုပါသလား။

ဖြေ။ အခြားအသုံးပြုသူများအဖွဲ့အဖွဲ့ဝင်များ၏ သဘောတူညီချက်အရဖြစ်စေ သဘောတူထားသည့် ဧရိယာတွင်းမှ မိမိဆန္ဒအလျောက်ဖြစ်စေ သက်ပတ်မပြည့်မီ ကြိုတင်ခုတ်လှဲခြင်းသည် တစ်ဦးချင်းအုပ်ချုပ်လုပ်ကိုင်မှု စီမံချက်ကို ချိုးဖောက်ရာရောက်သဖြင့် မည်သည့်အချိန်မတိုင်မီ ခုတ်လှဲခြင်းကိုမျှ ခွင့်ပြုမည်မဟုတ်ပါ။ ဤအချက်သည် အချိန်မတိုင်မီ ခုတ်လှဲခြင်းနှင့် သက်ပတ်ကာလအတွင်းအဆိုပါ အစုအဖွဲ့ပိုင်သစ်တောဧရိယာသည် တောမီး (သို့မဟုတ်) သဘာဝအန္တရာယ်ကြောင့် ပျက်ဆီးခဲ့လျှင် အကျိုးခံစားခွင့် ခွဲဝေခြင်းနှင့်ပတ်သက်၍ အငြင်းပွားဖွယ်ဖြစ်နိုင်ပါသည်။ အချိန်မတိုင်မီ ခုတ်လှဲလိုပါက တစ်ဦးတစ်ယောက်ချင်း စိုက်ပျိုးထိန်းသိမ်းထားသော်လည်း ကော်မတီအဖွဲ့၏ သဘောတူညီချက်ဖြင့် အုပ်ချုပ်လုပ်ကိုင်မှုစီမံချက် ပြန်လည် ပြင်ဆင်ပြီး ခရိုင်သစ်တောအရာရှိက အတည်ပြုမှသာ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**(၆) ဝါးထုတ်လုပ်ခြင်း**

မေး။ အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ပြီးနောက် ယင်းဧရိယာတွင် ပေါက်ရောက်နေသော ဝါးသယံဇာတကို ထုတ်လုပ်ခွင့်ရှိပါသလား။

ဖြေ။ အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်တွင်လည်း ဝါးသယံဇာတစီမံအုပ်ချုပ်ခြင်းကို သတ်မှတ်ထည့်သွင်းထားပါက စီမံချက်အရ ခုတ်လှဲနိုင်ပါသည်။ သစ်တောဦးစီးဌာနသည် သဘာဝတောအတွင်းရှိ ဝါးများကိုလည်း ရေရှည်တည်တံ့စေသော ပြုစုထိန်းသိမ်းခြင်းနည်းစနစ်ဖြင့်ဆောင်ရွက်နိုင်သည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆောင်ရွက်ခွင့်ကို ခွင့်ပြုပေးလျက်ရှိပါသည်။ ပဲခူးတိုင်းဒေသကြီးအတွင်း အသုံးပြုသူအဖွဲ့ဝင်များကိုယ်တိုင် စီမံခန့်ခွဲပြုစုထိန်းသိမ်းထုတ်ယူသုံးစွဲနိုင်သည့် သဘာဝတောဧရိယာ ခုနှစ်သောင်းကျော်ကို ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆောင်ရွက်ခွင့် ထုတ်ပေးထားရှိပြီး နှစ်စဉ်ထုတ်ယူသုံးစွဲလျက်ရှိပါသည်။

**(၇) အစုအဖွဲ့ပိုင် သစ်တောထွက်ပစ္စည်းများရောင်းချခြင်းနှင့် သယ်ယူခြင်း**

မေး။ အစုအဖွဲ့ပိုင်သစ်တောထွက်ပစ္စည်းများကို အခြားဒေသသို့ ရောင်းချတင်ပို့နိုင်ပါသလား။

ဖြေ။ အစုအဖွဲ့ပိုင်သစ်တောမှ မည်သည့်သစ်တောထွက်ပစ္စည်းကိုမဆို အခြားဒေသများအဖြစ် ပြည်တွင်းပြည်ပအားလုံး တင်ပို့ရောင်းချသယ်ယူနိုင်ပါသည်။ ကျေးရွာပြင်ပသို့ရောင်းချလျှင် အခွန်ကောက်ခံမည်ဖြစ်ပြီး မြို့နယ်ကျော် သယ်ယူလျှင် မျှောစာလိုအပ်မည်ဖြစ်ပါသည်။ ပြည်တွင်းပြည်ပအပါအဝင်ထုတ်လုပ်သယ်ယူရောင်းချခြင်းလုပ်ငန်းများအား သစ်တောဦးစီးဌာနမှ သတ်မှတ်ထားသည့် ဥပဒေ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ပါသည်။

**(၈) အစုအဖွဲ့ပိုင်သစ်တော၏ ရနိုင်သောအကျိုးများနှင့် ယင်းတို့၏သေချာမှု**

မေး။ အစုအဖွဲ့ပိုင်သစ်တောက အသုံးပြုသူများအဖွဲ့ အဖွဲ့ဝင်များအား မည်သည့်အကျိုးတရားများကို မည်သို့သေချာအောင် ပေးနိုင်ပါသနည်း။

ဖြေ။ အစုအဖွဲ့ပိုင်သစ်တော၏ ပေးနိုင်သောအကျိုးတရားများမှာ သစ်တောဦးစီးဌာန အသုံးပြုသူများ အဖွဲ့အား နှစ်(၃၀)မြေအသုံးချခွင့်ပေးခြင်းမှ စတင်ပါသည်။ ယင်းမြေအသုံးချခွင့်ကိုမူတည်၍ အသုံးပြုသူများအဖွဲ့ အဖွဲ့ဝင်များသည် အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်း ရည်ရွယ်ချက်များနှင့်





ချက်တွေ တရားရုံးဆုံးဖြတ်မိန့်တွေကို သေသေချာချာ မဖတ်ကြဘဲနဲ့ **ယာဉ်ပြန်ပေးစေ** ဆိုတဲ့စာသားပါရင် **ထိရောက်တဲ့ပြစ်ဒဏ်မဟုတ်ဘူး၊ ပြစ်မှုနဲ့ပြစ်ဒဏ်မမျှပါဘူး** ဆိုတဲ့ အကြောင်းပြချက်နဲ့ပဲ ပြင်ဆင်မှုတင်သွင်းကြတယ်လို့ သုံးသပ်နိုင်ပါတယ်။ ဒါကြောင့် **မြို့နယ်တာဝန်ခံတွေ အမှုမဖွင့်ခင် သစ်တောမှုစစ်ဆေးတဲ့အခါ ကြပ်မတ်ရန်၊ လိုအပ်တဲ့အထောက်အထားတွေ ပြည့်စုံရဲ့လား စိစစ်ရန်** လိုအပ်သလို တရားရုံးအမိန့်အရ ပြင်ဆင်မှုတင်သွင်းရတော့မယ်ဆိုရင်လည်း **တရားရုံးအမိန့်မှာပါတဲ့အချက်တွေနဲ့ သစ်တောမှုစစ်ဆေးချက်/ အထောက်အထားတွေအရ ကွဲလွဲချက်တွေကိုပါ သေသေချာချာ လေ့လာဖတ်ရှုထောက်ပြတင်သွင်းရန်** ကိုလည်း အားနည်းချက်တစ်ခုအနေနဲ့ တင်ပြလိုပါတယ်။ တစ်ခါတလေ ကညနမှတ်တမ်းယာဉ်ဝင် ဟုတ်/မဟုတ် ပြန်ကြားစာမရသေးဘူး၊ တရားရုံးက **ယာဉ်ပိုင်ရှင်ထံပြန်ပေးစေ** ဆိုတဲ့အမိန့်ချခဲ့တာမျိုးလည်းတွေ့ရပါတယ်။

အခုဖြစ်နေတဲ့ အနေအထားအရစစ်ဆေး အမှုဖွင့်တာက တောအုပ်တွေ၊ ပြင်ဆင်မှုတင်သွင်းရတာက မြို့နယ်တာဝန်ခံတွေ၊ အစကတည်းက ပြည့်စုံခဲ့ရင် သေချာကြပ်မတ်ခဲ့ရင် မြို့နယ်တာဝန်ခံတွေအနေနဲ့ ကိုယ့်ဒုက္ခကိုယ်ရှာသလိုမဖြစ်တော့ဘူးပေါ့။ ကျွန်တော်မြို့နယ် ဦးစီးအရာရှိဘဝတုန်းကတော့ အမှုဖွင့်ရင်၊ တရားရုံးဦးတိုက်လျှောက်ရင် ဦးစီးအရာရှိကိုယ်တိုင် လက်မှတ်ထိုးပေးပို့ရတော့သေချာစစ်ကြပါတယ်။ တရားရုံးမှာလည်း ကိုယ်တိုင်ထွက်ဆိုချက်ပေးရတာဆိုတော့ ကိုယ့်အားနည်းချက်၊ လိုအပ်ချက်ကြောင့်တရားခံဘက်မှာ အားသာချက်ဖြစ်သွားမှာကို ဂရုစိုက်ဆောင်ရွက်ကြရပါတယ်။ အမှုဖြစ်စဉ်ကိုလည်း သေချာလေ့လာဖတ်ရှုကြရပါတယ်။ ဒါမှလည်း တရားခွင်မှာပြန်လှန်မေးခွန်းတွေကို ရှင်းထုတ်နိုင်မှာ ဖြစ်ပါတယ်။

ဌာနကဖွင့်လှစ်တဲ့ သင်တန်းတွေမှာလည်း **သစ်ကို ဘယ်ကသယ်လာတာလဲ၊ ဘယ်လောက်ပေးရလဲ၊ ဘာအတွက်သယ်လာတာလဲ၊ ဘယ်ကိုပို့မှာလဲ၊ ပိုင်ရှင်ဘယ်သူလဲ၊ သစ်လုံးတွေကို ဘယ်စက်မှာချခွဲမှာလဲ၊ တရားဝင်အထောက်အထားရှိလား၊ တရားမဝင်သစ်ဖြစ်ကြောင်းပေါ်လွင်အောင် စစ်ဆေးကြရန်၊ ယာဉ်ဆိုရင်လည်း အပိုင်လား၊ အငှားလား၊ စာချုပ်စာတမ်း၊ ပိုင်ဆိုင်မှုအထောက်အထား၊ လချုပ်လား၊ နှစ်ချုပ်လား၊ ခေါက်ကြေးလားစသဖြင့် ပြည့်ပြည့်စုံစုံ စစ်ဆေးမေးမြန်းကြရန်** စနစ်တကျ ပို့ချခဲ့ကြပါတယ်။ ကိုယ့်ရဲ့သစ်တောမှုစစ်ဆေးချက်က လျော့ရဲရဲဖြစ်နေရင် တရားရုံးမှာ တရားလိုထွက်ဆိုချက်ပေးတဲ့အခါ တရားခံရှေ့နေရဲ့ ပြန်လှန်မေးခွန်းတွေမေးတဲ့အခါမှာ လှည့်ပတ်မေးသမျှခံရတော့တာပဲ။ **ဒါ့ကြောင့် သစ်တောဝန်ထမ်းတွေဟာ မိမိဌာနဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်တွေကို ပိုင်ပိုင်နိုင်နိုင်ရှိဖို့ လိုအပ်ပါကြောင်း၊ အဲ့ဒီလိုမှမဟုတ်ရင် ဒါဟာလည်း အားနည်းချက်တစ်ခုအနေနဲ့ သတ်မှတ်ရမှာဖြစ်ကြောင်း** တင်ပြလိုပါတယ်။

နောက်တစ်ချက်တင်ပြလိုတာကတော့ ပေါင်းသင်းဆက်ဆံရေးပါ၊ မြို့နယ်တာဝန်ခံတစ်ယောက်အနေနဲ့ ဌာနဆိုင်ရာတွေနဲ့ ရင်းနှီးကျွမ်းဝင်ဖြစ်နေဖို့လိုပါတယ်။ ဒီလိုကိစ္စတွေဖြစ်လာရင် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရမယ့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်ရဲစခန်း၊ ဥပဒေအရာရှိ၊ တရားသူကြီးစသဖြင့် ရင်းနှီးနေရင် အလုပ်ကိစ္စနဲ့ပတ်သက်ပြီး ဆွေးနွေးတိုင်ပင် အကြံဉာဏ်တောင်းခံလို့ရပါမယ်။

အမှုကိစ္စနဲ့ ပတ်သက်ပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာတွေနဲ့ သွားရောက်တွေ့ဆုံတဲ့အခါမှာလည်း လုပ်ငန်းသဘောအရ တောအုပ်အဆင့်ကိုစေလွှတ်ရင် အမှုနဲ့အဆင့်တူတဲ့သူနဲ့ပဲ တွေ့ဆုံခဲ့ရမှာပါပဲ။ ဒါ့အပြင်လုပ်ငန်းရဲ့အရေးပါမှုအနေအထားအရ မြို့နယ်တာဝန်ခံတွေကိုယ်တိုင် ဆောင်ရွက်သင့်ရင်ဆောင်ရွက်ပေးကြဖို့ လိုအပ်ကြောင်း သတိပြုပြောကြားလိုပါတယ်။

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနရဲ့ အမိန့်ကြော်ငြာစာအမှတ်–၆၄/၂၀၂၀ ပိတ်ပင်တားမြစ်ကုန်ပစ္စည်း၊ ကန့်သတ်ကုန်ပစ္စည်းနဲ့ အကောက်ခွန်မဲ့ ကုန်ပစ္စည်းများသယ်ဆောင်ရာတွင် အသုံးပြုသည့်ယာဉ်နှင့် တိရစ္ဆာန်များ အရေးယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများမှာပါတဲ့ အချက်တွေကိုလည်း အလျဉ်းသင့်လို့ကောက်နုတ်တင်ပြလိုပါတယ်။

**'ယာဉ်ဆိုသည်မှာ ပိတ်ပင်တားမြစ်၊ ကန့်သတ်၊ အကောက်ခွန်မဲ့ကုန်ပစ္စည်းတွေကို သယ်ဆောင်လာသော မည်သည့်ယာဉ်ကိုမဆို ဆိုလိုသည်'တဲ့၊ ပြစ်ဒဏ်သတ်မှတ်ချက်အနေနဲ့ သိမ်းဆည်းရမိတဲ့ တရားမဝင်ကုန်ပစ္စည်းတွေဟာ တန်ဖိုးမည်မျှပင်ရှိစေကာမူ အသုံးပြုတဲ့ယာဉ် သို့မဟုတ် တိရစ္ဆာန်ကို ပင်လယ်ရေကြောင်းအကောက်ခွန်ဥပဒေပုဒ်မ–၁၆၈ အရ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရမည်'**တဲ့၊ ဒီအမိန့်ကြော်ငြာစာကိုလည်း ဦးစီးရုံးချုပ်က တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်သစ်တောဦးစီးဌာနများအနေဖြင့် သိရှိလိုက်နာဆောင်ရွက်နိုင်ပါရန်ဖြန့်ဝေပေးပို့ထားပါတယ်။

၂၀၂၀ ပြည့်နှစ် ဇွန်လကုန်အထိ ယာဉ်ပြန်ပေးမှုအတွက် ပြင်ဆင်မှုတက်ရောက်ရန် ဆောင်ရွက်ခဲ့ကြရတာဟာ ပဲခူးတိုင်းဒေသကြီးမှာ (၁၈၇)မှု၊ ဧရာဝတီတိုင်းဒေသကြီးမှာ (၇၀)မှု၊ ရန်ကုန်တိုင်းဒေသကြီးမှာ (၆၂)မှု၊

**ကားပိုင်ရှင်ဖြစ်သူမှာ များစွာထိခိုက်နစ်နာဆုံးရှုံးမှု ဖြစ်ပေါ်စေမည်ဖြစ်ခြင်း၊ အခင်းဖြစ်ကိစ္စတွင်လည်း ကားပိုင်ရှင်မှာ တစ်စုံတစ်ရာပါဝင်ပတ်သက်မှုမရှိခြင်းကြောင့် ပြစ်မှုကျူးလွန်ရာတွင်အသုံးပြုတဲ့ သက်သေခံယာဉ်ကို အယူခံရက်ကျော်လွန်က ပိုင်ရှင်သို့ ပြန်ပေးစေ**'ဆိုပြီး သုံးသပ်ဆုံးဖြတ်ကြပါတယ်။

သစ်တောဦးစီးဌာနကလည်း ပြင်ဆင်မှုတက်ရောက်ကြတဲ့အခါ စီရင်ထုံးအမျိုးမျိုး ကိုးကားဖော်ပြကြပါတယ်။ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုကြောင်း သက်သေထင်ရှားပေါ်ပေါက်သည့် မော်တော်ယာဉ်နဲ့ ပတ်သက်တဲ့မှုသဘောကို ၁၉၉၁ ခုနှစ် မြန်မာနိုင်ငံ တရားစီရင်ထုံး (၅၃)ပါ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဦးမြင့်နိုင်ပါ(၄) စီရင်ထုံးတွင် '**သက်သေခံမော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရာတွင် မော်တော်ယာဉ်မှာ အမှုနှင့်သက်ဆိုင်ခြင်း ရှိ/မရှိဆိုသည့်အချက်ကို အဓိက စိစစ်ခြင်းမဟုတ်ပေ** ဟုလည်းကောင်း၊ **အမှုတွင် ဥပဒေနှင့်ငြိစွန်းသောပစ္စည်းများကို ပို့ဆောင်ရာ၌ မိမိ၏မော်တော်ယာဉ်ကို အသုံးပြုသည့်ကိစ္စအား ပိုင်ရှင်ကမသိသည်ကိုအကြောင်းပြုပြီး ယင်းမော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူခြင်းမပြုနိုင် ဟူသော တရားသေသတ်မှတ်ထားသည့် ဥပဒေမရှိကြောင်း**' ကို လမ်းညွှန်ဖွဲ့ထုံးထားပါကြောင်း၊ ဦးကျော်ကျော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် စီရင်ထုံးတွင်လည်း '**ယာဉ်ကိုငှါးယူသုံးစွဲသူ သို့မဟုတ် ယာဉ်မောင်းသူတို့သည် မော်တော်ယာဉ်ကို လက်ရှိထားသုံးစွဲသူဖြစ်သဖြင့် ယာဉ်နှင့်စပ်လျဉ်း၍ ဖြစ်ပေါ်လာမည့်တာဝန်များကို ကျခံရမည်ဖြစ်သည်။ ၎င်းကိုယ်တိုင်ပေါ့လျော့မှု သို့မဟုတ် တာဝန်ပျက်ကွက်မှုကြောင့် ဖြစ်ပေါ်လာသော ကောင်းကျိုးဆိုးပြစ်အားလုံးကို ၎င်းတို့ကတာဝန်ယူရမည်ဖြစ်သည်** ' ဟုလည်းကောင်း၊ '**ယာဉ်ပိုင်ရှင် သို့မဟုတ် ယာဉ်စီးလုံးငှားသူ သို့မဟုတ် ယာဉ်မောင်းသူတို့အကြားတည်ရှိသော ပဋိညာဉ်မှာ တရားမကြောင်းနှင့်သာ သက်ဆိုင်သည်။ တရားမကြောင်းအရ နစ်နာမှုကို တရားမကြောင်းဖြင့်သာ ဖြေရှင်းရမည်။ ပြစ်မှုကြောင်းအရ တရားစွဲဆိုမှုတွင် ဖြေရှင်းပေးနိုင်မည်မဟုတ်ပေ** ဟု ရှင်းလင်းစွာ စီရင်ထုံးဖွဲ့ထားသဖြင့် ' **ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသော ယာဉ်အား တရားခံသို့ပြန်ပေးစေ**' ဟူသော အမိန့်မှာ သစ်တောဦးစီးဌာနမှ ဆောင်ရွက်နေသော တရားမဝင်သစ်ခိုးထုတ်မှုလျော့နည်းစေရေးကို အထောက်အကူဖြစ်စေသည့် ထိရောက်သောပြစ်ဒဏ်မဟုတ်သဖြင့် ထိရောက်သည့်ပြစ်ဒဏ်ချမှတ်ပေးပါရန် ရာဇဝတ်ပြင်ဆင်မှု တင်သွင်းပါကြောင်း စနစ်တကျဖော်ပြကြပါတယ်။ တချို့ မြို့နယ်တွေကျတော့လည်း ထိရောက်သော ပြစ်ဒဏ်မဟုတ်လို့ ပြစ်မှု/ပြစ်ဒဏ်မမျှတလို့ ဆိုပြီးခပ်တိုတိုပဲ ပြင်ဆင်မှုတွေ တင်သွင်းကြပါတယ်။ ဘယ်လိုပဲတင်သွင်း တင်သွင်း ခရိုင်၊ ပြည်နယ်၊ ပြည်ထောင်စုတရားလွှတ်တော်တွေကျတော့ အမှုအားလက်ခံရန် အကျဉ်းနည်းဖြင့် ပလပ်သည့်လို့ပဲ ပြန်ကြားကြပါတယ်။ ဒီလိုဖြစ်နေတာတွေကို ပြန်ပြီး စိစစ်သုံးသပ်ကြည့်တဲ့အခါမှာ **သစ်တောမှု စစ်ဆေးချက်တွေမှာ အားနည်းတာကအဓိကဖြစ်နေတယ်** လို့ သုံးသပ်မိပါတယ်။ နောက်အားနည်းချက်တစ်ခုကတော့ တချို့သစ်တောမှုစစ်ဆေးချက်တွေ ပြည့်စုံတာတွေ ရှိပေမယ့်လည်း **ပြင်ဆင်မှုမှာ တရားရုံးထွက်ဆိုချက်အရ သုံးသပ်ချက်တွေနဲ့ သစ်တောမှုစစ်ဆေးချက်မှာကွဲလွဲချက်ဖြစ်ပေါ်နေတာတွေကို ပြန်လည်စိစစ်ထောက်ပြတာ** မျိုးတွေလည်း မတွေ့ရပါဘူး။

သစ်တောမှုထွက်ဆိုချက်တွေမှာ **သစ်ပိုင်ရှင်ဘယ်သူပါ၊ ဘယ်မှာနေပါတယ်၊** လို့ပါပေမယ့် အမှုဖွင့်တဲ့အခါ သစ်ပိုင်ရှင်ကိုထည့်မဖွင့်ကြဘူး။ တချို့စစ်ဆေးချက်တွေမှာ ယာဉ်နဲ့ပတ်သက်လို့ လုံးဝကိုထည့်မေးမထားကြဘူး။ နောက်တစ်ခုက ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက်ကို မေးခွန်းတစ်ပုံစံတည်းမေးကြတယ်။ တရားခံတွေပြောတဲ့အဖြေကနေ အစဆွဲထုတ်ပြီး ဆက်မမေးကြတော့ဘူး။ ယာဉ်မောင်း/ယာဉ်နောက်လိုက်က '**တခြားကုန်ပစ္စည်းတွေနဲ့ တရားမဝင်သစ်တွေရောနှောတင်ထားတာ မသိပါဘူး။ သူတို့က ခေါက်ကြေးနဲ့ပစ္စည်းတွေတင်ပြီးမှ မောင်းကြတာပါ။ ယာဉ်ပိုင်ရှင်ပဲသိလို့ သူ့မှာပဲအပြစ်ရှိပါတယ်**' လို့ထွက်ဆိုတာကို သစ်တောဌာနက ရဲစခန်းမှာအမှုဖွင့်တော့ ယာဉ်ပိုင်ရှင်မပါဘူး။ ယာဉ်ပိုင်ရှင်အမည်နဲ့နေရပ်လည်း အတိအကျပြောထားပြီးသားဒါကိုတရားရုံးကလည်း '**ယာဉ်ကိုပိုင်ရှင်ထံ ပြန်ပေးစေ**'အမိန့်ချတယ်။ အမှုတစ်ခုမှာ ယာဉ်ပိုင်ရှင်ရော သစ်ပိုင်ရှင်ရောက ယာဉ်မောင်းကိုယ်တိုင်ဖြစ်နေတယ်။ ဒ့ါအပြင် ယာဉ်သက်သေခံလက်မှတ်မှာပါတဲ့ ကားအရောင်နဲ့ လက်ရှိအရောင်ကွဲလွဲတာလည်း '**ဝပ်ရှော့အပ်ပြီးဘယ် မြို့မှာဆေးမှုတ်ခဲ့တာပါ။ အင်ဂျင်နံပါတ်လွဲနေတာကလည်း မူလအင်ဂျင်ကွဲသွားလို့ အင်ဂျင်ပြောင်းထားလို့ နံပါတ်လွဲသွားတာပါ**' လို့ ထွက်ဆိုထားတယ်။ Frame နံပါတ်ကတော့မပြောင်းဘူး ဒါကိုလည်း တရားရုံးဆုံးဖြတ်ချက်မှာ ယာဉ်ပိုင်ရှင်က တခြားတစ်ဦးဖြစ်နေပြီး ပြန်ပေးစေလို့အမိန့်ချတယ်။ ဒီအချက်တွေကိုကြည့်ရင် **ယာဉ်ပိုင်ရှင်ဖြစ်ကြောင်း အထောက်အထားပြည့်စုံအောင် စစ်ဖို့လိုတယ်၊ ရယူထားဖို့လိုတယ်** ဆိုတာတွေ့ရမှာဖြစ်ပါတယ်။ ဒီအချက်တွေကို မြို့နယ်တာဝန်ခံတွေက ပြင်ဆင်မှုတင်သွင်းတဲ့အခါမှာ သစ်တောမှုစစ်ဆေး





အညီစီမံအုပ်ချုပ်ရန်ဖြစ်ပါသည်။ ဥပမာ– ရေသယံဇာတကိုထိန်းသိမ်းခြင်း၊ သစ်တောထွက်ပစ္စည်းများကိုစုဆောင်းခြင်းနှင့် သီးနှံသစ်တောရောနှောစိုက်ပျိုးသောစနစ်ကို အသုံးချခြင်းစသည်တို့ ဖြစ်ပါသည်။ နှစ် ၃၀ သက်တမ်းကုန်ဆုံးပါက အသုံးပြုသူအဖွဲ့၏ဆန္ဒအရ ယခင်ဆောင်ရွက်ခဲ့သည့်မှတ်တမ်းများအပေါ်သုံးသပ်ချက်နှင့်အတူ ခရိုင်သစ်တောအရာရှိက ဆင်ခြင်သုံးသပ်၍ နောက်ထပ်နှစ် ၃၀ ဆောင်ရွက်ခွင့်လက်မှတ်ထုတ်ပေးခြင်းကို အကြိမ်ရေအကန့်အသတ်မရှိ ဆောင်ရွက်နိုင်ပါသည်။

## (၉) နှစ် (၃၀)ကျော်မှ ရရှိမည့် အကျိုးအမြတ်

မေး။ စန္ဒကူးကဲ့သို့သော အချို့သစ်မျိုးများသည် ခုတ်လှဲရန် နှစ်(၃၀)ထက်ပို၍ကြာသည်။ နှစ်(၃၀)မြေ အသုံးချခွင့်သည် ထိုသစ်မျိုးများ ခုတ်လှဲရန် မလုံလောက်ပါ။ ဤကိစ္စတွင် အသုံးပြုသူများအဖွဲ့ အဖွဲ့ဝင်များအနေဖြင့် အကျိုးအမြတ်ရရှိရန် မည်သို့ ဆောင်ရွက်နိုင်ပါသနည်း။

ဖြေ။ အသုံးပြုသူများအဖွဲ့အနေဖြင့် အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ကို စနစ်တကျအကောင်အထည်ဖော်နိုင်လျှင် နှစ်(၃၀)မြေအသုံးချခွင့်ကို ခရိုင်သစ်တောအရာရှိက အသုံးပြုသူအဖွဲ့ဝင်များ၏ ဆန္ဒအရ ယခင်ဆောင်ရွက်ချက်များကို သုံးသပ်၍ ဆောင်ရွက်ခွင့်လက်မှတ် သက်တမ်းထပ်တိုးပေးနိုင်ပါသည်။ ထိုသို့ တိုးပေးခြင်းဖြင့် အသုံးပြုသူများအဖွဲ့ အဖွဲ့ဝင်များသည် နှစ်(၃၀)ကျော်မှ ရရှိမည့် အကျိုးအမြတ်ကို ခံစားနိုင်ပါမည်။

## (၁၀) အဖွဲ့ဝင်မဟုတ်သူများ သစ်တောထွက်ပစ္စည်း အသုံးချခြင်း

မေး။ အစုအဖွဲ့ပိုင်သစ်တောဧရိယာမှ သစ်တောထွက်ပစ္စည်းများကို အသုံးပြုသူများ အဖွဲ့ အဖွဲ့ဝင်မဟုတ်သူများက မည်သို့ရရှိနိုင်ပါသလဲ။

ဖြေ။ အသုံးပြုသူများအဖွဲ့ အဖွဲ့ဝင်မဟုတ်သူများသည် အစုအဖွဲ့ပိုင်သစ်တောမှ ထွက်ရှိသောသစ်တောထွက်ပစ္စည်းများကို ပိုင်ဆိုင်ခွင့်ရှိသူ အသုံးပြုသူများအဖွဲ့(သို့မဟုတ်) အဖွဲ့ဝင်တို့ထံမှ ဝယ်ယူရန်ဖြစ်ပါသည်။ အသုံးပြုသူများအဖွဲ့ စည်းမျဉ်းအရ ခွင့်ပြုလျှင် ယင်းအဖွဲ့က သတ်မှတ်သော အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းမှ သင့်လျော်သောအလုပ်ပမာဏကို ဆောင်ရွက်ပေးခြင်းဖြင့်လည်း အစုအဖွဲ့ပိုင်သစ်တောထွက်ပစ္စည်းများကို အဖွဲ့ဝင်မဟုတ်သူများလည်း အသုံးပြုနိုင်ပါသည်။ အသုံးပြုသူများအဖွဲ့သို့ အဖွဲ့ဝင်မဟုတ်သူများမှ အခကြေးငွေပေးခြင်းဖြင့် အစုအဖွဲ့ပိုင်သစ်တောမှ တိရစ္ဆာန်အစားအစာနှင့် အခြားသစ်တောထွက်ပစ္စည်းများ စုဆောင်းနိုင်မည်ဖြစ်ပါသည်။

## (၁၁) အဖွဲ့ဝင်မဟုတ်သူများက အငြင်းပွားခြင်း

မေး။ အသုံးပြုသူများအဖွဲ့ အဖွဲ့ဝင်မဟုတ်သူများက အစုအဖွဲ့ပိုင်သစ်တောမြေအသုံးချမှု(သို့မဟုတ်) အကျိုးအမြတ်ခွဲဝေခြင်းအပေါ် အငြင်းပွားနိုင်ပါသလား။

ဖြေ။ အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်းလုပ်ငန်းအဆင့်ဆင့်တွင် ဒေသခံပြည်သူများအားလုံးကို အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်းနှင့် ပတ်သက်၍ မြေအသုံးချမှုနှင့် အကျိုးအမြတ်ခွဲဝေခြင်း အပါအဝင် အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းနှင့် ပတ်သက်၍ မည်သည့်လုပ်ငန်းကိုမှ အဖွဲ့ဝင်မဟုတ်သူသည် အငြင်းပွားနိုင်ခြင်း မရှိပါ။

## (၁၂) ဝင်ငွေတိုးလုပ်ငန်း

မေး။ အသုံးပြုသူများအဖွဲ့ အဖွဲ့ဝင်များသည် အစုအဖွဲ့ပိုင်သစ်တောမှ နေ့စဉ်ဝင်ငွေရရှိနိုင်ပါသလား။

ဖြေ။ အစုအဖွဲ့ပိုင်သစ်တော၏ လုပ်ငန်းစဉ်တွင် ပုံမှန်သစ်တောလုပ်ငန်းများသာ ပါဝင်ပါက အစုအဖွဲ့ပိုင်သစ်တောသည် အသုံးပြုသူများအဖွဲ့ အဖွဲ့ဝင်များအား နေ့စဉ်ဝင်ငွေပေးနိုင်မည်မဟုတ်ပါ။ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းစနစ်ကို အသုံးပြုခြင်းဖြင့် မကြာခဏရိတ်သိမ်းနိုင်သော စိုက်ပျိုးရေးသီးနှံများပါဝင်ပါက အစုအဖွဲ့ပိုင်သစ်တောမှ နေ့စဉ်ဝင်ငွေရရှိနိုင်မည်ဖြစ်သည်။ အသုံးပြုသူများအဖွဲ့ အဖွဲ့ဝင်များအနေဖြင့် အစုအဖွဲ့ပိုင်သစ်တောမှ ရရှိသော သစ်တော(သို့မဟုတ်)စိုက်ပျိုးရေးထွက်ကုန်များကို အသုံးပြု၍ ပစ္စည်းများထုတ်လုပ်ခြင်းဖြင့်လည်း နေ့စဉ်ဝင်ငွေရရှိနိုင်ပါသည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းသည် ပြည်သူလူထုပူးပေါင်းပါဝင်သော သစ်တောစီမံအုပ်ချုပ်ခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့်အတွက် သစ်တောသစ်ပင်များကို စိုက်ပျိုး ပြုစု ထိန်းသိမ်း ကာကွယ်ထုတ်ယူသုံးစွဲခြင်းနှင့်အတူ အသုံးပြုသူအဖွဲ့ဝင်များ၏ အသက်မွေးဝမ်းကြောင်းကို အထောက်အကူပြုနိုင်သည့် ဝင်ငွေတိုးလုပ်ငန်းများ၊ အဖွဲ့အစည်းဖွံ့ဖြိုးရေးလုပ်ငန်းများ စသည် သစ်တောနှင့် လူမှုစီးပွား ဆက်စပ်လုပ်ငန်းများကို အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်နှင့်အညီ ဆောင်ရွက်နိုင်ပါသည်။ ပြည်တွင်း ပြည်ပ အကူအညီ၊ အစိုးရမဟုတ်သော တရားဝင်အဖွဲ့အစည်းများ၏ အကူအညီ၊ တစ်ဦးတစ်ယောက်ချင်းတို့၏ အကူအညီစသည်တို့ကိုလည်း ရယူနိုင်ပြီး သစ်တောဦးစီးဌာနသို့ ကြိုတင် အသိပေးတင်ပြရမည် ဖြစ်ပါသည်။

ဆက်လက်ဖော်ပြပါမည် ➤

အင်္ဂလိပ်အမည်။
Freshwater mangrove.

ရုက္ခဗေဒအမည်။
*Carallia brachiata* (Lour)Merr.
Syn.*Carallia lancaefolia* Roxb.

မျိုးရင်း။ Rhizophoraceae
မျိုးစု။ Carallia
မျိုးစိတ်။ brachiata

ဌင်းမျိုးရင်းတွင်ပါဝင်သော အပင်များမှာ--

၁။ ပြူးဥတစ်လုံးပင်
Black mangrove.
၂။ ပြူးပင်
White Myanmar mangrove.
၃။ ဆောင်းဖိုပင်
Myanmar mangrove.
၄။ ပြူးကြက်တက်ပင်
Oriental mangrove.
၅။ မဒမမျောပင်
Yellow mangrove.
၆။ ပြူးခြေထောက်ပင်
Red mangrove.

စသည်တို့ဖြစ်ကြသည်။



# မဏိသြဃပင်

ဦးဟုတ်လင်း

**ပေါက်ရောက်ခြင်း**

မဏိသြဃပင်များသည် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ မြန်မာ၊ မလေးရှားနှင့် သြစတြေးလျ တိုက်တောင်ပိုင်းတို့၌ သဘာဝအလျောက်ပေါက်ရောက်ကြသည်။ မြန်မာနိုင်ငံတွင်ပဲခူးရိုးမ၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် များသောအားဖြင့် မြေညီသစ်တောများ၌ ပေါက်ရောက်ကြသည်။

မဏိသြဃပင်များသည် စွတ်စိုထိုင်းမှိုင်းသော အမြဲစိမ်းလန်းသည့် မြေပြန့်သစ်တောနှင့်စိမ့်တောများ၌ ပေါက်ရောက်ကြသည်။ မြစ်ချောင်းများ နံဘေးရှိ စွတ်စိုသော မြေပြန့်သစ်တောများ၌ အများဆုံးပေါက်ရောက်ကြသည်။

မဏိသြဃပင်များသည် အစုလိုက်အပြုံလိုက် ပေါက်ရောက်ခြင်းမရှိကြဘဲ အနည်းငယ်သာ တစ်ပင်ချင်းပေါက်ရောက်ကြသည်။ သို့အတွက်သစ်များကို အမြောက်အမြားထုတ်ယူနိုင်ခြင်းမရှိဘဲ အနည်းငယ်မျှသာထုတ်ယူနိုင်သည်။



မဏိသြဃပင်များ သဘာဝအလျောက်ပေါက်ရောက်သည့်မူရင်းဒေသ၏ ရာသီဥတုမှာ အရိပ်အာဝါသအောက်တွင် အမြင့်ဆုံးအပူချိန်မှာ ၉၅ မှ၁၁၀ ဒီဂရီဖာရင်ဟိုက်နှင့် အနိမ့်ဆုံးအပူချိန်မှာ အရိပ်အာဝါသအောက်၌ ၃၃ မှ ၆၅ ဒီဂရီဖာရင်ဟိုက်အထိဖြစ်ပြီး နှစ်စဉ်ရွာသွန်းသည့် မိုးရေချိန်မှာ ၅၀ မှ၂၀၀ လက်မကျော်အထိဖြစ်သည်။ မဏိသြဃပင်သည် မြေသြဇာကောင်းမွန် ထက်သန်၍ မြေဆီလွှာထုနက်ပြီး စွတ်စိုသည့်မြေပြန့်ကိုကြိုက်နှစ်သက်သည်။

**ပုံသဏ္ဌာန်**

အလွန်လှပသည့် အမြဲစိမ်းလန်းသော အလတ်စားအပင်ကြီးမျိုးဖြစ်သည်။ ရွက်အုပ်မှာ ထူထပ်သိပ်သည်းပြီး အရွက်များမှာ အရောင်တောက်ပပြောင်လက်နေသည်။ အရွယ်ရောက်သည့်အပင်ကြီးများသည်အမြင့်ပေမှာ ၅၀







# သစ်တောကဏ္ဍဆိုင်ရာဆွေးနွေးချက်များ (၆)

ကိုးချဲ့ ပညာပေးရေးဌာန

သစ်တောဦးစီးဌာနမှာ တရားမဝင်သစ်ကို ပိုင်ရှင်နဲ့ဖြစ်ဖြစ် ပိုင်ရှင်မဲ့ဖြစ်ဖြစ်ယာဉ်တစ်မျိုးမျိုးနဲ့ တစ်ပါတည်းဖမ်းဆီးရမိရင် တန်ပမာဏဘယ်လောက်ပဲရှိရှိ ရဲစခန်းမှာ အမှုဖွင့်တာတွေ၊ တရားရုံးမှာ ဦးတိုက်လျှောက်ထားတာတွေဆောင်ရွက်ရပါတယ်။ ၂၀၂၀ ပြည့်နှစ်နောက်ပိုင်းကာလတွေမှာတော့ လိုင်စင်ရှိယာဉ် တစ်တန်အောက်ဖမ်းမိရင်တော့ သစ်တောဥပဒေနဲ့အညီ စီမံခန့်ခွဲပြီး လိုင်စင်မဲ့ယာဉ်နဲ့ဆိုရင်တော့ ယာဉ်ကိုလိုင်စင်မဲ့နဲ့ အမှုဖွင့်ရပါတယ်။ ကချင်၊ စစ်ကိုင်း၊ ပဲခူး၊ ရန်ကုန်၊ ရှမ်း၊ ဧရာဝတီစတဲ့ဒေသတွေမှာ အဲ့ဒီလိုကိစ္စတွေအဖြစ်များတော့ တရားစွဲအမှုတွေ၊ တရားရုံးမပြတ်သေးတဲ့ အမှုလက်ကျန်တွေ များလှရှိပါတယ်။ မြို့နယ်အဆင့်တွေမှာ မပြီးပြတ်သေးတဲ့ အမှုတွေနဲ့ မြို့နယ်တရားရုံးကအမိန့်ချမှတ်တဲ့အခါ **'ဖမ်းဆီးရမိယာဉ်ကို ယာဉ်ပိုင်ရှင်ထံပြန်ပေးစေ'** ဟု အမိန့်ချလို့ အဆင့်ဆင့်ပြင်ဆင်မှုအယူခံ လျှောက်ထားနေရတဲ့ အမှုတွေဆိုပြီး နှစ်မျိုးထပ်မံခွဲခြားလို့ရပါတယ်။

မြို့နယ်အဆင့် မပြီးပြတ်နိုင်သေးတဲ့အမှုတွေမှာ ပိုင်ရှင်မဲ့ဖမ်းဆီးရမိတဲ့ယာဉ်ဟာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှာ မှတ်တမ်းဝင်ယာဉ် ဟုတ်/မဟုတ် စုံစမ်းနေရလို့ကြာတာရှိပါတယ်။ မှတ်တမ်းဝင်ယာဉ် ဖြစ်နေရင် ပိုင်ရှင်ကိုတရားစွဲပြီး တရားခံဖော်ထုတ်ရတာပါ။ တစ်ခါတလေမှတ်တမ်းဝင်ယာဉ် ဟုတ်/မဟုတ် ပြန်ကြားစာစောင့်ရတာ(၂)နှစ်လောက်အထိကြာတဲ့အမှုတွေရှိပါတယ်။ နောက်တစ်ခုက တရားခံစုံစမ်းမရလို့ တရားခံစုံစမ်းဆဲအမှုဆိုပြီး ရဲစခန်းမှာ နှစ်ချီ ကြာတတ်ပါတယ်။ တရားခံစုံစမ်းမရမှုနဲ့ အမှုပိတ်သိမ်းဖို့ဆိုရင်လည်း ဥပဒေအကြံပြုချက်ယူရတာရယ် တရားသူကြီးနေ့စဉ်မှတ်တမ်းစောင့်ရတာရယ် အချိန်အတော်ပေးရပါတယ်။ တစ်ခါ တရားခံထွက်ပြေးနေပြန်ရင်လည်း ဖမ်းဝရမ်းထုတ်ဖို့၊ ဖမ်းဝရမ်းအတည်ပြုဖို့ကိစ္စတွေ လုပ်ရပြန်ပါတယ်။ တရားခံဖမ်းမိပြန်ရင်လည်း ရဲစခန်းမှာ ရဲလုပ်ငန်းတွေဆောင်ရွက်နေရလို့ စွဲချက်တင်ဖို့ ဥပဒေအကြံပြုချက် တောင်းနေရလို့နဲ့၊ တရားရုံးမှာလည်း တရားလိုနဲ့တရားခံတွေစစ်မေးတာရယ်၊ တရားလိုပြ သက်သေ၊ တရားခံပြသက်သေတွေ စစ်မေးတာရယ်၊ သက်ဆိုင်ရာဌာနတွေမလာလို့ ရုံးချိန်း ရွှေ့ရတာတွေနဲ့ ကြာပြန်ပါရော။ ဒီကြားထဲအသက်မပြည့်သေးတဲ့ တရားခံတွေပါလို့၊ ပို့ဆောင်ရေးဌာနက ဝန်ထမ်းတွေပါလို့ တရားစွဲဆိုခွင့်တောင်းရတာတို့နဲ့ တရားစွဲတဲ့အခါမှာ ပြည့်စုံအောင်စီစဉ်ဆောင်ရွက်ရတာ အတော်လေးမလွယ်လှပါဘူး။

တရားခံက အမှုတွဲတည်ဆောက်ဆဲကာလမှာပဲ သေဆုံးသွားလို့ ရဲစခန်းက သေမှုသေခင်းအထောက်အထားတင်ပြဖို့လုပ်နေတာရယ် ယာဉ်တိမ်းမှောက်တဲ့အခါမှာ တရားခံသေဆုံးသွားလို့ အမှုပိတ်သိမ်းဖို့ လုပ်နေတာကလည်း နှစ်ချီကြာတတ်ပါသေးတယ်။

ဘယ်လိုပဲဖြစ်ဖြစ် မြို့နယ်တရားရုံးက တရားခံတွေအပေါ် ပြစ်ဒဏ်လျှော့ပေါ့ချမှတ်တာကြောင့်၊ ယာဉ်ပြန်ပေးလိုက်တာကြောင့် ပြစ်မှုနဲ့ပြစ်ဒဏ်မမျှတလို့ ပြင်ဆင်မှုတက်ရောက်ရင်တော့ ဖမ်းဆီးရမိသစ်ကို **'ပြည်သူ့ဘဏ္ဍာသိမ်းစေ'** လို့အမိန့်ချထားရင် တစ်ခါတည်း ပုံစံ(၈)သွင်းလို့ရပါပြီ။ ဖမ်းဆီးသစ်အပေါ်ချတဲ့အမိန့်ကို ပြင်ဆင်မှုတက်တာမဟုတ်တဲ့အတွက် မလိုအပ်ပဲ သစ်တွေဆွေးမြေ့ပျက်စီးတာတွေ အရည်အသွေးကျတာတွေ မဖြစ်အောင် သတိပြုဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

ပြင်ဆင်မှုအဆင့်ဆင့်တက်ရောက်ကြတဲ့ အခါမှာလည်း တရားခံပေါ်ချမှတ်တဲ့အမိန့်ကြောင့်မဟုတ်ဘဲ ဖမ်းဆီးရမိယာဉ်ကို ယာဉ်ပိုင်ရှင်ထံပြန်ပေးလိုက်လို့ ဆောင်ရွက်ကြတာများပါတယ်။ ဖမ်းဆီးရမိအမှုတွေမှာလည်း ယာဉ်မောင်း/ယာဉ်ပိုင်ရှင်ဖြစ်နေတာက အလွန်နည်းပြီး ယာဉ်မောင်းကသပ်သပ် ယာဉ်ပိုင်ရှင်ကသပ်သပ်တွေက များပါတယ်။ ဒါကြောင့်မြို့နယ်တရားရုံးတွေက **'ကားပိုင်ရှင်မှအခကြေးငွေယူ၍ ငှားရမ်းထားသော သက်သေခံကားအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပါက**

ဖွံ့ဖြိုးရေးဝန်ကြီးဌာနလက်အောက်ရှိ ဥပဒေရေးရာဌာန၊ အစိုးရအဖွဲ့ရုံး၊ တရားရေးရာဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းခဲ့သည်။

အခကြေးငွေပမာဏကို သတ်မှတ်ရန် အဆိုပါအဖွဲ့မှအီကွေးရှင်းများကို ဖော်ထုတ်ခဲ့ပြီး နောက်ဆုံးတွင် ရေအားကို အသုံးပြုသော ဓာတ်အားပေးစက်ရုံများအတွက် တစ်ကီလိုဝပ်နာရီ ဓာတ်အားထုတ်လုပ်တိုင်း ဗီယက်နမ်ဒေါင် ၂၀ (US$ ၀.၁၂၅) ပေးဆောင်ရန် သတ်မှတ်ခဲ့သည်။ ရေသွယ်ယူဖြန့်ဖြူးသည့်ကုမ္ပဏီများအတွက် ရေတစ်ကုဗမီတာ ဖြန့်ဖြူးခြင်းအတွက် ဗီယက်နမ်ဒေါင် ၄၀ (US$ ၀.၂၅) ပေးဆောင်ရန် သတ်မှတ်ခဲ့သည်။

**ဂေဟအခြေခံခရီးသွားလုပ်ငန်းအတွက် အခကြေးငွေပေးဆောင်ခြင်း**

အခကြေးငွေများမည်မျှပေးရမည်ကို သတ်မှတ်သည့်အဖွဲ့သည် သစ်တောများမှထောက်ပံ့ပေးသည့် မြေယာရှုခင်းအလှမှ အကျိုးအမြတ်ရရှိနေသော ဂေဟအခြေခံခရီးသွားကုမ္ပဏီအတွက် အခကြေးငွေပမာဏအား သတ်မှတ်ရန်အခက်တွေ့ခဲ့သည်။ ဂေဟအခြေခံခရီးသွားကုမ္ပဏီအပါအဝင် ဆက်စပ်ပါဝင်ပတ်သက်သူများ (Stakeholders) များမှ အခကြေးငွေပမာဏအား သတ်မှတ်ရန် ညှိနှိုင်းဆွေးနွေးခဲ့ပြီး နောက်ဆုံးတွင် ဂေဟအခြေခံခရီးသွားလုပ်ငန်းကုမ္ပဏီ၏ အသားတင်ဝင်ငွေ ၀.၅–၂% အား ဂေဟစနစ်ဝန်ဆောင်မှုများအပေါ် အခကြေးငွေပေးဆောင်ခြင်းအဖြစ် သတ်မှတ်ခဲ့ပါသည်။ ထိုသို့သတ်မှတ်ခြင်းအား ဒေသအာဏာပိုင်များနှင့် ခရီးသွားကုမ္ပဏီများ နှစ်ဦးနှစ်ဖက်သဘောတူပြီးမှ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

**အခကြေးငွေများပေးဆောင်ခြင်း**

၂၀၀၉ ခုနှစ် နှစ်ဆန်းပိုင်းမှ စ၍ ခရိုင်အာဏာပိုင်များသည် အထက်ဖော်ပြပါ အဖွဲ့အစည်း(၄)ခု (ဝယ်သူများ)အား ဂေဟစနစ်ဝန်ဆောင်မှုများအပေါ် အခကြေးငွေပေးဆောင်ရန် ညှိနှိုင်းတောင်းဆိုခဲ့သည်။ ဝယ်ယူသည့်အဖွဲ့အစည်း(၄)ခု၏ နှစ်စဉ် စုစုပေါင်း ဝင်ငွေသည် ဗီယက်နမ် ဒေါင် ၄၇ ဘီလီယံ (US$ ၂.၈ သန်း) ဖြစ်သည်။ အခကြေးငွေပေးခြင်းအား ရေထိန်းသိမ်းခြင်းအတွက် သစ်တော ၁ ဟက်တာလျှင် ဗီယက်နမ်ဒေါင် ၂၉၀၀၀၀ (US$၁၆)၊ မြေဆီလွှာထိန်းသိမ်းခြင်းအတွက် သစ်တော ၁ ဟက်တာလျှင် ဗီယက်နမ်ဒေါင် ၂၇၀၀၀၀(US$ ၁၅)နှင့် မြေယာရှုခင်းအလှထိန်းသိမ်းခြင်းအဖြစ် သစ်တော ၁ ဟက်တာလျှင် ဗီယက်နမ်ဒေါင် ၁၀၀၀၀ (US$ ၀.၅) ဟူ၍ သတ်မှတ်ခဲ့သည်။

ဗဟိုမှချုပ်ကိုင်သော စီးပွားရေးစနစ်မှ ဈေးကွက်ကို အခြေခံသော စီးပွားရေးစနစ်သို့ ပြောင်းလဲစကာလတွင်း ဆန္ဒအလျောက် ပါဝင်ဆောင်ရွက်ရခြင်းဖြစ်သည့် PES လုပ်ငန်းစဉ်အားကျင့်သုံးရန် အသိတရားနိုးကြားမှု နိမ့်ကျလျက်ရှိခြင်းကြောင့် ဒေသအစိုးရမှ အဖွဲ့အစည်း (၄)ခု (ဝယ်ယူသူများ) အား ဂေဟစနစ်ဝန်ဆောင်မှုများအပေါ် အခကြေးငွေပေးဆောင်ရန် တောင်းဆိုခဲ့ရခြင်းဖြစ်သည်။ ဒီဂရီအမှတ် ၃၈၀ ၏ အပိုဒ် (၁၁) အရ ဂေဟစနစ် ဝန်ဆောင်မှုများ ဝယ်ယူသော အဖွဲ့အစည်းများထံမှ ရရှိသော အခကြေးငွေ စုစုပေါင်း၏ ၁၀% အား အခကြေးငွေများပေးခြင်းအားဆောင်ရွက်သော အစိုးရအဖွဲ့အစည်းအတွက် အသုံးပြုရမည်ဖြစ်ပြီး ကျန် ၉၀% အား ဂေဟစနစ်ဝန်ဆောင်မှုများ ထောက်ပံ့ပေးသူ(ရောင်းသူ)များထံသို့ ပေးရမည်ဖြစ်သည်။ အကယ်၍ ဂေဟစနစ်ဝန်ဆောင်မှုများ ထောက်ပံ့ပေးသူ (ရောင်းသူ)သည် အစိုးရပိုင်ဌာန ဖြစ်မည်ဆိုပါက ၁၀% ရရှိမည်ဖြစ်ပြီး ကျန်ငွေများကို ဂေဟစနစ်ဝန်ဆောင်မှု ထိန်းသိမ်းရေးလုပ်ငန်းတွင်ပါဝင်ရန် အစိုးရဌာနမှ စာချုပ်ချုပ်ဆိုထားသော လူတစ်ဦးချင်း စီ၊ အိမ်ထောင်စုတစ်စုစီနှင့် ကျေးလက်အဖွဲ့အစည်းများသို့ ပေးအပ်သွားမည် ဖြစ်သည်။

**အိမ်ထောင်စုများသို့ အခကြေးငွေပေးဝေခြင်း**

PES မှ ရရှိသော အကျိုးအမြတ်များအား ဒေသခံပြည်သူများ ရရှိမှုသေချာစေရန် ဒေသအာဏာပိုင်များသည် ဒေသခံအိမ်ထောင်စုများအား စာချုပ်ချုပ်ဆို၍ ပါဝင်စေခဲ့သည်။ ပျမ်းမျှအားဖြင့် အိမ်ထောင်စုတစ်စုလျှင် သစ်တောဟက်တာ ၂၀ ခန့်အား ထိန်းသိမ်း ကာကွယ်ရန် အစိုးရဌာနများနှင့် စာချုပ်ချုပ်ဆိုထားသည်။ အခကြေးငွေပေးဆောင်ခြင်းမှ အိမ်ထောင်စုတစ်စုသည် တစ်နှစ်လျှင် US$ ၅၀၀ ရရှိခဲ့ပြီး ဝင်ငွေ ၄၀၀% တိုးတက်လာခဲ့သည်။

**ရှေ့ပြေးမှ နိုင်ငံအဆင့်သို့**

Lam Dong ဒေသကဲ့သို့ Son La ဒေသတွင်လည်း PES အား အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် PES မှ အခွန်တော်ငွေပေါင်း ဗီယက်နမ်ဒေါင် ၇၇ ဘီလီယံ (US$၄ သန်း) ရရှိခဲ့သည်။ ၎င်းအနက် ၈၀% အား ဂေဟစနစ်ဝန်ဆောင်မှုများ ထောက်ပံ့ပေးသည့် ဒေသခံများသို့ ပေးအပ်ခဲ့သည်။ Lam Dong နှင့် Son La ဒေသတို့မှ ရရှိသောအတွေ့အကြုံများကို အသုံးပြု၍ PES model များအား ဒေသ ၄၃ ခုတွင် တိုးချဲ့ဆောင်ရွက်နိုင်ခဲ့သည်။ ၎င်းအပေါ်အခြေခံ၍ အစိုးရမှ နိုင်ငံအဆင့် PES ဆိုင်ရာ အမိန့်ဒီဂရီကို ၂၀၁၀ ပြည့်နှစ်၊ ဧပြီလတွင် အတည်ပြုပြဋ္ဌာန်းခဲ့သည် (To နှင့် အဖွဲ့၂၀၁၂)။ နိုင်ငံအနှံ့အပြားတိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ဂေဟစနစ်ဝန်ဆောင်မှုများအပေါ် ပေးဆောင်သည့်အခကြေးငွေ US$ တစ်ဘီလီယံ (သန်း ၁၀၀၀) အထိ ရရှိလာမည်ဟု PES ဆိုင်ရာကျွမ်းကျင်သူမှ ခန့်မှန်းတွက်ချက်ထားသည်။

ဆက်လက်ဖော်ပြပါမည် ➤





မှ ၈၀ အထိနှင့် ပင်စည်မှာ ရင်စို့လုံးပတ် ၆ ပေမှ ၇ပေ အထိကြီးမားသည်။

ပင်စည်များမှာ လုံးချောဖြောင့်တန်းပြီး ကိုင်းတက်လွတ်ပင်စည်မှာလည်း အသင့်အတင့်ရှည်လျားသည်။ မှတ်တမ်းများအရ မြန်မာနိုင်ငံတွင် ရင်စို့လုံးပတ် ၈ ပေထက်ကြီးမားသည့်မဏိသြဃပင်ကိုတွေ့ရှိဖူးပါသည်။ အရွက်များမှာ ဘဲဥပုံရွက်ရိုးရွက်ဆိုင်ဖြစ်ကြပြီး အရွက်အနားများ၌ခွေးသွားစိပ်ပုံစံများလည်းမပါရှိကြပေ။

အရွက်များ၏ အပေါ်မျက်နှာပြင်သည် အစိမ်းပုပ်ရောင်ရှိပြီး အောက်မျက်နှာပြင်မှာ စိမ်းဝါရောင်ဖြစ်သည်။ အရွက်များမှာသားရေကဲ့သို့ မာကျောပျဉ်းတွဲပြီးပြောင်ချောနေသည်။ အခေါက်မှာအသင့်အတင့်ထူပြီး အပြင်အခေါက်မှာ ဖော့ကဲ့သို့ပွနေပြီး ထယ်ရေးကြောင်းများသဖွယ် အက်ကွဲကြောင်းများပါရှိသည်။

အပြင်အခေါက်မှာ မီးခိုးရင့်ရောင်ဖြစ်ပြီး အခေါက်ကို ဓားဖြင့်ခုတ်ကြည့်ပါက အတွင်းအခေါက်မှာပန်းရောင်ဖြစ်သည်။ အတွင်းအခေါက်နှင့် အကာသားကြားရှိ ကမ္ဘီယမ်မှာစိမ်းဝါရောင် သို့မဟုတ် ပန်းနုရောင်ဖြစ်သည်။ လေ သလပ်သွားပါက တဖြည်းဖြည်း လိမ္မော်ညိုရောင်သို့ ပြောင်းသွားပါသည်။

မဏိသြဃပင်များသည် ဒီဇင်ဘာလမှ မတ်လအတွင်းအပွင့်များထွက်ပေါ်လာသည်။ အပွင့်များမှာ စိမ်းဝါနုရောင်ဖြစ်ပြီး လိင်စုံပန်းများဖြစ်ကြသည်။ အပွင့်များမှာ သေးငယ်ပြီးအညှာမဲ့ဖြစ်သည်။ အပွင့်များပွင့်ပြီးနောက် မကြာမီအသီးများထွက်ပေါ်လာပါသည်။ အသီးများမှာ တဖြည်းဖြည်းကြီးလာပြီး မေလနှင့်ဇွန်လအတွင်း ရင့်မှည့်လာကြသည်။ ရင့်မှည့်သည့်အသီးများမှာ အနီရောင် ဖြစ်ပြီးဘောလုံးကဲ့သို့ လုံးပြီးအသားထူသည်။

အသီးတစ်လုံးတွင် အစေ့တစ်စေ့သာပါရှိပြီး အစေ့များမှာ အချင်း၀.၂ မှ ၀.၃လက်မခန့်ရှိပြီး လခြမ်းပုံဖြစ်သည်။ အစေ့အရောင်မှာ နီညိုရောင်ဖြစ်၍ အနည်းငယ်ကြမ်းတမ်းသည်။ အစေ့များမှာ အလေးချိန် တစ်အောင်စလျှင်အစေ့ပေါင်း ၈၄၀ မှ ၉၀၀ အထိပါရှိသည်။

**မျိုးဆက်ခြင်း**

မဏိသြဃအသီးမှည့်များကို ငှက်များ စားသောက်ကြပြီးကိုက်ချီသွားသည့်အတွက် ဓမ္မတာမျိုးဆက်ပြန့်ပွားခြင်းကိုဖြစ်စေပါသည်။ အိန္ဒိယနိုင်ငံဒါရာဒွန်းတွင် မဏိသြဃပင်များကို စမ်းသပ်စိုက်ပျိုးရာ၊ အစေ့များကို တိုက်ရိုက်မြေချစိုက်ပျိုးခြင်းသည် ပေါက်ရောက်အောင်မြင်မှုနည်းပါးပြီး ပျိုးဥယျာဉ်တွင် အပင်ငယ်များပျိုးထောင်ပြီး ရွှေ့ပြောင်းစိုက်ပျိုးရာတွင် လွယ်ကူပြီးအောင်မြင်သည်ကို တွေ့ရှိရသည်။

ရင့်မှည့်လတ်ဆတ်သည့်အသီးများကို စုဆောင်းပြီး မေလနှင့်ဇွန်လအတွင်းပျိုးထောင်ရသည်။ ပျိုးထောင်ရာတွင်ရေမှန်မှန်လောင်းပြီး ပေါင်းရှင်းပေးရန်လိုအပ်ပါသည်။

ပူပြင်းသည့်ရာသီတွင် အရိပ်စင်များပြုလုပ်ပေးရန်လိုသည်။ ၂ နှစ်သားအရွယ်ရှိ ပျိုးပင်များကို မိုးရာသီတွင်ကောင်းစွာစိုက်ပျိုးနိုင်သည်။

အကိုင်းများကိုဖြတ်၍လည်း အပင်ငယ်များကို ပျိုးထောင်နိုင်ပါသည်။ မဏိသြဃစေ့များကို ပျိုးထောင်ရာတွင် ပထမနှစ်တွင်အလွန်အကြီးနှေးသည်ကိုတွေ့ရှိရသည်။ ပထမနှစ်တွင် အမြင့်တစ်လက်မခွဲမှ နှစ်လက်မအထိသာမြင့်ပြီး ဒုတိယနှစ်ကုန်ဆုံးချိန်တွင်အမြင့် ၅ လက်မမှ ၁၄ လက်မအထိမြင့်လာပါသည်။ အပင်များသည် ငယ်ရွယ်စဉ်အခါ ပုရစ်များကိုက်ဖြတ်ဖျက်ဆီးခြင်းကို အများဆုံးခံကြရသည်။ တတိယနှစ်ရောက်လာသည့်အခါ အလွန်အကြီးမြန်လာပြီး အမြင့် ၃ ပေ ၁၁ လက်မအထိ မြင့်လာသည်ကိုတွေ့ရှိရသည်။

မဏိသြဃပင်များသည် အသင့်အတင့်အရိပ်ရသောနေရာမျိုးတွင် ကောင်းစွာဖြစ်ထွန်းကြသည်။ သို့ရာတွင် ရေမှန်မှန်လောင်းပေးရန်နှင့် မြေဆွပေးရန်လိုသည်။ ၎င်းအပင်သည်ရိပ်ခိုပင်များဖြစ်ပြီး ငုတ်တက်ထွက်စွမ်းအားလည်း အလွန်ကောင်းပါသည်။အမြစ်တက်ထွက်စွမ်းလည်းကောင်းသည်။

**သစ်သား**

အပင်များကို ခုတ်လှဲပိုင်းဖြတ်ပြီးနောက် များမကြာမီတွင် သစ်လုံးများအက်ကွဲတတ်သည်။ သစ်သားများမှာ ကျစ်လစ်မာကျောသော်လည်း ပြုပြင်လုပ်ကိုင်ရန်အတွက်လွယ်ကူသည်။ အနှစ်သားအရောင်မှာ နီညိုရောင်ဖြစ်၍ ဖယောင်းမှိုင်းတိုက်ပေးခြင်းအားဖြင့် အရောင်ညိုမှိုင်းလာနိုင်သည်။ သစ်လုံးများကို အချင်းဝက်အလိုက်ခွဲစိတ်ရာ၌ရရှိသောပျဉ်ချပ်များသည် အတန်းလိုက်ထွက်နေသော ငွေရောင်အစင်းများထင်ပေါ်နေသဖြင့် သစ်ခွဲသားမျက်နှာပြင်မှာအလွန်လှပပါသည်။ သစ်ခွဲသားပျဉ်ချပ်များတွင် အကွက်အစက်အပြောက်များပါရှိတတ်သဖြင့် သစ်ခွဲသားများမှာ ပို၍လှပပါသည်။ သို့ရာတွင် အချင်းဝက်အလိုက် ခွဲစိတ်သည့်ပျဉ်များမှာ ဖြက် ၈ လက်မထက်ပို၍မကျယ်ပေ။

မဏိသြဃသားကို ဗီရိုကဲ့သို့အဆက်အစပ်များသော အိမ်အသုံးအဆောင်ပစ္စည်းများနှင့် နေအိမ်ဆောက်လုပ်ရာတွင် ကြမ်းပျဉ်အလှခင်းရန်အတွက်အလွန်ကောင်းသည်။ ကြမ်းခင်းတုံးများပြုလုပ်ရန်အတွက်လည်းကောင်းသည်။ ၎င်းအပြင် မှန်ကူကွက်ပုံများ တပ်ဆင်ရာ၌လည်းကောင်း၊ ဝက်မှင်ဘီးခုံများပြုလုပ်ရာ၌လည်းကောင်း၊အခြားအလှအပအတွက် သစ်သားဖြစ်တန်ဆာဆင်ရာ၌လည်းကောင်း အသုံးဝင်သောသစ်သားဖြစ်သည်။

စာမျက်နှာ (၃၂)သို့ ➤

ယခင်လမှ အဆက်



# သဘာဝတောများစီမံအုပ်ချုပ်မှုဆိုင်ရာ နည်းပညာများ

ရန်မျိုးနိုင် (စီမံကိန်း)

**LEV နှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်မှ ရရှိမည့် ငွေကြေးတို့အား ပေါင်းစည်း၍ Maximize ပြုလုပ်ခြင်း**

Objective function မှာအောက်ပါအတိုင်း ဖြစ်ပါသည်။

$$\max NPV = LEV + qg\left(y_t - \frac{h_t}{2}\right) + \frac{qg\left(y_t - \frac{h_t}{2}\right)}{r} \quad (၄၂)$$

*NPV* မှာ (net present value) ဖြစ်ပြီး သစ်ထုတ်လုပ်ခြင်းနှင့် ကာဗွန်သိုလှောင်ခြင်းတို့မှ ရရှိမည့် အသားတင်ဝင်ငွေဖြစ်ပါသည်။ $r$ မှာ နှစ်စဉ် ငွေအတိုးနှုန်း (interest rate) ဖြစ်ပြီး $q$ မှာ ကာဗွန်ဒိုင် အောက်ဆိုဒ် ($CO_2$)တန်ကြေးငွေ (\$^Mt) (Mt=မက်ထရစ်တန်) ဖြစ်ပါသည်။ $g$ မှာ (row vector) ဖြစ် ပြီး ရင်စို့အချင်း အတန်းအစားအလိုက် ကာဗွန်ဒိုင်အောက်ဆိုဒ် ($CO_2$) ပမာဏ (Mt/tree) ဖြစ်ပါ သည်။ ကာဗွန်ဒိုင်အောက်ဆိုဒ် ပမာဏမှာ ခုတ်ပတ်တစ်ခု(အစနှင့်အဆုံး) အတွင်း ပျမ်းမျှပင်ထောင်အရေအတွက်၏ ပမာဏဖြစ်ပါသည် (ညီမျှခြင်း–၄၂ နှင့် ၄၃)။ ကာဗွန်ဒိုင်အောက်ဆိုဒ်မှာ ခုတ်ပတ်တစ်လျှောက် မျှခြေ အခြေအနေ (neutral state) အမြဲဖြစ်နေပါမည်။ အဘယ့်ကြောင့်ဆိုသော် သစ်ထုတ်လုပ်ခြင်းအား ကြီးထွားမှုအခြေအနေပြညီမျှခြင်း(၃၁)အရ ကြီးထွားမှုမှ ပြန်လည်ဖြည့်ဆည်းသွားမည် ဖြစ်သောကြောင့် ဖြစ်ပါသည်။ ကာဗွန်ဒိုင်အောက်ဆိုဒ်မှ ရရှိမည့်ငွေကြေးမှာ ပထမဆုံးခုတ်ပတ်၏ အစပိုင်းမှစ၍ နှစ်စဉ်ရရှိနေမည့် ငွေကြေးဖြစ်ပါသည်။

$$\max NPV = LEV + qg\left(y_t - \frac{h_t}{2}\right) + \frac{qg\left(y_t - \frac{h_t}{2}\right)}{r} \quad (၄၃)$$

ညီမျှခြင်း (၄၂) တွင် ဖော်ပြပါရှိသော ညီမျှခြင်း(၄၃) အား အောက်ပါအတိုင်း ရှင်းလင်းဖော်ပြအပ်ပါသည်။

$$qg(y_t - h_t + y_{t+p})/2 \quad (၄၄)$$

အထက်ဖော်ပြပါတော၏မျှခြေညီမျှခြင်း(၄၄) အရ $qg(y_t - h_t + y_{t+p})/2$ တွင် $y_t$ အား အစားသွင်း တွက်ချက်ဖြေရှင်းပါက အောက်ပါအတိုင်းရရှိမည်ဖြစ်ပါသည်။

$$qg(y_t - h_t + y_t)/2$$

$$qg(2y_t - h_t)/2$$

$$\frac{2qgy_t - qgh_t}{2}$$

$$\frac{2qgy_t}{2} - \frac{qgh_t}{2}$$

$$qgy_t - \frac{qgh_t}{2}$$

$$qg(y_t - \frac{h_t}{2})$$

ဇယား ၅။ ကာဗွန်ဒိုင်အောက်ဆိုဒ်တန်ဖိုးနှင့် ရင်စို့အချင်း အတန်းအစားအလိုက်ပမာဏ

| ရင်စို့ အချင်း (စင်တီမီတာ) | တန်ဖိုး (တစ်မက်ထရစ်တန် အတွက် ဒေါ်လာ) | ပမာဏ (သစ်တစ်ပင်အတွက် မက်ထရစ်တန်) |
|---|---|---|
| ၁၅ | $q_1$= ၅၀ | $g_1$= ၀.၁၂ |
| ၂၇ | $q_2$= ၅၀ | $g_2$= ၀.၇၉ |
| ၄၀ | $q_3$= ၅၀ | $g_3$= ၁.၉၁ |

(ပုံ–၁၂)တွင် (၅)နှစ် ခုတ်ပတ်အတွက် တော၏ တည်ငြိမ်အခြေအနေမှာ ရင်စို့အချင်းအတန်းအစား (၁) တွင် ၅၅၆.၁ ပင်ရှိပြီး၊ ရင်စို့အချင်းအတန်းအစား(၂)တွင် ၂၂၂.၄ ပင်ရှိပြီး၊ ရင်စို့အချင်းအတန်းအစား(၃) တွင် ၄.၄ ပင်ရှိနေမည်ဖြစ်ပြီး ရင်စို့အချင်းအတန်းအစား(၃) မှ ၄.၄ ပင်အား သစ်ထုတ်လုပ်ရမည် ဖြစ်ပါသည်။ (harvest value)မှာ တစ်ဟက်တာတွင် အမေရိကန်ဒေါ်လာ ၈၉ ဖြစ်ပြီး ခုတ်ပတ်တိုင်း၏အစတိုင်းတွင် ထာဝရရရှိနေမည့် ငွေဖြစ်ပါသည်။ (stock value) မှာ တစ်ဟက်တာတွင် အမေရိကန်ဒေါ်လာ ၂၀၃၅ ဖြစ်ပါမည်။ ပထမဆုံး ခုတ်ပတ်တွင်သာ ရင်းနှီးမြှုပ်နှံရမည့်ငွေဖြစ်ပါသည်။ ကာဗွန်





ဇယား(၂) ဝန်ဆောင်မှုရောင်းချသူနှင့် ဝယ်ယူသူအကြား သဘောတူဆောင်ရွက်ချက်များ

| ရောင်းသူနှင့်ဝယ်သူ | |
|---|---|
| *ရောင်းသူ* | *ဝယ်သူ* |
| ▪ လယ်သမား | ▪ ဗဟို အစိုးရ |
| ▪ ဒေသအစိုးရ | ▪ ပုဂ္ဂလိက ကုမ္ပဏီ |
| ▪ ကျေးလက်အစုအဖွဲ့များ | ▪ အစိုးရဌာနများ |
| ▪ ကျေးရွာ/အိမ်ထောင်စု | ▪ ရေအားလျှပ်စစ် စက်ရုံများ |
| ▪ ရေဝေရေလဲ အထက်ပိုင်းရှိ ကျေးရွာများ | ▪ ရေဝေရေလဲအောက်ပိုင်းရှိ ကျေးရွာများ |
| အခကြေးငွေပေးချေမှုပုံစံ | |
| *ငွေသား* | ***In-kind*** |
| သစ်တော တစ်ဟက်တာအပေါ်တွင် ပေးချေခြင်း<br>သစ်တော ဧရိယာတစ်ခုလုံး အတွက် ပေးချေခြင်း | အခြေခံအဆောက်အဦများ တိုးတက်အောင် ပြုလုပ်ခြင်း၊<br>သင်တန်းများပေးခြင်း၊<br>မျိုးစေ့နှင့်သီးနှံများဖြန့်ဝေခြင်း၊<br>လျှပ်စစ်ဓာတ်အားနှင့် ဆည်ရေမျှဝေခြင်း |
| နှစ်ဦးနှစ်ဖက်သဘောတူ လိုက်နာရမည့် အခြေအနေများ | |
| *ရောင်းသူ* | *ဝယ်သူ* |
| ▪ သဘာဝဝန်းကျင်အပေါ် ထိခိုက်စေသည့် စိုက်ပျိုးရေးစနစ်အား ရပ်နားရခြင်း | ▪ ကာလရှည်စာချုပ်ချုပ်ရခြင်း |
| ▪ သစ်တောထိန်းသိမ်းခြင်းနှင့် တည်ထောင်ခြင်း | |
| ▪ အကြံပြုသည့် စိုက်ပျိုးရေးစနစ်အမျိုးမျိုး ကျင့်သုံးရခြင်း | |

## ၆။ *PWS ကျင့်သုံးခြင်းတွင် ဦးဆောင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဗီယက်နမ်နိုင်ငံ၏ လုပ်ငန်းစဉ်အား လေ့လာခြင်း*

PES ကျင့်သုံးခြင်းတွင် ဦးဆောင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဗီယက်နမ်နိုင်ငံ၏ လုပ်ငန်းစဉ်ကို သစ်တောဦးစီးဌာန၊ သဘာဝဝန်းကျင်နှင့်သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာန၊ ဒေါက်တာနိုင်ဇော်ထွန်း(ညွှန်ကြားရေးမှူး) ၏ REDD+ ဆိုင်ရာသင်တန်းပို့ချချက်မှ လေ့လာကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။ ၂၀၀၈ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၌ အစိုးရ၏ ဒီဂရီ အမှတ် ၃၈၀ ဖြစ်သည့် သစ်တော ဂေဟစနစ်ဝန်ဆောင်မှုများအတွက် အခကြေးငွေပေးဆောင်ခြင်းဆိုင်ရာ PES ရှေ့ပြေးမူဝါဒဖြစ်သည့် ဒီဂရီအမှတ် ၃၈၀ အား အလယ်ပိုင်းကုန်းမြင့်ဒေသရှိ Lam Dong နှင့် မြောက်ပိုင်းရှိ Son La တို့တွင် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ PES ရှေ့ပြေးလုပ်ငန်းဆောင်ရွက်ခြင်းကို နိုင်ငံတကာအဖွဲ့အစည်းများမှ ပါဝင်ကူညီခဲ့ပြီး အဓိကအဖွဲ့များမှာ USAID နှင့် German Agency for International Cooperation (GIZ) တို့ဖြစ်သည်။

Lam Dong ဒေသသည် Dong Nai မြစ်ဝှမ်းဒေသ၏အထက်ပိုင်းတွင်တည်ရှိပြီး ၆၀% အား သစ်တောဖုံးလွှမ်းလျက်ရှိကာ Dong Nai မြစ်အတွက် အရေးပါသည့် ဒေသဖြစ်သည်။ Lam Dong ဒေသရှိ ခရိုင် (၂) ခုအနက် (၁) ခုအား PWS ရှေ့ပြေးလုပ်ငန်းစဉ်အတွက် ရွေးချယ်ကာ ရေဝေရေလဲသစ်တော ဟက်တာ ၁၀၄,၀၀၀ ကို ထိန်းသိမ်းလျက်ရှိသည့် အိမ်ထောင်စု ၃,၄၀၀ အား ရေဝေရေလဲသစ်တောဝန်ဆောင်မှုများအတွက် အခကြေးငွေပေးဆောင်ခြင်း PWS လုပ်ငန်းစဉ်တွင် ပါဝင်စေခဲ့သည်။

ဒီဂရီအမှတ် ၃၈၀ အား အကောင်အထည်ဖော်ရန် Lam Dong အာဏာပိုင်များသည် ဂေဟစနစ်ဝန်ဆောင်မှုများ၏ စီပွားရေးတန်ဖိုးအား သတ်မှတ်ခြင်း၊ ရောင်းသူနှင့်ဝယ်သူ ခွဲခြားသတ်မှတ်ခြင်း၊ အခကြေးငွေပေးဝေခြင်းအတွက် အဖွဲ့သတ်မှတ်ခြင်း တို့ကို ပြုလုပ်ခဲ့သည်။

သစ်တောဟက်တာ ၅၁၆,၈၀၀ ခန့်အားဂေဟစနစ်ဝန်ဆောင်မှုထောက်ပံ့ခြင်းအတွက်အရေးပါသည်ဟု သတ်မှတ်ခဲ့သည်။ ရေထိန်းသိမ်းခြင်း၊ မြေဆီလွှာထိန်းသိမ်းခြင်းနှင့် တောတောင်ရေမြေရှုခင်းထိန်းသိမ်းခြင်းတို့အား ၎င်းသစ်တောများ၏ အရေးပါသော ဝန်ဆောင်မှုများအဖြစ်သတ်မှတ်ပြီး ငွေကြေးတန်ဖိုးများဖြင့် တိုင်းတာသတ်မှတ်ခဲ့သည်။ အခြားသော ဝန်ဆောင်မှုများဖြစ်သည့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းကာကွယ်ခြင်းနှင့် ကာဗွန်စုပ်ယူခြင်းတို့အား ဤရှေ့ပြေးအဆင့်တွင် ထည့်သွင်းခြင်း မပြုခဲ့ပါ။

ရေဝေရေလဲဒေသ (၃)ခု အား ရှေ့ပြေးစီမံကိန်းနေရာများအဖြစ် သတ်မှတ်ပြီး၊ ၎င်းဒေသများသည် ရေအားလျှပ်စစ်ဓာတ်စက်ရုံ (၂)ရုံ ရေသွယ်ယူဖြန့်ဖြူးသည့် အဖွဲ့အစည်း(၁)ခုနှင့် ခရီးသွားလုပ်ငန်းကုမ္ပဏီ (၁)ခု စသောအဖွဲ့အစည်း(၄)ခုအတွက် ဂေဟစနစ်ဝန်ဆောင်မှုများအားထောက်ပံ့ပေးသည်။

**အခကြေးငွေများတွက်ချက်ခြင်း**

ဒီဂရီအမှတ် ၃၈၀ အား အကောင်အထည်ဖော်သည့် လုပ်ငန်းများအနက်တစ်ခုမှာ အခကြေးငွေများ တွက်ချက်ခြင်းဖြစ်သည်။ ဂေဟစနစ်ဝန်ဆောင်မှုများအပေါ် အခကြေးငွေများမည်မျှပေးရမည်ကို သတ်မှတ် ပြဋ္ဌာန်းချက်မရှိသောကြောင့် စာအုပ်စာတမ်းများစွာအား ကိုးကားခဲ့ရပြီး နိုင်ငံတကာအဖွဲ့အစည်းများမှလည်း အကူအညီပေးခဲ့သည်။ အခကြေးငွေများ မည်မျှပေးရမည်ကို သတ်မှတ်သည့် အဖွဲ့အား စိုက်ပျိုးရေးနှင့်ကျေးလက်

| | | | | |
|---|---|---|---|---|
| *ဖိလစ်ပိုင်* | | | | |
| ၈။ ရေဝေရေလဲဒေသကာကွယ်ခြင်း | ဆောင်ရွက်ဆဲ | **ရောင်းသူ:** ဒေသအစိုးရ<br>**ဝယ်သူ:** ပုဂ္ဂလိကကုမ္ပဏီ | **ငွေသား**<br>အခွန်တော်ငွေ၏ ၁% | |
| ၉။ Mt. Kanlaon အမျိုးသားဥယျာဉ် | ဆောင်ရွက်ဆဲ | **ရောင်းသူ:** ရေဝေရေလဲ အထက်ပိုင်းရှိ လယ်သမားများ<br>**ဝယ်သူ:** ပုဂ္ဂလိကရေသန့် ကုမ္ပဏီ | **ငွေသားနှင့်In-kind**<br>အခြေခံအဆောက်အဦများ တိုးတက်အောင်ပြုလုပ်ခြင်း | သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း၊ |
| ၁၀။ ရေဝေရေလဲ ဒေသကာကွယ်ခြင်း | အဆိုပြု | **ရောင်းသူ:** ကျေးရွာများ<br>**ဝယ်သူ:** ရေအားလျှပ်စစ်စက်ရုံ | ညှိနှိုင်းဆဲ | |
| *နီပေါ* | | | | |
| ၁၁။ ရေဝေရေလဲ ဒေသကာကွယ်ခြင်း | ၂၀၀၃-လက်ရှိ | **ရောင်းသူ:** ကျေးရွာများ<br>**ဝယ်သူ:** ရေအားလျှပ်စစ်စက်ရုံ | **ငွေသား**<br>US$ ၅၅၀၀၀/ yr | ထိန်းသိမ်းကာကွယ်ခြင်း၊ |
| *အိန္ဒိယ* | | | | |
| ၁၃။ ရေဝေရေလဲ ဒေသကာကွယ်ခြင်း | ၁၉၈၀ပြည့်နှစ်မှစတင်သည်။ | **ရောင်းသူ:** ကျေးရွာများ<br>**ဝယ်သူ:** ရေဝေရေလဲ အောက်ပိုင်းကျေးရွာများ | **In-kind**<br>ဆည်ရေမျှဝေခြင်း | |
| ၁၄။ ရေဝေရေလဲ ဒေသကာကွယ်ခြင်း | ၁၉၉၀ပြည့်နှစ်မှစတင်သည်။ | **ရောင်းသူ:** ကျေးရွာများ<br>**ဝယ်သူ:** ရေဝေရေလဲ အောက်ပိုင်း ကျေးရွာများ | **In-kind**<br>ဆည်ရေမျှဝေခြင်း | |
| *ဗီယက်နမ်* | | | | |
| ၁၅။ သစ်တော ပြန်လည် တည်ထောင်ခြင်း | ၁၉၉၃-၁၉၉၈ | **ရောင်းသူ:** တစ်အိမ်ထောင်ချင်း နှင့် ကျေးရွာများ<br>**ဝယ်သူ:** နိုင်ငံသစ်တောဌာန | **ငွေသားနှင့်In-kind**<br>သင်တန်းများပေးခြင်း သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ ထုတ်ယူခွင့်ပြုခြင်း | တည်ရှိသော သစ်တောများ အား ထိန်းသိမ်းခြင်းနှင့် အသစ်စိုက်ပျိုးခြင်း၊ |
| ၁၆။ သစ်တောပြန် လည် တည်ထောင်ခြင်း (ဟက်တာ ၅ သန်း) | ၁၉၉၃-လက်ရှိ | **ရောင်းသူ:** တစ်အိမ်ထောင်ချင်းနှင့် ကျေးရွာများ<br>**ဝယ်သူ:** နိုင်ငံသစ်တောဌာန | **ငွေသား**<br>တစ်ဦးချင်းအတွက် US$ ၃.၃/ha/yr အဖွဲ့အလိုက်အား ပိုမိုထောက်ပံ့ပေး<br>**In-kind**<br>အခြေခံအဆောက်အဦများ တိုးတက်အောင်ပြုလုပ်ခြင်း | တည်ရှိသော သစ်တောများ အား ထိန်းသိမ်းခြင်း နှင့် အသစ်စိုက်ပျိုးခြင်း (၅ နှစ်သက်တမ်းစီဖြင့်)၊ |

**အာရှနိုင်ငံများ၏ PWS မှ ဝန်ဆောင်မှုရောင်းချသူနှင့် ဝယ်ယူသူအကြား သဘောတူဆောင်ရွက်ချက်များ**

အာရှနိုင်ငံများတွင် ကျင့်သုံးသော PWS များမှ ရောင်းသူနှင့်ဝယ်သူ၊ အခကြေးငွေပေးချေမှုပုံစံနှင့် နှစ်ဦးနှစ်ဖက်သဘောတူလိုက်နာရမည့် အခြေအနေများအား အောက်ပါဇယား(၂) အတိုင်း အကျဉ်းချုပ်သုံးသပ်နိုင်ပါသည်-






ဒိုင်အောက်ဆိုဒ်မှရရှိမည့်ငွေမှာ တစ်ဟက်တာတွင် အမေရိကန်ဒေါ်လာ ၁၂၃၃၅.၉ ရရှိမည်ဖြစ်ပြီး ခုတ်ပတ်တိုင်း၏အစပိုင်းတိုင်းတွင် ထာဝစဉ်ရရှိမည့်ငွေဖြစ်ပါသည်။ *NPV* မှာ တစ်ဟက်တာတွင် အမေရိကန်ဒေါ်လာ ၂၅၇၄၂၉.၇ ဖြစ်ပါသည်။ ဤနေရာတွင် *NPV* မှာ သစ်ထုတ်ခြင်းနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်သိုလှောင်ခြင်းတို့မှရရှိသည့် အသားတင်ငွေကြေးတန်ဖိုးများဖြစ်ပါသည်။ *LEV* မှာ သစ်ထုတ်ခြင်းသက်သက်မှရ ရှိသည့် အသားတင်ငွေတန်ဖိုးသီးသန့်ဖြစ်ပါသည်။ ခုတ်ပတ်ကာလ(၅)နှစ်အတွက် *LEV* သီးသန့်ခန့်မှန်းချက်မှာ တစ်ဟက်တာတွင် အမေရိကန်ဒေါ်လာ ၁၁၆၉ ဖြစ်ပြီး တစ်ဟက်တာအတွင်း ရင်စို့အချင်းအတန်းအစား (၂) မှ ၅၄.၅ ပင်အား ခုတ်လှဲနိုင်ပါသည် (ပုံ -၁၁) ။ *NPV* နှင့် *LEV* တို့၏ နှိုင်းယှဉ်ချက်အရ တစ်ဟက်တာတွင် အမေရိကန်ဒေါ်လာ ၂၅၆၂၆၀.၇ (၂၅၇၄၂၉.၇-၁၁၆၉) ကွာခြားချက်ရှိပါသည်။ သစ်တောပညာရှင်အနေဖြင့် မိမိနှစ်သက်ရာ စီမံအုပ်ချုပ်မှုနည်းစနစ် (Management regime) အား ရွေးချယ်ရန်သာဖြစ်ပါသည်။

| | A | B | C | D | E | F |
|---|---|---|---|---|---|---|
| 1 | MAX NET PRESENT VALUE, 5 YEAR CYCLE | | | | | |
| 2 | | | Stock | | | |
| 3 | Size | $y_t$ | Price($) for $CO_2$ | $y_{t+1}$ | $CO_2$ Content | Total value |
| 4 | class | (trees/ha) | per Mt | (trees/ha) | Mt/tree | for $CO_2$( $/tree) |
| 5 | 1 | 556.1 | 50.0 | 556.1 | 0.12 | 6 |
| 6 | 2 | 222.4 | 50.0 | 222.4 | 0.79 | 39.5 |
| 7 | 3 | 4.4 | 50.0 | 4.4 | 1.91 | 95.5 |
| 8 | | | Harvest | | | |
| 9 | Size | $h_t$ | Value | | Total value | |
| 10 | class | (trees/ha) | ($/tree) | $y_t$-$h_t$/2 | for $CO_2$( $/ha) | |
| 11 | 1 | 0.0 | **0.30** | 556.1 | 3336.7 | |
| 12 | 2 | 0.0 | **8.00** | 222.4 | 8786.7 | |
| 13 | 3 | 4.4 | **20.00** | 2.2 | 212.4 | |
| 14 | | Harvest value: | 89 | ($/ha) | Total ($/ha) | Present Value |
| 15 | | Forest value: | 411 | ($/ha) | 12335.9 | for CO2( $/ha) |
| 16 | | Stock value: | 2035 | ($/ha) | | 259054.1 |
| 17 | max | NPV: | 257429.7 | ($/ha) | | |
| 18 | | | | | | |
| 19 | | | *Key cell formulas* | | | |
| 20 | *Cell* | *Formula* | | | | |
| 21 | D5 | = 0.92*(B5-B11)-0.29*(B6-B12)-0.96*(B7-B13)+109 | | | | |
| 22 | D6 | =0.04*(B5-B11)+0.90*(B6-B12) | | | | |
| 23 | D7 | =0.02*(B6-B12)+0.90*(B7-B13) | | | | |
| 24 | C14 | =SUMPRODUCT(C11:C13,B11:B13) | | | | |
| 25 | C15 | =C14+C14/((1.05)^5-1) | | | | |
| 26 | C16 | =SUMPRODUCT(C11:C13,B5:B7) | | | | |
| 27 | C17 | =C15-C16+E15 | | | | |
| 28 | F5 | =C5*E5 | | | | |
| 29 | F6 | =C6*E6 | | | | |
| 30 | F7 | =C7*E7 | | | | |
| 31 | D11 | =B5-B11/2 | | | | |
| 32 | D12 | =B6-B12/2 | | | | |
| 33 | D13 | =B7-B13/2 | | | | |
| 34 | E11 | =F5*D11 | | | | |
| 35 | E12 | =F6*D12 | | | | |
| 36 | E13 | =F7*D13 | | | | |
| 37 | E15 | =SUM(E11:E13) | | | | |
| 38 | F16 | =E15+(E15/0.05) | | | | |

ပုံ -၁၂။ Net Present Value အား Maximize ပြုလုပ်ခြင်းအတွက် Spreadsheet

| | A | B | C | D | E |
|---|---|---|---|---|---|
| 1 | MAX LAND EXPECTATION VALUE, 5 YEAR CYCLE | | | | |
| 2 | | | Stock | | |
| 3 | Size | $y_t$ | | $y_{t+1}$ | |
| 4 | class | (trees/ha) | | (trees/ha) | |
| 5 | 1 | 1362.5 | | 1362.5 | |
| 6 | 2 | 54.5 | | 54.5 | |
| 7 | 3 | 0.0 | | 0.0 | |
| 8 | | | Harvest | | |
| 9 | Size | $h_t$ | Value | | |
| 10 | class | (trees/ha) | ($/tree) | | |
| 11 | 1 | 0.0 | **0.30** | | |
| 12 | 2 | 54.5 | **8.00** | | |
| 13 | 3 | 0.0 | **20.00** | | |
| 14 | | Harvest value: | 436 | ($/ha) | |
| 15 | | Forest value: | 2014 | ($/ha) | |
| 16 | | Stock value: | 845 | ($/ha) | |
| 17 | max | LEV: | 1169 | ($/ha) | |
| 18 | | | | | |
| 19 | | | *Key cell formulas* | | |
| 20 | *Cell* | *Formula* | | | |
| 21 | D5 | =0.92*(B5-B11)-0.29*(B6-B12)-0.96*(B7-B13)+109 | | | |
| 22 | D6 | =0.04*(B5-B11)+0.90*(B6-B12) | | | |
| 23 | D7 | =0.02*(B6-B12)+0.90*(B7-B13) | | | |
| 24 | C14 | =SUMPRODUCT(C11:C13,B11:B13) | | | |
| 25 | C15 | =C14+C14/((1.05)^5-1) | | | |
| 26 | C16 | =SUMPRODUCT(C11:C13,B5:B7) | | | |
| 27 | C17 | =C15-C16 | | | |

ပုံ-၁၁။ Land Expectation Value အား Maximize ပြုလုပ်ခြင်းအတွက် Spreadsheet (ခုတ်ပတ် ၅နှစ်)




ပုံ-၁၃။ Solver Parameters များအားဖော်ပြခြင်း

**ပုံသေအချိုးအစားဖြင့် သစ်ထုတ်လုပ်ခြင်း နည်းစနစ် (Fixed-Proportion Harvesting Regimes)**

ဤနည်းစနစ်ဖြင့် သစ်ထုတ်ရန် အောက်ပါ ညီမျှခြင်း (၄၅) အတိုင်းဆောင်ရွက်ရပါမည်။

$$y_i^* = (I - G^x + G^x H)^{-1} \sum_{s=0}^{x-1} G^s c \qquad (၄၅)$$

ဤနေရာတွင် $y_i^*$ = **တည်ငြိမ်အခြေအနေရှိ ပင်ထောင်များ (equilibrium growing stock)**

$I$ = **indentity matrix**

$H$ = **diagonal matrix**

$x$ = **ခုတ်ပတ်ကာလအား တွက်ယူရန် ကိန်းပြည့် (integer to calculate cutting cycle length (1,2,…,$n$))**

ခုတ်ပတ်ကာလအားတွက်ယူရန် x အား (၅) ဖြင့် မြှောက်ရပါမည်။ အဘယ်ကြောင့်ဆိုသော် အမြဲတမ်းနမူနာကွက်များမှတိုင်းတာခဲ့သော အချိန်ကာလအပိုင်းအခြားမှာ (၅) နှစ်ဖြစ်ခြင်းကြောင့် ဖြစ်ပါသည်။

ဥပမာအားဖြင့် အောက်ပါအတိုင်းဖြစ်ပါသည်။

x = 1, 1 x 5 = 5 year cutting cycle

x = 2, 2 x 5 = 10 year cutting cycle

ထို့ကြောင့် 5x year cutting cycle ဖြစ်ပါမည်။

Matrix H မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

$$H = \begin{bmatrix} \alpha_1 & & & & & \\ & \alpha_2 & & & & \\ & & \ddots & & & \\ & & & \alpha_f & & \\ & & & & \ddots & \\ & & & & & \alpha_m \end{bmatrix}$$

ဤနေရာတွင် $\alpha_i$ = **ရင်စို့အချင်းအတန်းအစား $i$ ရှိ အချိန်ကာလ(၅)နှစ်အတွင်း သစ်ထုတ်လုပ်မည့် ပင်ထောင်အချိုးအစား (the fraction of trees in diameter class $i$ which should be harvested during 5 year time interval)**

အထက်ပါ (matrix)တွင် အထူးအနေဖြင့် အောက်ပါအခြေအနေ နှစ်ခုရှိပါသည်။

$$\alpha_i = 1 \text{ for } i \geq f$$
$$\alpha_i = 0 \text{ otherwise}$$

ပထမအခြေအနေမှာ သတ်မှတ်ထားသော ရင်စို့အချင်းအတန်းအစားနှင့် ၎င်းထက်ပို၍ မြင့်သော ရင်စို့ အချင်းအတန်းအစားများတွင်ရှိသော ပင်ထောင်အားလုံးအား သစ်ထုတ်လုပ်ခြင်းဖြစ်ပါသည်။ ဒုတိယအခြေအနေမှာ သတ်မှတ်ထားသော ရင်စို့အချင်းအတန်းအစားတွင်ရှိသော ပင်ထောင်များအား လုံးဝသစ်မထုတ်သည့်အခြေအနေဖြစ်ပါသည်။

**ဆက်လက်ဖော်ပြပါမည်** ➤





**ယခင်လမှအဆက်**




# ရေဝေရေလဲဒေသဝန်ဆောင်မှုများအပေါ် အခကြေးငွေပေးဆောင်ခြင်း (၃)

## (Payment for Watershed Services)

**တိုးအောင်**

### ၅။ *အာရှနိုင်ငံများတွင် PWS လက်တွေ့ကျင့်သုံးမှုများ*

အာရှနိုင်ငံများတွင် လက်တွေ့ကျင့်သုံးလျက်ရှိသည့် PWS ကိုအောက်ပါဇယား(၁)ဖြင့် ဖော်ပြအပ်ပါသည်။

**ဇယား(၁) အာရှနိုင်ငံများတွင်** PWS**လက်တွေ့ကျင့်သုံးမှုများ**

| လုပ်ငန်း | ကာလ | ရောင်းသူ/ဝယ်သူ | အခကြေးငွေပေးခြင်း | အခြေအနေ |
|---|---|---|---|---|
| *တရုတ်* | | | | |
| ၁။ တောင်စောင်း များ ထိန်းသိမ်း ကာကွယ်ခြင်း | ၁၉၉၉ - လက်ရှိ | **ရောင်းသူ:** လယ်သမား **ဝယ်သူ:** ဗဟိုအစိုးရ | **ငွေသား** US$ ၃၆၃/ha/yr **In-kind** မျိုးစေ့ နှင့် သီးနှံများ | တောင်စောင်းများတွင် သီးနှံ စိုက်ပျိုးခြင်းအား အနားပေး ခြင်း၊ |
| ၂။ သစ်တောဂေဟစနစ် ဝန်ဆောင်မှုအတွက် လျော်ကြေးပေးခြင်း ရန်ပုံငွေ အစီအစဉ် | ၂၀၀၁ - လက်ရှိ | **ရောင်းသူ:** လယ်သမား **ဝယ်သူ:** ဗဟိုအစိုးရ | **ငွေသား** US$ ၉/ha/yr | တည်ရှိနေသော သစ်တောများ အား ထိန်းသိမ်းကာကွယ် ခြင်း၊ |
| *အင်ဒိုနီးရှား* | | | | |
| ၃။ ရေဝေရေလဲ ဒေသ ကာကွယ်ခြင်း | ၂၀၀၈ - လက်ရှိ | **ရောင်းသူ:** ခရိုင်အစိုးရ **ဝယ်သူ:** ပုဂ္ဂလိက ရေသန့် ကုမ္ပဏီ နှင့် ခရီးသွား လုပ်ငန်းများ | **ငွေသား** US$ ၂၉၇၀၀၀/yr | ခရိုင်အစိုးရမှ ကုမ္ပဏီများအား အခွန်တော်ငွေ ကောက်ခံပြီး ၇၅% အား ရေဝေရေလဲဒေသ အထက်ပိုင်း ထိန်းသိမ်းရေးတွင် အသုံးပြုခြင်း၊ |
| ၄။ ရေကန်ထိန်းသိမ်း ကာကွယ်ခြင်း | ၁၉၈၅ - လက်ရှိ | **ရောင်းသူ:** ခရိုင်အစိုးရ **ဝယ်သူ:**ပုဂ္ဂလိက ကုမ္ပဏီများ | **ငွေသား** ၂၀၀၂ ခုနှစ်တွင် US$ ၅သန်း | |
| ၅။ မြစ်ကြောင်းထိန်း သိမ်းရေး အစီအစဉ် | ၂၀၀၆ ခုနှစ် တွင်စတင် သည် | **ရောင်းသူ:** လယ်သမား အဖွဲ့ **ဝယ်သူ:** ပုဂ္ဂလိက ကုမ္ပဏီ | **ငွေသား** ၂၀၀၇ ခုနှစ်တွင် US$ ၂၅၀ | မြစ်ထဲသို့ နုန်းအနည်ကျမှု ဖြစ်စေသည့် လုပ်ငန်းများ ဆောင်ရွက်ခြင်း မပြုရန်၊ |
| ၆။ ရေဝေရေလဲဒေသ ကာကွယ်ခြင်း | ၂၀၀၄- လက်ရှိ | **ရောင်းသူ:** ကျေးလက် အစုအဖွဲ့ **ဝယ်သူ:** နိုင်ငံပိုင်သစ် တောဌာန၊ နိုင်ငံပိုင်ရေ အားလျှပ်စစ်ဌာန | **In-kind** မြေအငှားချခြင်း | အကြံပြုသည့် စိုက်ပျိုးခြင်း နည်းအား ကျင့်သုံးခြင်းနှင့် တည်ရှိသော သစ်တောများအား ထိန်းသိမ်းခြင်း၊ |
| ၇။ ရေဝေရေလဲဒေသကာ ကွယ်ခြင်း | ဆောင်ရွက်ဆဲ | **ရောင်းသူ:** ရေဝေရေလဲ အထက်ပိုင်း ကျေးရွာ များ **ဝယ်သူ:** ပုဂ္ဂလိက ကုမ္ပဏီ | **ငွေသား** US$ ၃၈၀/ha/yr | သစ်တောဖုံးလွှမ်းမှုအား ထိန်းသိမ်းခြင်း၊ |